www.burmeseclassic.com

two cats PUBLICATION
မောင်မျိုး
စီစဉ်သည်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်
၅၀၀၅၅၉၀၆၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၄၄၀၆၀၆

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀ ကျပ်
မျက်နှာဖုံး – နေမျိုးဆေး


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ကြောင်စုန်းတစ်ကောင်၏ ဦးခေါင်းနှင့် လူ့ခန္ဓာကိုယ်တို့ကို ဂမ္ဘီရဆန်ဆန်ပေါင်းစပ်ထားသည့် ခြောက်လက်မအမြင့်ရှိ အရုပ်ကလေးတစ်ရုပ်ကြောင့် ဒီလိုအဖြစ်ဆိုးတွေ ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။

ထိုအရုပ်ကလေးကို ခေါင်းရင်းဘက်ခြံတွင် နေထိုင်သော လူထူးလူဆန်း သိုက်ဆရာတစ်ယောက်ထံမှ ကျွန်တော်က မိုက်မဲစွာဖြင့် ခိုးယူလာခဲ့မိခြင်း ဖြစ်သည်။

အဲဒီလူအကြောင်းက စပြီး ပြောပြရမည်ဆိုလျှင်...။

■



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်က… ဦးပြည်စိုး…

ကျွန်တော်တို့အိမ်ခေါင်းရင်းက ခြံကို ထိုလူ စပြီးပြောင်းလာကတည်းက ကျွန်တော် မသင်္ကာဖြစ်မိသည်။ သူ ထိုအိမ်ကိုရောက်သည့်နေ့မှ စ၍ တစ်အိမ်လုံးကို အမဲရောင်လိုက်ကာစများဖြင့် ကာထားသည်။ ခြံစည်းရိုးဝင်းတိုင်နှစ်ခုကိုလည်း အမြင့်ကြီးပြင်၍ ခတ်လိုက်သည်။ (သို့သော် ကျွန်တော့်အတွက် တစ်ခု ကံကောင်းသည်မှာ ကျွန်တော်တို့ခြံထောင့်တွင်ရှိသော ပိတောက်ပင်မှ အကိုင်းတစ်ကိုင်းသည် သူ့ခြံထဲသို့ လွယ်လင့်တကူ ခိုးဝင်နိုင်လောက်အောင် ညွတ်ကိုင်းကျနေသည်ကို သူ သတိမထားမိခဲ့ခြင်းဖြစ်၏)

ညဘက် ညဘက်များတွင် အနက်ရောင်လိုက်ကာစနောက်ကွယ်မှ မီးရောင်သဲ့သဲ့ကို မြင်နေရခြင်းကြောင့် သူ တစ်ညလုံး မအိပ်စက်ပဲ တစ်ခုခု လုပ်နေမှန်း သိသာသည်။

ရံဖန်ရံခါ မနက်ခင်း လမ်းလျှောက်ထွက်ရင်း သူနှင့် ဆုံမိသည့်အခါ သူက ကျွန်တော့်ကို အိမ်နီးချင်းအဖြစ် အသိအမှတ်ပြုသည့်သဘောဖြင့် ခေါင်းညိတ်ပြုံးပြကာ နှုတ်ဆက်တတ်၏။

ကျောင်းနှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူ့ကို...

"ဦးလေးက ဘာအလုပ် လုပ်သလဲ"

ဟု မေးကြည့်သည့်အခါ သူက...

"ရုပ်ရှင်ရိုက်ကွင်းတွေအတွက် စပယ်ရှယ်အဖက် (Special Eff-ect) လို့ ခေါ်တဲ့ အထူးပြုလုပ်ချက်တွေ၊ ကြောက်စရာကောင်းတဲ့ မိတ်ကပ်အပြင်အဆင်တွေ၊ ထူးထူးဆန်းဆန်း ဆက်တင်တွေ ဆောက်ပေးရတဲ့အလုပ်ပါကွာ"

ဟု ဖြေ၏။ ကျွန်တော်ကတော့ မယုံပါ။ အဲဒီလိုအလုပ်မျိုး လုပ်ကိုင်သူတစ်ယောက်အနေနှင့် ကျွန်တော်တို့မြို့ကလေးမှာ လာပြီးနေထိုင်စရာအကြောင်းမရှိ။ ပြီးတော့ သူ နေထိုင်သုံးစွဲနေသည့် ချမ်းသာကြွယ်ဝမှုမျိုးလည်း ရှိနိုင်လိမ့်မည် မဟုတ်ပါ။

ကျွန်တော်က သူ့လက်ထဲတွင် ကိုင်ထားသည့် အရိုးခေါင်းပုံသဏ္ဌာန်ထွင်းထုထားသော ငွေရိုးတပ်လက်ကိုင်တုတ်ကို တစ်ချက်ကြည့်လိုက်ပြီး...

"ကျွန်တော်လည်း ရုပ်ရှင်ဆက်တင်တွေ ဘာတွေ ဘယ်လိုလုပ်ရသလဲဆိုတာ သိပ်သိချင်တာပဲ၊ ဦးလေးအိမ်ကို ကျွန်တော် တစ်ရက်လောက်လာလည်လို့ ရမလား"

ဟု ပြောလိုက်သောအခါ သူ အနည်းငယ်မျက်နှာပျက်သွားပြီး...

"အေး... အေးပါကွာ၊ နောက်တော့ ခေါ်ပါ့မယ်"

သို့သော် သူ့ထံမှ ဖိတ်ကြားချက်က ဘယ်သောအခါမှ ရောက်လာခြင်း မရှိခဲ့ပါချေ။

*



BURMESE CLASSIC .com



ဒီညတော့ သူ့အိမ်ထဲသို့ ကျွန်တော်ခိုးဝင်ဖို့ ဆုံးဖြတ်လိုက်သည်။ ညဆယ့်တစ်နာရီကျော်သောအခါ ခြံထောင့်မှ ပိတောက်ပင်ပေါ်သို့ တက်ပြီး အကိုင်းမှ တစ်ဆင့် ခိုကာ တစ်ဖက်ခြံထဲသို့ ခုန်ချလိုက်သည်။ ထို့နောက် အိမ်နောက်ဖေးတံခါးဆီသို့ ပြေးကပ်လိုက်သည်။

တံခါးကို တွန်းကြည့်လိုက်သည်။ မင်းတုတ်ချမထားသောကြောင့် လွယ်လင့်တကူပွင့်ဟသွားသည်။ အစတုန်းကတော့ အပြင်ဘက်မှ ချောင်းကြည့်ရုံလောက်သာ ရည်ရွယ်ထားသော်လည်း အလွယ်တကူနှင့် တံခါးပွင့်သွားသည်ကို တွေ့ရသောအခါ အထဲသို့ ဝင်ကြည့်ချင်စိတ်ပေါ်လာသည်။

သတိကြီးစွာထားပြီး အိမ်ထဲသို့ တစ်လှမ်းချင်း ဝင်လာခဲ့သည်။

အခန်းထဲတွင် မီးခိုးငွေ့များဖြင့် မှုန်မှိုင်းနေ၏။ အမျိုးအမည်မသိသော အမွှေးတိုင်အနံ့ကလည်း စိတ်ညစ်ညူးဖွယ် ရီဝေစေလေသည်။

ကြမ်းပြင်ပေါ်တွင် အာရေဗျ ဘာသာစကားဖြင့် ရေးသွင်းထားသည့် ဂမ္ဘီရအင်းကွက်တစ်ခုကို တွေ့ရသည်။ အင်း၏ ညာဖက်ထောင့်တွင် သွေးသံရဲရဲနှင့် ယုန်ခြေထောက်အပြတ်တစ်ဖက်ကို ချထား၏။ (မှော်ဆရာများက ယုန်ခြေထောက်ကို သူတို့အတွက် ကံကောင်းစေသောအဆောင်ဟု ယူဆကြသည် မဟုတ်လား)

အင်းကွက်၏ အခြားထောင့်သုံးထောင့်မှာတော့ မီးထွန်းညှိထားသော ဖယောင်းတိုင်တစ်တိုင်၊ ကြက်ခြေခတ်ယှက်ထားသော ဓားနှင့်လှက်၊ သွေးများဖြင့်ပြည့်နေသော ဇလုံတစ်လုံးတို့ကို ချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းကွက်၏ အလယ်တည့်တည့်မှာတော့ လူဦးခေါင်းခွံရိုး တစ်လုံး...။

ငါထင်တာတော့ မှန်နေပြီ ဟု ကျွန်တော့်စိတ်ထဲတွင် ချောက်ချားစွာ တွေးလိုက်မိသည်။

အိမ်ထဲတွင် ဒီလို ဂမ္ဘီရအစီအရင်များ ပြုလုပ်ထားသူတစ်ယောက်သည် မှော်ဆရာ၊ သိုက်ဆရာတစ်ဦးသာလျှင် ဖြစ်ပေလိမ့်မည်။

လက်ဝဲဘက်ရှိ နံရံဆီသို့ ကျွန်တော် လှည့်ကြည့်လိုက်သည်။ နံရံကပ်စင်တစ်ခုနှင့် နံရံအောက်ခြေ ကြမ်းပြင်ပေါ်တွင် ချထားသောရှေးဟောင်းသေတ္တာကြီးတစ်လုံးကို တွေ့ရသည်။ သေတ္တာအဖုံး ဖုံးမထား။ အထဲတွင် ရွှေပိန်းချထားသော ပေပုရပိုဒ်ချပ်များကို တွေ့ရ၏။ ဂမ္ဘီရအင်းကွက်များလည်း ပါသည်။

နံရံကပ်စင်ပေါ်သို့ ကြည့်လိုက်သောအခါတွင်ကား အရွယ်အစားမျိုးစုံရှိသော ပုလင်းများကို အစီအရီတင်ထား၏။ ထိုပုလင်းများထဲတွင် မြွေပွေး၊ မြွေဟောက်၊ ငန်းတော်ကြားနှင့် ကင်းမြီးကောက်အကောင်မျိုးစုံတို့ကို ဆေးစိမ်ထား၏။

ထိုပုလင်းများ၏အထက်က စင်ပေါ်၌ကား ဗူဒူး (VOODOO) ဟု ခေါ်သည့် အာဖရိက တိုင်းရင်းသားရိုးရာမှော်ပညာဖြင့် စီရင်ထားသည့် အရုပ်များကို တွေ့ရသည်။

အစွန်ဆုံးမှ အရုပ်ကို ကျွန်တော်စိတ်ဝင်စားသွားပြီး လှမ်းယူလိုက်သည်။ အရုပ်ကလေးက ခြောက်လက်မခန့်သာမြင့်၏။

အရုပ်ကလေး၏ဦးခေါင်းက ကြောင်စုန်းတစ်ကောင်၏ ဦးခေါင်း





ဖြစ်ပြီး အောက်ပိုင်းကတော့ လူ့ကိုယ်ခန္ဓာအတိုင်းပင်။ ဦးခေါင်းပိုင်းကိုသာ ချန်လှပ်ပြီး မံမိလို လူ့ကိုယ်ခန္ဓာပိုင်းကို အဝတ်ဖြင့် စီးထားသည်။

ကြောင်၏မျက်လုံးများက အစိမ်းရောင် ဝင်းဝင်းလက်နေ၏။ ထိုအရုပ်ကို ဘာသားဖြင့် ပြုလုပ်ထားသလဲတော့ မသိ။ သစ်သား၊ သတ္တု၊ သံတစ်မျိုးမျိုးဖြင့်တော့ မဟုတ်တာ သေချာသည်။

အဘယ်ကြောင့်ဆိုသော် အရုပ်၏ဝမ်းဗိုက်ပိုင်းကို ဖိနှိပ်လိုက်သည့်အခါ လူ့အသားကို ကိုင်ရသလိုမျိုး ပျော့စိစိခံစားရသောကြောင့် ဖြစ်၏။

ကျွန်တော်က ထိုအရုပ်ကလေးကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်သည်။ နောက်ပြီး မီးရောင်ပျပျမြင်နေရသော အခန်းဆီသို့ တရွေ့ရွေ့တိုးလာခဲ့၏။

ထို့နောက် ပွင့်ဟနေသော တံခါးမှ တစ်ဆင့် အခန်းထဲသို့ ချောင်းကြည့်လိုက်သည်။

အခန်းထဲတွင်ကား ခေါင်းတလားကြီးတစ်လုံး...။

ကျွန်တော်ကြည့်နေစဉ်မှာပင် ခေါင်းတလားကြီး၏အဖုံးသည် သူ့အလိုလို တဖြည်းဖြည်းပွင့်ဟသွားသည်။

ထို့နောက် ခေါင်းတလားအတွင်းမှ အလောင်းကောင်ကြီးက ရုတ်တရက် ထထိုင်လိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

လန့်ပြီး မအော်မိစေရန် စိတ်ကို မနည်းတင်းထားရသည်။ ခေါင်းတလားထဲမှ ထလာသူကို အသေအချာကြည့်လိုက်မိပြီး သည့်နောက်တွင် အကြောက်လွန်မိသော ကိုယ့်ကိုယ်ကိုယ် ရှက်သွား၏။

ထိုသူက ကျွန်တော့်ကိုကြည့်ကာ ရယ်မောလိုက်သည်။ ကျွန်တော်က...

"ဦး... ဦးလေးက ဘာဖြစ်လို့ ခေါင်းထဲ ဝင်အိပ်နေရတာလဲ၊ ဒီ... ဒီခေါင်းကြီးကကော ဘာလုပ်ဖို့လဲ"

သူက ကြမ်းပြင်ပေါ်သို့ ဆင်းလိုက်ရင်း...

"ဂမ္ဘီရ လျှို့ဝှက်သည်းဖို ရုပ်ရှင်ကားတစ်ကား ရိုက်မလို့ ငါ့ကို အလုပ်အပ်ထားကြတယ်ကွ၊ ဒါနဲ့ ငါလည်း ကိုယ့်အိမ်ထဲမှာကိုယ် ဆက်တင် အစမ်းဆောက်ပြီး ဖြစ်နိုင် မဖြစ်နိုင် ရိုဟာဇယ် ကြိုလုပ်ကြည့်နေတာ၊ ရုပ်ရှင်သရုပ်ဆောင်တွေ ဝင်ပြီး အိပ်ရမှာဆိုတော့ အသုဘခေါင်းက အစစ် သုံးလို့ မဖြစ်ဘူးလေ၊ အတု လုပ်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက မင်သေသေဖြင့် ပြောနေသော်လည်း ကျွန်တော် မယုံပါ။

သူက...

"ဒါနဲ့ နေစမ်းပါဦး၊ မင်းက ဘာဖြစ်လို့ ညကြီးမင်းကြီး ငါ့အိမ်ထဲကို ခိုးကြောင်ခိုးဝှက် ဝင်လာရတာလဲ"

ဒီမေးခွန်းအတွက် အဖြေကို စောစောကပင် ကြိုစဉ်းစားထားပြီးသားဖြစ်သည်။ ကျွန်တော်က...

"အခုတလော သူခိုးတွေ ပူနေတယ် ဦးလေးရဲ့၊ အဲဒါ စောစောက ကျွန်တော့်အိမ်အပေါ်ထပ်က လှမ်းကြည့်လိုက်တော့ ဦးလေးရဲ့ခြံဝင်းထဲမှာ လူရိပ်လိုလိုတွေ့လို့ ကျွန်တော် ကမန်းကတန်း ကူးလာတာ၊ ဦးလေးမရှိတုန်း အိမ်ကို သူခိုးကပ်တယ်ထင်လို့"

ကျွန်တော့်စကားကိုလည်း သူ ယုံကြည်လိမ့်မည်မထင်ပါ။ ကျွန်တော်က ကြမ်းပြင်ပေါ်တွင်ရေးဆွဲထားသည့် ကြီးမားလှသော အင်းကွက်ကြီးနှင့် ဂမ္ဘီရအစီအရင်များကို မျက်လုံးတစ်ချက်ဝေ့ကြည့်ရင်း...

"ဒီလိုရုပ်ရှင်ကားမျိုးတွေအတွက် အလုပ်တွေ ဘာတွေ အပ်တယ်ဆိုတော့ ဦးလေးကိုယ်တိုင်ကကော တစ္ဆေတွေ၊ သရဲတွေ၊ ပရလောကသားတွေကို အယုံအကြည်ရှိလားဟင်"

သူက ကျွန်တော့်ကို မကြည့်ပဲ အဝေးသို့ ငေးရင်း...

"ဒီကိစ္စက ယုံတယ် မယုံဘူး ပြောဖို့ခက်တယ်ကွ၊ ဒါပေမယ့် ဦးလေးသိသလောက်ပြောရရင် ပရလောကသားတိုင်းဟာ ကြောက်စရာမကောင်းပါဘူး၊ သူတို့ရဲ့အတိတ်က ကုသိုလ်ကံညံ့ဖျင်းလို့ ဘဝပေးအခြေအနေ ဆိုးနေကြတဲ့သူတွေပါကွာ...





"များသောအားဖြင့် ပရလောကသားတွေဟာ လူသားတွေနဲ့ မိတ်ဆွေဖြစ်ချင်ကြတယ်၊ လူသားတွေရဲ့မေတ္တာကို ခံယူချင်ကြတယ်၊ ပရလောကသားတွေဟာ လူတွေကို ဒုက္ခမပေးတတ်ကြပါဘူး၊ အဲ... ဒါကလည်း သူတို့ကို အောက်လမ်းမှော်ပညာတွေနဲ့ ထိန်းချုပ်မထားဘူးဆိုရင်ပေါ့"

သူပြောသည့် အဲဒီစကားထဲမှာတော့ ဖြစ်နိုင်ချေတွေ အများကြီးပါသည်ဟု ကျွန်တော် ယူဆမိသည်။

ကျွန်တော့်ကို အင်္ဂလိပ်စကားပြောသင်တန်းမှ နည်းပြဆရာ ဦးဆန်းလွင်ကလည်း အဲဒီအတိုင်းပင် ပြောဖူးသည်။ ဆရာဦးဆန်းလွင်က စာဖတ်ဝါသနာပါသူဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ဂမ္ဘီရဆိုင်ရာ စာအုပ်စာတမ်းများစွာကို ဖတ်ရှုလေ့လာထားသူ ဖြစ်၏။

ဆရာက ကျွန်တော်တို့အားကစားအသင်း အတွင်းရေးမှူးလည်း ဖြစ်သည်။

ကျွန်တော်က ကြမ်းပြင်ပေါ်တွင်ရေးဆွဲထားသော အင်းကွက်၏ ပုံသဏ္ဍာန်ကို စိတ်ထဲတွင် အလွတ်ရအောင် မှတ်ထားလိုက်သည်။

မနက်ဖြန်ကျလျှင် အင်္ဂလိပ်စကားပြောသင်တန်း တစ်ချိန် သွားတက်ရမည်။ အဲဒီအခါကျမှ ဒီအင်းကွက်အကြောင်း ဆရာဦးဆန်းလွင်ကို မေးကြည့်ရဦးမည်။

အိမ်သို့ပြန်ရောက်ပြီး အဝတ်အစားလဲကာ အိပ်ရာထဲ လှဲချလိုက်သည့်တိုင် သန်းခေါင်ကျော်သည်အထိ မျက်စိကြောင်နေလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

တယ်လီဖုန်းသံကြောင့် ကျွန်တော် လန့်နိုးလာသည်။ အိပ်ချင်မူးတူးဖြင့် ဖုန်းကို ကောက်ကိုင်လိုက်တော့ တစ်ဖက်မှ ပြောနေသူက ကျွန်တော့်သူငယ်ချင်း အောင်ကျော်မိုးဖြစ်နေ၏။ သူက…

"ဟဲလို၊ နေသွေးနဲ့ စကားပြောချင်လို့ပါ"

"အေး… ပြော… အောင်ကျော်မိုး၊ ငါပါ…"

ကျွန်တော်မှန်း သိသွားသောအခါ သူက တစ်ခွန်း၊ နှစ်ခွန်း ဆဲရေးလိုက်ပြီးမှ…

"ဟေ့ကောင် နေသွေး၊ နေ့လည်ကျရင် Speaking သင်တန်းရှိတယ်နော်၊ မင်း တက်မှာလား၊ ပြီးခဲ့တဲ့နှစ်ပတ်လုံးလုံး မင်းမလာလို့ ဆရာဦးဆန်းလွင်က ဗျစ်တောက်ဗျစ်တောက် ပြောနေတယ်"

ကျွန်တော်က အိပ်ချင်စိတ်မပြေသေးသော အသံဖြင့်…

"အေးပါ၊ ဒီနေ့တော့ ငါလာဖြစ်အောင် လာခဲ့ပါ့မယ်၊ ဆရာနဲ့လည်း တိုင်ပင်စရာ ရှိသေးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ… မင်းနဲ့ ဆရာတွေ့လိုက်ရင် ထုံးစံအတိုင်း ပြောနေကျ ဂမ္ဘီရအကြောင်းတွေပဲလား… ဟား… ဟား…"

ကျွန်တော် သူ့ကို ရှင်းပြမနေတော့။ ကျွန်တော့်သူငယ်ချင်းများ ဖြစ်ကြသည့် အောင်ကျော်မိုးနှင့် ဝေဠုတို့နှစ်ယောက်စလုံးသည် ဂမ္ဘီရ လောက၊ ပရလောကများကို အယုံအကြည် မရှိကြ။ ကျွန်တော့်ကိုပင် လှောင်ပြောင်ချင်သေးသည်။

ထို့ကြောင့် စကားစဖြတ်ပြီး ဖုန်းချလိုက်တော့သည်။

❊

ကျွန်တော် ရေချိုးခန်းထဲသို့ ဝင်ပြီး ပြန်ထွက်လာသည့်အခါ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်ကို သတိထားမိသွားသည်။ ဖေဖေကော မေမေကော ညီမလေးပါ အိမ်မှာ မရှိကြချေ။

ကျွန်တော့်စိတ်ထင်ပြောရလျှင် နေမကောင်းဖြစ်နေသော ညီမလေးကို ဆရာဝန်နှင့် သွားပြသည်ဟု ထင်သည်။ ညီမလေးက မွေးကတည်းက ချူချာသည်။ ခဏ ခဏ နေမကောင်းဖြစ်တတ်၏။ ယခု ၁၆ နှစ်သမီး အရွယ်သို့ ရောက်နေသည့်တိုင်အောင် သူမ၏ကိုယ်ခန္ဓာက ဆယ့်နှစ်နှစ် အရွယ် ကလေးတစ်ယောက်လောက်သာ ရှိသည်။

တစ်ချိန်လုံး နေမကောင်းဖြစ်ပြီး အိပ်ရာထဲမှာသာ အချိန်ကုန်ရသောကြောင့်လား မသိ။ သူမက ကျွန်တော့်ထက်ပိုပြီး စာဖတ်အားကောင်းသည်။ အရွယ်နှင့်မလိုက်အောင်ကို တွေးတတ်၏။

အိမ်မှာ မည်သူမျှမရှိသည့်အခိုက် ဖြစ်သောကြောင့် ကျွန်တော်က





သီချင်းခွေတစ်ခွေကို ကျယ်လောင်စွာဖွင့်ပြီး နားထောင်နေလိုက်သည်။ ဖုန်းလာနေလျှင် အနှောင့်အယှက်ဖြစ်မည်စိုးသောကြောင့် ဖုန်းပလပ်ကြိုးကို ဖြုတ်ထားလိုက်၏။ သီချင်းခွေဆုံးသောအခါ နံရံမှ တိုင်ကပ်နာရီက ဆယ့်တစ်နာရီ ထိုးနေလေပြီ။

ကျူရှင်သွားရတော့မည်။ ကျွန်တော် ကမန်းကတန်းထပြီး အဝတ်အစားလဲသည်။ မနေ့ညက ဝတ်ထားသမျှကို လျှော်ဖွပ်ရမည့် အဝတ်အစားများထည့်သော ခြင်းတောင်းထဲသို့ သိမ်းကျုံးကောက်ယူပြီး ပစ်ထည့်လိုက်၏။

ထိုသို့ကောက်ယူလိုက်စဉ်မှာပင် မနေ့ညကဝတ်ခဲ့သော ဘောင်းဘီ အိတ်ထဲ၌ ခိုးလုခုလုဖြစ်နေသော တစ်စုံတရာကို စမ်းမိလိုက်သည်။ ဆွဲထုတ်ယူကြည့်လိုက်သောအခါ…

ကြောင်ဦးခေါင်းနှင့် လူ့ခန္ဓာကိုယ် မံမီရုပ်ကလေး…။

မနေ့ညက ဟိုဘက်အိမ်မှ ယူလာခဲ့သည့် ထူးဆန်းလှသော ထိုအရုပ်ကလေးကို စိတ်ဝင်စားစွာဖြင့် ကျွန်တော် စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

ကြောင်ဦးခေါင်းက အသက်ဝင်နေသည့်နှယ် မျက်လုံးများဝင်းဝင်းတောက်နေ၏။ ထိုအကြည့်က ရန်လိုရက်စက်သောအကြည့်… မိစ္ဆာအကြည့်…

အဝတ်များပတ်ထားသည့် ခန္ဓာကိုယ်ကို ကျွန်တော် လက်မဖြင့် အသာဖိနှိပ်ကြည့်လိုက်သည်။ အထဲမှာ ပကတိအသားစိုင်ရှိနေသလိုမျိုး ပျော့စိ ပျော့စိ ဖြစ်နေ၏။

ကျွန်တော် သိချင်လာသည်။ အထဲမှာ ဘာရှိမလဲ… ?

မတတ်နိုင်တော့။ အရုပ်ကို ဖွင့်ဖောက်ဖျက်ကြည့်မှ ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်ကပ်နာရီကို တစ်ချက်လှမ်းကြည့်မိပြန်၏။ ကျူရှင်တော့ နောက်ကျတော့မှာပဲ... ဟု တွေးမိသည်။

အရုပ်၏ခန္ဓာကိုယ်ကို ပတ်ထားသော ပိတ်စများကို ခွာကြည့်နေဖို့ အချိန်မရှိတော့။

မေမေ့အပ်ချုပ်စက် အံဆွဲထဲမှ ထက်မြနေသော ဓားတစ်ချောင်း ရှာတွေ့သည်။ ထိုဓားဖြင့်ပင် အရုပ်ကလေး၏ဝမ်းဗိုက်နေရာကို ခပ်နက်နက်စိုက်ကာ ခွဲချလိုက်၏။

ဝမ်းဗိုက်ကွဲသွားသည်နှင့် တစ်ပြိုင်နက် မသတီစရာ ပုပ်အက်အက် အနံ့ဆိုးတစ်မျိုး ထောင်းခနဲ လွင့်ပျံလာ၏။

နောက်... အရုပ်၏ဝမ်းဗိုက်ထဲမှ ညိုညစ်ညစ်အရောင်ရှိသော အမှုန့်များ ထွက်ကျလာကြသည်။ ဆေးမှုန့်တွေလိုလို ဘာလိုလို...။

ဝမ်းခေါင်းထဲသို့ လက်ညှိုးဖြင့်ကလော်ပြီး နှိုက်ထုတ်လိုက်သောအခါ ဆံပင်မွေးတွေလား တိရစ္ဆာန်တစ်ကောင်၏အမွေးအမျှင်လား မသိရသည့် အမျှင်အချည်အထွေးများနှင့် အတူ လက်တစ်ဆစ်ခန့်ရှိ အရိုးတစ်ချောင်း ထွက်လာ၏။

ထိုအရာများကိုကြည့်ရင်း စိတ်ထဲ မသတီသလိုလို ဖြစ်လာသည်။ ထို့ကြောင့် ယင်းတို့အားလုံးကို အရုပ်၏ဝမ်းဗိုက်ထဲသို့ သိမ်းကျုံးပြီး ပြန်ထည့်လိုက်၏။

နောက်... ဝမ်းဗိုက်အကွဲကြောင်းကို ပြန်ချုပ်ပြီး ပိတ်ပေးလိုက်ဦးမှပဲ... ဟု တွေးကာ မေမေ့အပ်ချုပ်စက်အံဆွဲထဲမှ အပ်ချည်နှင့် အပ်ကို ထုတ်ယူလိုက်သည်။





အရုပ်ကို ရစ်ပတ်ထားသော အဝတ်စက ဆွေးနေသောကြောင့် ဖြည်းဖြည်းချင်းစီ သတိထားပြီး ချုပ်ရ၏။

တစ်ချက်... နှစ်ချက်... သုံးချက်... လေး...

"ဖောက်..."

"အား... လား လား နာလိုက်တာ..."

နောက်ဆုံးတစ်ချက်ကို ချုပ်နေစဉ် အပ်က ကျွန်တော့်လက်ညှိုးကို စူးမိပြီး တော်တော်နာသွားသည်။

ကျွန်တော့်လက်ညှိုးမှ သွေးတစ်စက်စို့ထွက်လာပြီး အပြီးမသတ်သေးသော အကွဲကြောင်းပေါ်သို့ ပေါက်ခနဲ ကျသွားသည်။ သွေးစက်က ဆေးမှုန့်ညိုညစ်ညစ်တွေထဲသို့ စိမ့်ဝင်သွား၏။

ကျွန်တော်က သတိမထားမိပဲ အရုပ်ကို အပြီးသတ်ချုပ်ပြီး အပ်ချည်စအထုံးကို ချည်နှောင်လိုက်သည်။ ထိုနောက် အရုပ်ကို စားပွဲပေါ် လှမ်းတင်လိုက်၏။

"ဘုတ်..."

အရုပ်က အငြိမ်မနေပဲ စားပွဲပေါ်မှ လိမ့်ကာ ကြမ်းပြင်ပေါ် ကျသွားသည်။ ကျွန်တော်က 'ငါ တော်တော်နမော်နမဲ့နိုင်တာပဲ' ဟု စိတ်ထဲက တွေးရင်း ကြမ်းပေါ်မှအရုပ်ကို ကောက်ယူရန် လက်လှမ်းလိုက်စဉ်...

"ဟာင်..."

ကြောင်စနန်း၏မျက်လုံးအစုံက ဖျတ်ခနဲ မျက်တောင်ခတ်သွား၏။

"ငါ... ငါ... စိတ်ထင်လို့များလား"

ကျွန်တော် ချောက်ချားတုန်ယင်စွာဖြင့် သေသေချာချာ ထပ်ပြီး

www.burmeseclassic.com



ကြည့်လိုက်ပြန်သည်။

ဒီတစ်ခါတွင်တော့ ကျွန်တော် မမှားတော့ပါ။

ကြောင်စုန်း၏ဦးခေါင်းက မျက်တောင်တစ်ချက်ထပ်ပြီး ခတ်လိုက်ရုံသာမက ချွန်ထက်သောသွားများကိုပါ ဖြီးပြနေသည်။

သူ၏မျက်လုံးများက ကျွန်တော့်ကို ရန်လိုမုန်းတီးစွာ စိုက်ကြည့်နေကြသည်။

ထို့နောက် . . .

အရုပ်က ကြမ်းပြင်ပေါ်မှ သူ့ဘာသာသူ ဖြည်းညင်းစွာ ထရပ်လိုက်သည်။

ကျွန်တော့်သွေးစက်ကြောင့် ကြောင်စုန်းရုပ်သည် အသက်ဝင်လာခဲ့ချေပြီတည်း . . .။





# အခန်း (၄)

ကြောင်ရုပ်၏ပါးစပ်မှ ညည်းတွားသံလိုလို အသံသဲ့သဲ့ ကြားလိုက်ရ၏။ သူ မာန်ဖီနေပြီ။ အစာတော့်မှတ်နေသော သတ္တဝါတစ်ကောင်၏ ဝမ်းခေါင်းသံ . . .

ကျွန်တော် ကြောက်လန့်တကြားဖြင့် နောက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်လိုက်မိ၏။

ကြောင်စုန်းဦးခေါင်းနှင့် မိစ္ဆာရုပ်သည် ကျွန်တော့်ရှေ့မှာပင် တစ်စထက် တစ်စ ကြီးမားသထက် ကြီးမားလာနေလေပြီ။

“အား . . . ကယ်ကြပါဦးဗျို့ . . .”

ကြောက်လန့်တကြားဖြင့် အော်ဟစ်အကူအညီတောင်းရန် ကျွန်တော် သတိရလိုက်မိသည့် အချိန်မှာပင် မိစ္ဆာသက်ဝင်နေသော ထိုအရုပ်သည် လူတစ်ယောက်၏ အရုပ်အမောင်းနှင့် ရွယ်တူခန့်မျှ ရှိနေလေပြီ။

သူက လက်များကို ဆန့်တန်းရင်း ကျွန်တော့်ဆီသို့ ခြေတစ်လှမ်းချင်း တိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှူး... ရှူး... မလာနဲ့... အား..."

ကျွန်တော် ကြောက်ရွံ့စွာအော်ဟစ်ရင်း နောက်လှည့်ကာ ပြေးခဲ့သည်။ ဘုရား... ဘုရား... ငါ့ကိုကယ်မယ့်သူလည်း မရှိဘူး... ဒုက္ခပါပဲ...။

ကျွန်တော့်အော်ဟစ်သံကိုလည်း မည်သူမျှ ကြားကြလိမ့်မည်မဟုတ်။ တစ်အိမ်လုံးတွင် မိစ္ဆာအရုပ်ကောင်နှင့် ကျွန်တော်သာ...။

လှေကားအတိုင်း တဒုန်းဒုန်းပြေးဆင်းလာခဲ့သည်။ လှေကားထစ်တွေကို ခြေထောက်ဖြင့် နင်းမိရဲ့လားမသိ။ အောက်ဆုံးလှေကားထစ် သုံးလေးဆင့်ကိုတော့ လွှားခနဲ ခုန်ချလိုက်သည်။ ခြေထောက် အနည်းငယ် မျက်သွား၏။

သမင်လည်ပြန်လှည့်ပြီး အပေါ်ထပ်ဆီ လှမ်းကြည့်လိုက်သည့်အခါ လှေကားထိပ်တွင် ရပ်နေသော မိစ္ဆာကောင်ကို မြင်ရသည်။

ချွန်ထက်သော သွားစွယ်အဖွေးသားနှင့် ပါးစပ်ကို ဖြဲလျက်... ရက်စက်ကြမ်းကြုတ် ရန်လိုသောမျက်လုံးများက အစိမ်းရောင်တောက်ပနေကြ၏။

ဟော... ဟော... လှေကားအတိုင်း သူ ဆင်းလာနေပြီ။

ငါ... ငါ့ကို အမိဖမ်းတော့မယ်...

"အား... မလာနဲ့... မလာနဲ့..."

ကျွန်တော် အသံကုန်အော်ဟစ်လိုက်ပြီး ချာခနဲ လှည့်ကာ တံခါးပေါက်ဆီသို့ ပြေးခဲ့သည်။

တံခါးကို ဝုန်းခနဲ ဆောင့်ဆွဲဖွင့်ပြီး အပြင်သို့ ပြေးထွက်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ယောက်က ကျွန်တော်၏ပခုံးကို သန်မာသော





လက်ကြီးများဖြင့် ဖမ်းယူဆုပ်ကိုင်လိုက်လေတော့သည်။

"အား... လွှတ်... လွှတ်... ငါ့ကို လွှတ်"

ကျွန်တော် မျက်စိကို မှိတ်ပြီး အော်ဟစ်ရင်း အဆက်မပြတ် ရုန်းကန်နေသည်။ ထိုစဉ်...

"နေဦး... နေဦး... ဘာဖြစ်နေတာလဲ"

ရင်းနှီးကျွမ်းဝင်နေသောအသံကြောင့် ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဟင်... ဆရာ..."

ကျွန်တော့်ကို တံခါးအပြင်ဘက်မှ နေ၍ ဆီးပွေ့ဖမ်းယူထားသူမှာ ဆရာဦးဆန်းလွင် ဖြစ်နေသည်။ ဆရာက ကျွန်တော့်ကို နားမလည်စွာဖြင့် ကြည့်ရင်း...

"မင်း ပြီးခဲ့တဲ့နှစ်ပတ်လုံးလုံး အတန်းလာမတက်တာနဲ့... အင်း... ဒီတစ်ပတ်လည်း ဆက်ပြီး ကျောင်းပြေးနေမှာစိုးလို့ ငါကိုယ်တိုင် ဝင်ခေါ်တာ၊ ပြောစမ်းပါဦး... မင်း အတန်းမတက်ဘဲ ဘာတွေလျှောက်လုပ်နေတာလဲ"

"ဆ... ဆရာ"

ကျွန်တော့်အသံက တုန်ယင်နေ၏။ ဆရာ့ကို ဖြေရှင်းပြနေဖို့ အချိန်မရှိတော့။ ကျွန်တော် ဇွတ်မှိတ်ပြီး ပြောချလိုက်သည်။

"ဆရာ... ကျွန်... ကျွန်တော့်အိမ်ထဲမှာ... နာနာဘာဝကြီး... တစ်ကောင်..."

"ဘာ..."



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးဆန်းလွင်က အံ့သြစွာရေရွတ်ရင်း ကျွန်တော့်မျက်လုံးများကို စိုက်ကြည့်နေ၏။ ကျွန်တော့်စကားသည် ယုတ္တိယုတ္တာကင်းမဲ့ပြီး မယုံကြည်စရာကောင်းနေမှန်း ကျွန်တော် သိပါသည်။

သို့သော် ယခုအချိန်တွင် ဘာမှ မတတ်နိုင်တော့။ ကျွန်တော်က…

"တကယ်ပြောတာပါ… ဆရာ၊ မှော်ပညာနဲ့ လုပ်ထားတဲ့အရုပ်… အဲဒီအရုပ်က အသက်ဝင်လာတယ်… အခု… အခု… အိမ်ထဲမှာ…"

ဆရာဦးဆန်းလွင်က အိမ်တံခါးကို အသာတွန်းဖွင့်ပြီး အထဲသို့ လှမ်းကြည့်လိုက်သည်။ ထိုနောက်…

"ဘာမှ မရှိပါလား… နေသွေးရဲ့…"

"ရှိ… ရှိတယ် ဆရာ၊ တကယ်ပြောတာပါ… ယုံပါ… ကျွန်တော်ပြောတာ ယုံစမ်းပါ ဆရာရယ်…"

ဆရာဦးဆန်းလွင်က သက်ပြင်းချရင်း

"အေးပါ… အေးပါ… ထားပါတော့၊ လောလောဆယ်မှာတော့ မင်း အရမ်းချောက်ချားနေတယ်၊ နေသွေး… စိတ်ကို ငြိမ်ငြိမ်ထား၊ မင်းကို ဆရာ ရေမန်းတစ်ခွက်လောက်တိုက်ပြီးရင် မင်း ကယောင်ချောက်ချားဖြစ်နေတာတွေ အားလုံးကောင်းသွားမှာပါ"

"ကျွန်တော် ကယောင်ချောက်ချားဖြစ်နေတာ မဟုတ်ဘူး"

ကျွန်တော် စိတ်တိုတိုဖြင့် အော်ဟစ်ပစ်လိုက်သည်။ ထို့နောက် ကျွန်တော်က မိစ္ဆာအရုပ်ကလေးကို ရခဲ့ပုံမှ စတင်ပြီး နောက်ဆုံး အရုပ်၏ ဝမ်းဗိုက်ကို အပ်ချည်ဖြင့် ပြန်ချုပ်ပေးရင်း လက်ကို အပ်စူးမိသဖြင့် သွေးစက်ကလေးစွန်းသွားရာ မိစ္ဆာအရုပ်က တစ်နည်းတစ်ဖုံ အသက်ဝင်လာခဲ့





ကြောင်း အတိုချုပ်၍ ပြောပြလိုက်၏။

ဆရာဦးဆန်းလွင်က အနည်းငယ်ပျင်းရိငြီးငွေ့သည့် မျက်နှာမျိုးဖြင့် သည်းခံနားထောင်ပေးနေပြီး နောက်ဆုံးတွင်…

"ကိုင်း… ဟုတ်ပြီလေ၊ မင်းပြောသလိုဆို အဲဒီနာနာဘာဝဟာ ခုချိန်ထိ ဒီအိမ်ထဲမှာ ရှိနေဦးမှာပေါ့၊ လာကွာ… နေသွေး၊ အထဲဝင်ပြီး ရှာကြည့်ရအောင်"

"ဟာ… ဆရာ… မလုပ်…"

ကျွန်တော် တားမြစ်စကားပင် မဆုံးလိုက်နိုင်ချေ။ ဆရာဦးဆန်းလွင်က အိမ်ရှေ့တံခါးမကြီးကို ဆတ်ခနဲ တွန်းဖွင့်ပြီး အိမ်ထဲသို့ ဝင်သွားတော့လေသည်။ ဒုန်းခနဲ တံခါးပြန်ပိတ်သွားသံနှင့်အတူ ကျွန်တော်တစ်ယောက်တည်းသာ အပြင်မှာ ကြောက်လန့်တွေဝေရင်း ကျန်ရစ်ခဲ့သည်။

ဘုရား… ဘုရား… ငါပါ အထဲကို ဝင်လိုက်သွားရင် ကောင်းမလား

ဟင့်အင်း… တံခါးလက်ကိုင်ဘုကို လှည့်ပြီး တွန်းဝင်နိုင်သည့် အင်အားပင် ကျွန်တော့်မှာ မရှိတော့… ဟု မှတ်ထင်ရသည်။

"ဆရာ… ဆရာ…"

တံခါးအပြင်ဘက်မှ နေ၍ အသံခပ်အုပ်အုပ်ဖြင့် ကျွန်တော် ခေါ်ကြည့်မိသည်။ တုံ့ပြန်သံ မကြားရ။

ဒုက္ခပဲ… ဆရာဝင်ဝင်သွားချင်း မိစ္ဆာကောင်က ဆရာ့ကို ဖြန်းခနဲ ဘိုက်ခိုက်သတ်ဖြတ်လိုက်လေပြီလား။

ဘာသံမှ မကြားရ… တိတ်ဆိတ်လွန်းနေ၏။

ကျွန်တော် စိတ်လှုပ်ရှားစွာဖြင့် တံခါးလက်ကိုင်ဘုကို အသာလှည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်တွန်းဖွင့်ကာ အတွင်းသို့ချောင်းကြည့်လိုက်သည်။ ထို့နောက်...

"ဆရာ... ဆရာ..."

ပြန်ထူးသံ မကြားရ။

※

ထို့ကြောင့် ကျွန်တော်က တံခါးရွက်ကို အဆုံးထိ တွန်းဖွင့်ကာ အိမ်ထဲသို့ ဝင်လိုက်သည်။

တိတ်ဆိတ်ခြင်းထဲသို့ အာရုံစူးစိုက်ကာ နားကို စွင့်ထားလိုက်၏။

ထိုအချိန်မှာပင် မီးဖိုချောင်ဘက်ဆီမှ ကျွန်တော့်ထံသို့ လာနေသော ခြေသံများကို ကျွန်တော် ကြားလိုက်ရလေသည်။

ဘုရားရေ... ဟို... ဟို... မိစ္ဆာကောင်ကြီး ငါ့ဆီကို လာနေပြီလား။

ကျွန်တော် အသက်ကို အောင့်ထားလိုက်သည်။ နောက်သို့လှည့်ပြေးရန် ခြေလှမ်းကို အသင့်ပြင်ထားလိုက်၏။ ထိုစဉ်မှာပင်...

"ဘာမှ မရှိပါလား နေသွေးရဲ့..."

ဟူသော ဆရာဦးဆန်းလွင်၏အသံကို ကြားလိုက်ရသည်။ ဆရာဦးဆန်းလွင်က သူ့တိုက်ပုံအင်္ကျီအိတ်များထဲတွင် လက်နှစ်ဖက်စလုံး နှိုက်ထားရင်း မီးဖိုချောင်ဘက်ဆီမှ ခပ်အေးအေး ပြန်ထွက်လာသည်။

ကျွန်တော်က...

"ဆရာ... ဆရာ၊ ဒီအိမ်ထဲကနေ မြန်မြန်ထွက်ကြရအောင်၊ နို့မို့ဆိုရင် ဒုက္ခရောက်ကုန်ကြ..."

"စိတ်အေးအေးထားစမ်းပါကွာ၊ မင်း နေ့ခင်းဘက်ကြီး အိပ်ပျော်နေတုန်း အစာမကြေလို့ အိပ်မက်ဆိုး မက်တာလည်း ဖြစ်ချင် ဖြစ်ပါလိမ့်မယ်၊ နှလုံးအားမကောင်းရင်လည်း ဒီလိုပဲ စိတ်က ကယောင်ချောက်ချားဖြစ်ပြီး ဘီလူးစီးသလိုလို ဘာလိုလိုဖြစ်တတ်ပါတယ်"

"မဟုတ်ဘူး ဆရာ... ကျွန်တော် အိပ်မက်လည်း မမက်ဘူး၊ စိတ်ဆင်နဲ့ ပြောနေတာလည်း မဟုတ်ဘူး၊ တကယ့်အကောင်ကြီး... ဆရာ၊ ကျွန်တော့်မျက်စိအောက်မှာတင် ကြီးလာလိုက်တာ... လူတစ်ရပ်လောက်ရှိနေပြီ"

ကျွန်တော့်စကားကြောင့် ဆရာက ပြုံးလိုက်၏။ ပြီးမှ နှစ်သိမ့်အားပေးသည့်လေသံဖြင့်...

"ကဲပါလေ... တကယ်ရှိတယ်ဆိုရင်လည်း မင်းစိတ်ကျေနပ်တဲ့အထိ ရှာကြည့်ကြတာပေါ့၊ ဟောဒီဘက်အခန်းက ဘာအခန်းလဲ..."

ဆရာက ပြောပြောဆိုဆိုနှင့် မီးဖိုချောင်နှင့် ကပ်လျက်ရှိသော အခန်းတံခါးကို တွန်းဖွင့်ပြီး ဝင်သွားသည်။ ထိုအခန်းမှာ အခန်းလွတ် ဖြစ်၏။ ဧည့်သည်လာလျှင် ထားလေ့ရှိသောအခန်း ဖြစ်သောကြောင့် ခုတင်တစ်လုံးနှင့် စားပွဲကုလားထိုင်တစ်လုံးစီသာ ရှိသည်။

နေရောင်ခြည်က ပြတင်းပေါက်မှ ဖြာကျနေသည်။ အခန်းထဲတွင် လင်းပကြည်လင်နေ၏။ ပြတင်းခန်းဆီးများသည်ပင် ငြိမ်သက်နေကြသည်။

ဘာမှ မရှိ။ မိစ္ဆာကောင်၏အရိပ်အယောင်ကိုပင် မတွေ့ရ။

ဆရာက ကျွန်တော့်ဘက်ကို ပြန်လှည့်လိုက်ပြီး...

"ကဲ... ဒီအခန်းထဲမှာလည်း ဘာမှ မရှိဘူး"

ကျွန်တော် ဘာပြန်ပြောရမည်မှန်း မသိတော့။ မိစ္ဆာကောင်သည်







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နောက်သို့ လိုက်မလာဘဲ အပေါ်ထပ်သို့ ပြန်တက်သွားပြီလား။ မသိတော့...။

ဆရာက သူ့မျက်မှန်ကို ချွတ်ကာ တိုက်ပုံအင်္ကျီစ အစွန်ဖြင့် မှန်ကို ပွတ်တိုက်သန့်စင်ရင်း...

"ဆရာ မင်းကို နားလည်ပါတယ် နေသွေး၊ မင်း ဆရာ့ Speaking သင်တန်း တက်ရတာ ငြီးငွေ့နေတယ်မဟုတ်လား၊ အောင်ကျော်မိုးတို့ ဝေဠုတို့ကလည်း မင်းနဲ့ စရိုက်မတူတော့ မင်း ဂမ္ဘီရအကြောင်း ဘာ ကြောင်းပြောရင်... ဟိုကောင်တွေက မင်းကို လှောင်ကြပြောင်ကြနဲ့... ကြာတော့ ဒါတွေကို မင်း စိတ်ညစ်လာမှာပဲ..."

"မဟုတ်ဘူး ဆရာ... မဟုတ်..."

"ဒါပေမယ့် အဲဒါတွေကို ရှောင်ချင်လို့ ကျောင်းမတက်ဘဲ နေတာ ကတော့... မှားတယ်လို့ ဆရာပြောချင်တယ် နေသွေး၊ သဘောပေါက်လား"

ကျွန်တော် ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။ အရေးထဲ ထင်ရာ မြင်ရာ ဆုံးမနေသည်မှာ စိတ်ပျက်ဖို့ ကောင်းလှသည်။ ကျွန်တော်က...

"ကျွန်တော် ကျောင်းပြေးချင်လို့ အကြောင်းရှာပြီး လုပ်ကြံပြောနေ တာ မဟုတ်ဘူး ဆရာ၊ ကျွန်တော် ကလေးလေးလည်း မဟုတ်ဘူး၊ ကျွန် တော့်ကို လူတွေက လှောင်ရုံပြောင်ရုံမကလို့ ဘာပဲပြောပြော ကျွန်တော် ဂရုမစိုက်ဘူး၊ လောလောဆယ်မှာ ကျွန်တော် ဂရုစိုက်တာကတော့ ဒီ အိမ်ထဲကနေ အမြန်ဆုံး အပြင်ကို ထွက်ဖို့ပဲ"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် အခန်းတံခါးကို ဆွဲဖွင့်ကာ အိမ်ရှေ့ ဝင်ပေါက်ဆီသို့ ပြေးထွက်ခဲ့သည်။





"နေသွေး..."

ဆရာက ကျွန်တော့်နာမည်ကို ခေါ်ရင်း နောက်မှ ပြေးလိုက်လာ၏။ အိမ်ရှေ့တံခါးဆီအရောက်တွင် ကျွန်တော့်ခြေလှမ်းများ တုံ့ခနဲ ရပ်သွားရ တော့သည်။

ကျွန်တော်... နောက်ကျသွားပြီ။

ဒီအိမ်ထဲမှ အပြင်သို့ထွက်ခွင့်ရတော့မည် မဟုတ်ပါ။

မိစ္ဆာကောင်ကြီးသည် ကျွန်တော့်ရှေ့တည့်တည့်ပိတ်လျက် ရပ်နေ လေပြီ။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

"ဟာ..."

ကျွန်တော့်နောက်ဘက်မှ ဆရာဦးဆန်းလွင်၏ ချောက်ချားသွားသော အာမေဋိတ်သံကို ကြားရသည်။

ကျွန်တော်ကတော့ တုန်တုန်ယင်ယင်ဖြင့်ပင် နောက်သို့ ခြေတစ်လှမ်း အလိုလိုဆုတ်မိသည်။ ဆရာက ကျွန်တော့်ဘက်သို့ ငဲ့စောင်းရင်း ပင့်သက်ရှိုက်ပြီး...

"ဆော... ဆောရီးပဲ... နေ့သွေး၊ ဆရာ... ဆရာ... မင်းကို မယုံခဲ့မိတာ မှားသွားပြီ..."

ဆရာ့မျက်နှာတစ်ခုလုံး သွေးဆုတ်ကာ ဖြူဖပ်ဖြူလျော် ဖြစ်နေ၏။

"ကျွန်... ကျွန်တော်တို့ ပြေးပေါက်ပိတ်နေပြီ ဆရာ... ဘယ်လို လုပ်ကြမလဲ..."

"စိတ်အေးအေးထား နေသွေး..."

ကြောင်နှင့်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆရာက ကျွန်တော့်ကို အားပေးသည့်ဟန်ဖြင့် လက်ကို လာရောက်ဖျစ်ညှစ်ကိုင်ဆုပ်လိုက်သည်။ သူ့လက်က အေးစက်ပြီး ချွေးစေးများဖြင့် ရွှဲနစ်နေ၏။

ကျွန်တော်တို့နှစ်ယောက်စလုံး ရှေ့တွင်ရှိသော အသက်ဝင်နေသည့် မိစ္ဆာကောင်ကြီးထံမှ မျက်စိအကြည့်ကို မခွာရဲ။

အသက်ပင် ရဲရဲမရှူဝံ့... မျက်တောင်မခတ်ဝံ့...

မိစ္ဆာကောင်က အစိမ်းရောင်မျက်လုံးအစုံဖြင့် ကျွန်တော်တို့ကို စူးစိုက်ကြည့်နေသည်။

ထိုနောက် ချွန်ထက်သောအစွယ်များပေါ်အောင် ပါးစပ်ကို ဖြဲလိုက်သည်။ ကြောင်တစ်ကောင် ပျင်းရိပျင်းတွဲသန်းဝေလိုက်ဟန်မျိုး...

နောက်... လက်များကို ရှေ့သို့ဆန့်ထုတ်ရင်း ခြေတစ်လှမ်းနှစ်လှမ်း ရှေ့တိုးလာသည်။ ကြောင်တစ်ကောင်၏ဦးခေါင်း တပ်ဆင်ထားသည့် မိမိန်းမလောင်းကောင်ကြီး စမ်းတဝါးဝါးလျှောက်လာနေသည်နှင့် တူ၏။

သူ ပါးစပ်ဖြဲ၍ အော်လိုက်သည့်အခါတွင်မူ ကြောင်အော်သံ ထွက်မလာဘဲ မြွေတစ်ကောင်တွန်သကဲ့သို့ တရှီးရှီးတရှဲရှဲ မြည်သံများသာ ထွက်ပေါ်လာ၏။

မိစ္ဆာကောင်ကြီး၏ဆန့်ထားသောလက်က ကျွန်တော်တို့နှင့် တဖြည်းဖြည်းနီးကပ်လာသည်။ ကျွန်တော်တို့နှစ်ဦးသား နောက်ဆုတ် နောက်ဆုတ်ဖြင့် ရွေ့လာခဲ့ကြသည်မှာ နံရံနှင့် ကျောပြင် ကပ်နေကြလေပြီ။

"ဆရာ... ဆရာ... လုပ်ပါဦး..."

ကျွန်တော်က ဆရာဦးဆန်းလွင်ကို စောင်းငဲ့ကြည့်လိုက်သည့်အခါ





ဆရာ့ပါးစပ်က တတွတ်တွတ်နှင့် တစ်စုံတစ်ရာ ရွတ်ဖတ်နေသည်ကို မြင်ရ၏။

"ရှူး... ရှူး... သွား... သွားစမ်း..."

ကျွန်တော်က အသံကုန်အော်ဟစ်ရင်း နံရံတွင် ချိတ်ထားသော ကြက်မွေးတံမြက်စည်းဖြင့် လှမ်း၍ ပစ်ပေါက်လိုက်၏။

နှာကျင်စေနိုင်ခြင်း မရှိသော်လည်း မိစ္ဆာကောင်က တရွေ့ရွေ့ ရှေ့သို့ လှမ်းလာနေရာမှ ရပ်တန့်သွား၏။ ဆန့်တန်းထားသော လက်များကလည်း တွဲလောင်းကျသွားသည်။

အစိမ်းရောင်မျက်လုံးများက ပုတ်ခတ်ပုတ်ခတ်လုပ်နေကြ၏။ အခုတော့လည်း သူ့ကိုကြည့်ရသည်မှာ ချစ်စရာကောင်းသော အိမ်မွေးတိရစ္ဆာန်ကြောင်ကလေးတစ်ကောင်၏အမူအရာမျိုး ဖြစ်နေလေသည်။

ဆရာဦးဆန်းလွင်က ကြောင်မျက်နှာနှင့် သတ္တဝါ၏အမူအရာကို အကဲခတ်ရင်း ကျွန်တော့်ကို...

"နေသွေး မကြောက်နဲ့၊ ဒီကောင့်ကို ကြည့်ရတာ အန္တရာယ်ပေးနိုင်မယ့်ပုံ မရဘူး၊ သူ့ကိုယ်ထဲမှာ ပူးနေတဲ့ မကောင်းဆိုးဝါးကို မောင်းထုတ်လို့ရမယ်ထင်တယ်"

"ဆရာ သိပ်အတင့်မရဲနဲ့နော်..."

"ကိစ္စမရှိဘူး နေသွေး၊ ဆရာ စမ်းကြည့်မယ်"

ဆရာက ပြောပြောဆိုဆိုဖြင့် နှုတ်မှ တစ်စုံတစ်ရာရေရွတ်ရင်း မိစ္ဆာကောင်ဆီသို့ ခြေတစ်လှမ်းတိုးသွားလိုက်သည်။

"ငြိမ်... ငါ့အမိန့်၊ ငြိမ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့နှုတ်မှ ထွက်ပေါ်လာသော အမိန့်ပေးသံကြောင့် မိစ္ဆာကောင်၏ မျက်လုံးများက မှေးစင်းကျသွားသည်။ ဘာမှ လှုပ်ရှားတုံ့ပြန်မှု မရှိတော့မည့် ပုံမျိုး....။

"ဟုတ်ပြီ... သူ့ကို ဘယ်လိုထိန်းချုပ်ရမလဲဆိုတာ ငါသိပြီ"

ဆရာဦးဆန်းလွင်က ကျွန်တော့်ကို လှမ်းပြောရင်း မိစ္ဆာကောင်အနီးသို့ တိုးကပ်သွားကာ ထိုသတ္တဝါ၏ပခုံးကို လက်ဖြင့် အသာလှမ်းပုတ်လိုက်၏။ ဆရာ့နှုတ်ကလည်း ဂါထာမန္တာန်တစ်ပုဒ်ကို တတွတ်တွတ် ရေရွတ်နေဆဲ ...။

မိစ္ဆာကောင်က မည်သို့မှ အန္တရာယ်မပြုသဖြင့် ကျွန်တော်လည်း အံ့သြနေသည်။ ဆရာက မိစ္ဆာကောင်ကို လက်ညှိုးထိုးပြီး တစ်စုံတစ်ရာကို ခပ်တိုးတိုး အမိန့်ပေးလိုက်၏။

မိစ္ဆာကောင်၏လက်တစ်ဖက်က ရှေ့သို့ ဖြည်းဖြည်းချင်းဆန့်ကာ မြောက်လာသည်။ မိတ်ဆွေချင်း လက်ဆွဲနှုတ်ဆက်တော့မည့် ပုံမျိုး...။

"ဟုတ်ပြီ... ဟုတ်ပြီ..."

ကျွန်တော်ကတော့ နားမလည်စွာဖြင့် ငေးကြည့်နေဆဲ ဆရာဦးဆန်းလွင်က မိစ္ဆာကောင်၏ ဆန့်တန်းလာသောလက်ကို လှမ်းပြီး ဆုပ်ကိုင်လိုက်၏။

အကြောင်းမသိသူ တစ်ယောက်ယောက်ကများ ဒီမြင်ကွင်းကို လှမ်းမြင်သွားလျှင် ဆရာဦးဆန်းလွင်က ကြောင်တစ်ပိုင်း လူတစ်ပိုင်း မိစ္ဆာကောင်ကို တရင်းတနှီး လက်ဆွဲနှုတ်ဆက်နေသည်ဟု ထင်ပေလိမ့်မည်။

ထိုစဉ်... ရုတ်တရက်...





မိစ္ဆာကောင်၏လက်ချောင်းများက ဆရာ့လက်ကို တင်းကျပ်စွာ ဖျစ်ညှစ်လိုက်လေသည်။

"အား..."

ဆရာက နာကျင်စွာအော်ဟစ်လိုက်သည်။ သူ့လက်ထဲမှ အရိုးများ ကျိုးကြေသွားသံ တဖျစ်ဖျစ်ကိုပင် ကြားလိုက်ရသည်ဟု ထင်၏။

"လွှတ်... လွှတ်... ငါ့လက်ကို လွှတ်..."

ဆရာဦးဆန်းလွင်က ထွန့်ထွန့်လူးကာ ရုန်းကန်ရင်း သူ့လက်ကို လွှတ်ဖို့ ကြိုးစားနေသည်။ မိစ္ဆာကောင်က မလွှတ်။

မိစ္ဆာကောင်၏မျက်လုံးများက ရန်လိုရိုင်းစိုင်းသော အစိမ်းရောင်ဖြင့် ပြန်လည်တောက်ပ အသက်ဝင်လာလေပြီ။ ဆာလောင်မွတ်သိပ်စွာဖြင့် သွားစွယ်များကို မြင်သာအောင် ပါးစပ်ဖြဲပြနေ၏။

မိစ္ဆာကောင်၏လက်များက ပို၍တင်းကျပ်စွာ ဖျစ်ညှစ်လာနေ၏။

"အား... အား..."

"ဆရာ..."

ကျွန်တော်က ချောက်ချားစွာဖြင့် အော်ဟစ်လိုက်သည်။ ဘာလုပ်ရမည်မှန်းလည်း မသိ။

ငါ... ငါ... ဆရာ့ကို မကယ်နိုင်တော့ဘူးလား...

နာကျင်မှုဝေဒနာကြောင့် ဆရာ့တစ်ကိုယ်လုံး တွန့်လိမ်နေ၏။ ချွေးသီးချွေးပေါက်များလည်း စီးကျနေပြီ။ ဆရာ့မျက်မှန်ကလည်း ကြမ်းပြင်ပေါ်သို့ လွင့်စင်ကျသွားပြီ ဖြစ်၏။

"အား... နေသွေး... ကယ်... ကယ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့အသံက အသည်းခိုက်အောင် ဝေဒနာခံစားနေရပုံ ပေါ်သည်။ မျက်လုံးများကလည်း တဖြည်းဖြည်း ပြူးထွက်လာနေ၏။

မိစ္ဆာကောင်၏ပါးစပ်မှ တရှီးရှီးမြည်သံ ကြားရပြီ။

အခန့် တစ်ခုလုံးကို ကျွန်တော် ကမန်းကတန်း မျက်စိကစားလိုက်သည်။ အခန်း ထောင့်တွင် ပန်းအိုးတစ်လုံး ထိုစဉ်...

"အား..."

လက်ဖျံရိုး ကျိုးကြေသွားသလား မသိ။ ဆရာ့အော်သံက စူးစူးရှားရှား သွေးပျက်ဖွယ်ကောင်းလှသည်။

ကျွန်တော်က ပန်းအိုးကိုပြေးကောက်ပြီး လက်နှစ်ဖက်ဖြင့် စုံကိုင်ကာ မြှောက်လိုက်၏။ မိစ္ဆာကောင်၏ဦးခေါင်းကို နောက်ဖက်မှ နေ၍ ဒီပန်းအိုးဖြင့် ရိုက်ချလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။

လက်နှစ်ဖက်ဖြင့် အသင့်ရွယ်ပြီး မိစ္ဆာကောင်ဆီသို့ လှမ်းကြည့်လိုက်မိစဉ်မှာပင် ကျွန်တော် အလန့်တကြား အော်ဟစ်လိုက်မိသည်။

"ဟာ... မလုပ်နဲ့... မလုပ်နဲ့..."

ကျွန်တော် တွေ့လိုက်ရသည့် မြင်ကွင်းမှာ...

မိစ္ဆာကောင်၏လက်မှ ကြောင်လက်သည်းကဲ့သို့ ချွန်မြနေသော လက်သည်းရှည်ကြီးများ ထွက်ပေါ်လာကြသည်။

ထိုလက်သည်းရှည်ကြီးများက ဓားဦးချွန်တစ်ချောင်းလို ဆရာဦးဆန်းလွင်၏ရင်ဘတ်ထဲသို့ နက်ရှိုင်းစွာထိုးစိုက်ပြီး ခွဲချလိုက်တော့သည်။

"ဗြဲ..."

"အား..."





ရင်ဘတ်မှ ဝမ်းဗိုက်အထိ အသားစိုင်တို့ကို ဖြလိုက်သည်နှင့် တစ်ပြိုင်နက် နာကျင်စွာအော်ဟစ်လိုက်သော ဆရာဦးဆန်းလွင်၏အသံက ဒုံးရကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထိုမြင်ကွင်းကြောင့် ကျွန်တော့်မျက်လုံးတွေ ပြာဝေသွားသည်။ လက်ထဲမှ ပန်းအိုးလည်း လွတ်ကျပြီး ကွဲသွား၏။

"ဟာ..."

မိစ္ဆာကောင်က ပြဲဟနေသော ဆရာဦးဆန်းလွင်၏ ရင်ဘတ်အကွဲကြောင်းထဲသို့ သူ့လက်မောင်းကို ဆုံးအောင်ထိုးထည့်လိုက်သည်။ နောက် သူ့ဦးခေါင်းကို ထိုခန္ဓာကိုယ်အပေါက်ထဲသို့ ခေါင်းလျှိုပြီး ဝင်လိုက်၏။

ထိုနောက်... ထိုနောက်...

မိစ္ဆာကောင်၏တစ်ကိုယ်လုံးသည် ဆရာဦးဆန်းလွင်၏ ရင်ခေါင်းအပေါက်ထဲသို့ တစ်စ တစ်စတိုးတိုးပြီး ဝင်နေ၏။

"အား... မလုပ်... မလုပ်နဲ့... အား... ကယ်ကြပါဦး..."

ဆရာဦးဆန်းလွင်က ကြမ်းပြင်ပေါ်တွင် ထွန့်ထွန့်လူးနေသည်။

နောက်ဆုံးတွင် မိစ္ဆာကောင်က ဆရာဦးဆန်းလွင်၏ခန္ဓာကိုယ်ထဲသို့ တစ်ကိုယ်လုံးဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

မရှိတော့... မိစ္ဆာကောင်ကို မတွေ့ရတော့ပြီ...

ကြမ်းပြင်ပေါ်တွင် လူးလွန့်ညည်းတွားနေသူ ဟူ၍ ဆရာဦးဆန်းလွင် တစ်ဦးတည်းသာ ရှိတော့သည်။

"ဆရာ... ဆရာ..."

ကျွန်တော်က အထိတ်တလန့်ခေါ်ငင်ရင်း ဆရာ့အနီးသို့ ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



ကာ ငုံ့ကြည့်လိုက်သည်။ ဆရာ့ရင်ဘတ်တွင် မည်သည့်အကွဲအပဲရာမှ မတွေ့ရပေ။

သွေးစသွေးနလည်း မရှိ။ ဝတ်ထားသည့်အင်္ကျီမှာပင် စုတ်ပြဲရာ မတွေ့ရပေ။

ဘယ်လိုပါလိမ့်... စောစောကပင် မိစ္ဆာကောင်က ဆရာ့ရင်ဘတ်ကို ခွဲကာ ဝင်သွားသည်ကို ကျွန်တော့်မျက်စိဖြင့် တပ်အပ်မြင်တွေ့လိုက်ရလေသည်။ အခုတော့ ဆရာ့တစ်ကိုယ်လုံးမှာ မည်သည့် ဒဏ်ရာဒဏ်ချက်မှ မရှိ။ ပကတိ အကောင်းအတိုင်းပင်။

ကျွန်တော် စဉ်းစားတွေဝေနေဆဲမှာပင် ဆရာဦးဆန်းလွင်က ကြမ်းပြင်ပေါ် လဲကျနေရာမှ ဖြည်းဖြည်းချင်းထပြီး ထိုင်သည်။ လွင့်စင်ကျနေသည့် သူ့မျက်မှန်ကို ကောက်ယူပြီး တပ်ဆင်၏။

ဆရာ့ပါးစပ်မှလည်း တစ်စုံတစ်ရာကို သီချင်းညည်းသလို တီးတိုးရွတ်ဆိုနေသည်။ ထို့နောက် ကျွန်တော့်ဘက်သို့ လှည့်ကြည့်၏။ သူ့မျက်လုံးများထဲတွင် ဘာအရိပ်အယောင် ဘာအဓိပ္ပာယ်မှ ရှိမနေ။ စက္ကူအလွတ်တစ်ရွက်လို ဖြစ်နေ၏။

"ဆရာ... ကျွန်တော်ပါ ဆရာ... နေသွေးလေ... ဆရာ ဘာဖြစ်သွားသေးလဲ"

ဆရာ့နှုတ်မှ ပြန်ဖြေသံ မကြားရ။ တီးတိုးညည်းသံကိုသာ အဆက်မပြတ် ရွတ်ဆိုနေသည်။ မျက်လုံးများကလည်း ကျွန်တော့်ကို တည့်တည့်စိုက်ကြည့်နေဆဲ...။

သူက သူ့ပါးပြင်ကို လက်များဖြင့် အကြိမ်ကြိမ်ကုတ်ခြစ်လိုက်





သည်။ သူ့ပါးပြင်နှစ်ဖက်စလုံး အနီရောင်အစင်းကြောင်းကြီးများ ထလာ၏။ ကျွန်တော့်စိတ်ထဲတွင် တစ်စုံတစ်ရာ မသိုးမသန့်ဖြစ်လာသည်။

ငါ... ငါ... ဒီနေရာက အမြန်ထွက်မှ ဖြစ်မယ်။

ဆရာဦးဆန်းလွင်သည် လူသားပကတိ မဟုတ်နိုင်တော့။ သူ့ကို မကောင်းဆိုးရွား ပူးနေလေပြီ။

ဆရာက ကျွန်တော့်ကိုစိုက်ကြည့်ရင်း သူ့နှုတ်ခမ်းများကို လျှာဖြင့် အကြိမ်ကြိမ်လျက်နေသည်။ သေချာပြီ ဆရာ့ကိုယ်ခန္ဓာထဲတွင် တိရစ္ဆာန်တစ်ပိုင်း လူတစ်ပိုင်း မိစ္ဆာတစ်ကောင် အသက်ဝင်လှုပ်ရှားနေပေပြီ။

ကျွန်တော်က...

"ကျွန်... ကျွန်တော် ဆရာ့အတွက်... ဟိုဒင်း... ဆရာဝန်တစ်ယောက်လောက် သွား... သွားခေါ်လိုက်..."

ကတုန်ကယင်ဖြင့် ပြောရင်း ထရပ်ဖို့ ကြိုးစားလိုက်၏။

နောက်ကျသွားသည်။ ဆရာဦးဆန်းလွင်က ကျွန်တော့်ထက် ဦးအောင် ပြုန်းခနဲ ထရပ်ပြီး အိမ်ရှေ့တံခါးကို သူ့ကိုယ်ခန္ဓာဖြင့် ကွယ်ကာ ပိတ်ဆို့ထားလိုက်သည်။ ထို့နောက်...

"ငါ... နှ... နှ... နှ... ဘာမှ မဖြစ်ပါဘူး နေသွေးရ..."

သူ့စကားက မှုမမှန်ဟု ကျွန်တော်ထင်သည်။ ထို့ကြောင့်...

"ဟင့်အင်း မဖြစ်ဘူး ဆရာ၊ ကျွန်တော် တစ်ယောက်ယောက်ကို သွားခေါ်ပြီး အကူအညီတောင်း..."

"မလုပ်ရဘူး... မင်း... နှ... နှ... မလုပ်ရဘူး နေသွေး၊ ငါ နေကောင်း... နှ... နှ... ပါတယ်ကွ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောရင်း ဆရာက ကျွန်တော့်ကို ပြုံးပြသည်။ သူ့အပြုံးက တစ်မျိုးဖြစ်နေသလို ခံစားရ၏။ ထိုသို့ကြည့်နေစဉ်မှာပင် ဆရာဦးဆန်းလွင်၏နားရွက်ထဲမှ အစိမ်းရောင်ပုဖောင်းလို တစ်စုံတစ်ရာ စူထွက်လာသည်။ နောက် ပုဖောင်းတစ်လုံးပိန်ရှုံ့သွားသလိုပင် နား ရွက်ထဲသို့ ပြန်ကျုံ့ဝင်သွားလေသည်။

ကျွန်တော်က တံခါးပေါက်ဆီပြေးထွက်ဖို့ လမ်းကြောင်းကို မသိမသာ အကဲခတ်ကြည့်ရင်း...

"ကျွန်တော် ဆရာဝန်သွားခေါ်ပေးမယ်..."

"ဆရာဝန်... န... န... န... ခေါ်ဖို့ မလိုပါဘူး နေသွေးရ"

သူက ပြောရင်း ရှေ့သို့ ခြေတစ်လှမ်းတိုးသည်။ သူ့မျက်လုံးများက ကျွန်တော့်ကို တည့်တည့်စိုက်ကြည့်နေ၏။ လုံးဝ မျက်တောင်မခတ်။

သူက ကျွန်တော့်ဆီသို့ လက်တစ်ဖက်ကမ်းပေးရင်း...

"လာပါဦး နေသွေးရ... မင်းနဲ့ ငါ န... န... လက်ဆွဲနှုတ်ဆက်ရအောင်... ခင်မင်တဲ့အထိမ်းအမှတ်ပေါ့... လာပါ..."

"မလုပ်နဲ့..."

ကျွန်တော်က အသံကုန်အော်ဟစ်ရင်း နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်သည်။ ပြီး...

"ဆရာ့ကိုယ်ထဲကို... ဟို... ဟို... အကောင်ကြီး ဝင်... ဝင်သွား..."

ကျွန်တော့်စကားကြောင့် သူပြုံး၏။ သူ့အပြုံးက ရက်စက်ကြမ်းကြုတ်သော တိရစ္ဆာန်ရိုင်းတစ်ကောင်နှင့် တူနေသည်။





ဒီတစ်ကြိမ်တွင်တော့ သူ့နားရွက်နှစ်ဖက်စလုံးထဲမှ အစိမ်းရောင်ပုဖောင်းများ ထွက်လာကြပြီး ချက်ချင်း ပြန်ရှုံ့ဝင်သွားကြသည်။

သူက...

"မကြောက်ပါနဲ့ကွာ... နာလည်း မနာကျင်စေရပါဘူး၊ ခဏကလေးပဲ ပြီးသွားမှာပါ၊ ငါ့ကိုယ်ထဲက အကောင်က မင်းရဲ့ခန္ဓာကိုယ်ထဲမှာလည်း နေချင်တယ်လို့ ပြောနေတယ်..."

"ဟင့်အင်း... ဟင့်အင်း... မလုပ်နဲ့..."

သူက ရှေ့သို့ တိုးမြဲ တိုးလာနေသည်။ နောက်ပြီး မိစ္ဆာဆန်ဆန် ပြုံးရင်း...

"မင်းခန္ဓာကိုယ်ကို ပေးလိုက်ပါ နေသွေးရာ... မင်းနဲ့ငါ အတူတူ ဖြစ်သွားတာပေါ့၊ ပြီးရင် တခြားလူတွေရဲ့ကိုယ်ထဲကိုလည်း မင်းနဲ့ငါက တစ်ဆင့် လိုက်ထည့်ပေးကြရအောင်၊ လာပါကွာ... လက်ဆွဲနှုတ်ဆက်ရုံလေးတင်ပါ... ကိုင်း..."

ပြောပြောဆိုဆိုနှင့် လက်ဆွဲနှုတ်ဆက်ရန် သူ့လက်တစ်ဖက်ကို ဆန့်ထုတ်ပေးလာရာ...

"သွား... ခင်ဗျား ကျုပ်အနားမကပ်နဲ့..."

ကျွန်တော်က ခါးပတ်ကိုသတိရပြီး အမြန်ဖြုတ်ယူကာ သူ့လက်ကို ခါးပတ်ဖြင့် လွှဲရိုက်လိုက်သည်။ သူက အလန့်တကြား နောက်သို့ဆုတ်ကာ ရှောင်လိုက်သဖြင့် မထိလိုက်။

သို့သော် သူ သတိလက်လွတ်ဖြစ်သွားသည်ကို အခွင့်ကောင်းယူကာ အိမ်ရှေ့တံခါးဆီသို့ ကျွန်တော် လွှားကနဲခုန်ကာ ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးလက်ကိုင်ဘုကို ဆုပ်မိသည်နှင့် တစ်ပြိုင်နက် ဝုန်းခနဲ ဆွဲ ဖွင့်လိုက်ရာ

"ဟဲ့... အမယ်လေး... ဘယ်လိုဖြစ်တာလဲ သားရယ်၊ အလန့် တကြား..."

"ဟင်... မေမေ"

အိမ်ထဲသို့ဝင်ရန် ဟန်ပြင်နေသော မေမေနှင့် တည့်တည့်တိုးသည်။ မေမေ့နောက်တွင် ညီမလေး ငြိမ်း...။

"မေမေ... မေမေ... အိမ်ထဲကို မဝင်နဲ့..."

"ဟဲ့... ဘာဖြစ်လာတာလဲ"

"ဟို... ဟို... အကောင်ကြီး... လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်းနဲ့..."

ကျွန်တော်က အိမ်ထဲသို့ လက်ညှိုးထိုးပြရင်း အလောတကြီးပြော လိုက်သည်။ ပြောရင်း လှည့်ကြည့်လိုက်သောအခါ မိစ္ဆာကောင်က ကျွန် တော့်နောက်ကျောတည့်တည့်တွင် ရောက်နေလေပြီ။

■





# အခန်း (၆)

မေမေက ပါးစပ်အဟောင်းသား ဖြစ်သွားပြီး...

"ဘာ... သူ... သူက..."

ကျွန်တော့်ကို တစ်လှည့် နောက်တွင်ရပ်နေသော ဆရာဦးဆန်းလွင် ကို တစ်လှည့် ကြည့်ရင်း မေမေက အထစ်ထစ်အငေါ့ငေါ့ ရေရွတ်လိုက်၏။

ဦးဆန်းလွင်က ဖြုန်းခနဲ ရှေ့သို့ တိုးထွက်လိုက်ပြီး...

"ကျွန်တော်က နေသွေး... နု... နု... တို့ အင်္ဂလိပ်စကားပြော သင်တန်းက ဆရာပါ၊ ကျွန်တော့်နာမည် ဆန်းလွင်လို့ခေါ်ပါတယ်... အစ်မကြီး"

"သြော်... သားကြီးရဲ့ဆရာလား... အားနာစရာကြီး၊ ဟဲ့... သား ဆရာ့ကို ဘာတွေ လျှောက်ပြောနေတာလဲ"

"အရင်... အရင်တုန်း ကတော့ ဟုတ်တယ် မေမေ၊ အခုတော့ သူ့ သူ့ကိုယ်ထဲမှာ လူတစ်ပိုင်း... တိရစ္ဆာန်တစ်ပိုင်း ဟို... အဲဒါ..."

ထိုစဉ် မေမေ့နောက်ဘက်၌ ကပ်လျက်ရပ်နေသော ညီမလေးငြိမ်းက ဆရာဦးဆန်းလွင်ကို စူးစူးစိုက်စိုက်ကြည့်နေရာမှ မျက်နှာလွှဲပြီး...



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ လူစစ်စစ်ဆိုတာကော ရှိလို့လား၊ လူတွေအားလုံးရဲ့ အတွင်းစိတ်မှာ တိရစ္ဆာန်ဆန်တဲ့စိတ်ရိုင်းတွေ အလိုရမ္မက်တွေနဲ့ ညစ်ပတ် နေကြတာချည်းပါပဲ"

သူမဘာသာ သူမ တစ်ယောက်တည်း ညည်းတွားသလို ပြော၏။

ထိုစကားကို ကြားလိုက်ရသောအခိုက်အတန့်တွင် ဦးဆန်းလွင်၏ မျက်လုံးများက ဖျတ်ခနဲ အရောင်တောက်ပသွားသည်။

"ကြည့်စမ်း၊ အစ်မကြီးရဲ့သမီးလေးက အရွယ်နဲ့မလိုက်အော စဉ်းစားတတ်တယ်နော်၊ သူပြောတာ သိပ်လေးနက်တာပဲ"

မေမေက ကျေနပ်မှုကို ဖုံးကွယ်ထားလိုဟန်ဖြင့်...

"အင်း... တစ်ခါတစ်ခါ သမီးပြောတာတွေအကုန်လုံးကို ကျွန် တောင် နားမလည်ဘူး၊ သမီးက ဒဿနစာအုပ်တွေ ဘာတွေလည်း ဖ တယ်၊ ခက်တာက သားအကြီးကောင်ပဲ၊ ဒီအသက်အရွယ်ထိ ဖတ်လို ရင် သရဲဝတ္ထုတွေ... ဂမ္ဘီရတွေ... တမလွန်အကြောင်းတွေချည်းပဲ၊ မဖ ပါနဲ့ဆိုလည်း ပြောလို့မရဘူး"

မေမေက ဆက်ပြီး...

"အဲဒါ ဆရာလည်း သူ့ကို ဆုံးမပေးပါဦး၊ မိဘတစ်ယောက်အနေ ကျွန်မတို့ဘက်က လိုအပ်ချက်ရှိရင်လည်း ပြောပါ၊ ဩော်... ဒါနဲ့ ကို ကိုယ်ကိုယ် မိတ်ဆက်ဖို့တောင် မေ့နေတယ်၊ ကျွန်မနာမည်က မသန်း ဆရာ..."

"ဟုတ်ကဲ့ပါ... အစ်မကြီး၊ အခုလို မိတ်ဆွေဖြစ်... န... န... ရတာ ဝမ်းသာပါတယ်"





ပြောပြောဆိုဆိုဖြင့် ဦးဆန်းလွင်က လက်ဆွဲနှုတ်ဆက်ရန် လက်တစ်ဖက်ကမ်းပေးလိုက်သည်။

ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။

မေမေကလည်း နှုတ်ဆက်ရန် ညာဘက်လက်ကို ကမ်းပေးနေလေပြီ။

"မလုပ်နဲ့..."

ကျွန်တော်က အော်ဟစ်လိုက်ရင်း မေမေ့လက်ကို ဆတ်ခနဲဆွဲဖယ်လိုက်၏။

"အမယ်လေး... ကျွတ်... ကျွတ်... ဘယ်လိုလုပ်လိုက်တာလဲ သားရယ်..."

မေမေက နာကျင်သွားဟန်ဖြင့် သူမ၏လက်ကို တဖွဖွဆုပ်နယ်ရင်း ကျွန်တော့်ကို အပြစ်တင်ကာ ညည်းညူနေသည်။ ကျွန်တော်က...

"သူ့ကို... သူ့ကိုမထိနဲ့ မေမေ၊ ဟိုအကောင်ကြီးက မေမေ့ကိုယ်ထဲကိုပါ ဝင်သွားလိမ့်မယ်... ဖယ်ပါဆိုနေ..."

မေမေက ကျွန်တော့်ကို မယုံသလို စိုက်ကြည့်နေသည်။ ထိုစဉ် ဦးဆန်းလွင်က...

"ပြဿနာကတော့ အဲဒါပဲ အစ်မကြီးရေ၊ နေသွေးက ကျွန်တော့်အတန်းထဲမှာ စာတော့ တော်ပါရဲ့၊ ဒါပေမဲ့ ခက်နေတာက အဲဒီလို ယုတ္တိယုတ္တာမရှိတဲ့ ဇာတ်လမ်းတွေ စိတ်ကူးယဉ်ပြီး တောင်ပြော မြောက်ပြော ပြောတတ်တာပဲ၊ ကျွန်တော့်အတန်းထဲက တခြားကျောင်းသားတွေကို သူ အဲဒီလိုပြောပြီး ခြောက်လှန့်တတ်တာ အမြဲတမ်းလိုလိုပဲ"

"ရှင်... ဟုတ်လား..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အတန်းထဲက ကျောင်းသားတွေအားလုံးက သူ့ကိုဝိုင်းပြီး ကြည့်ထားကြတော့ အခု သူက တစ်ယောက်တည်း အပယ်ခံဖြစ်နေတယ်၊ ဒါကြောင့်ပဲ ထင်ပါရဲ့၊ သူ ကျွန်တော့်အတန်းကို မတက်ဘဲ ကျောင်းပြေးနေတာ ကြာပြီ"

ကျောင်းပြေးနေတာ ကြာပြီ... ဟူသော စကားကြောင့် မေမေက ကျွန်တော့်ကို ဒေါသဖြင့် ဖျတ်ခနဲ လှမ်းကြည့်၏။ ကျွန်တော် ဘယ်လို ရှင်းပြရမည်မှန်း မသိ။ ထိုအချိန်မှာပင် ဆရာဦးဆန်းလွင်က...

"ဒီနေ့လည်း ကျွန်တော့်အတန်းရှိတာ သူက မတက်လို့ အကျိုးအကြောင်းသိရအောင် န... န... ကျွန်တော် လိုက်လာတာပဲ အစ်မကြီးရဲ့"

"မဟုတ်ဘူး မေမေ၊ ကျွန်တော်ပြောတာ နားထောင်ပါဦး၊ သူ့... သူ့ကိုယ်ထဲမှာ ဟိုဒင်း..."

ကျွန်တော်က စကားကိုအတင်းဝင်လုပြီး ပြောဖို့ ကြိုးစားသော်လည်း မေမေ့ဒေါသက အရှိန်ကောင်းကောင်းဖြင့် လောင်ကျွမ်းစ ပြုနေလေပြီ။

"တိတ်စမ်း နေသွေး၊ နင် ကျောင်းပြေးနေတာ ဘယ်လောက်ကြာပြီလဲ"

"နှစ်... နှစ်ပတ်ပါ... ဒါပေမဲ့... ကျွန်တော်ပြောချင်..."

"ပါးစပ်ပိတ်ထားစမ်း... နေသွေး"

ကျွန်တော်တို့သားအမိနှစ်ယောက်ကြားသို့ ဦးဆန်းလွင်က ဝင်လာပြီး...





"ကဲပါလေ၊ ကလေးကို သိပ်လည်းမဆူပါနဲ့၊ အကျိုးအကြောင်း နားလည်အောင် ရှင်းပြတာလောက်ပဲ ကောင်းပါတယ်၊ သူလည်း ငယ်တော့တဲ့အရွယ်မှ မဟုတ်တာ သိမှာပါ"

ထိုသို့ပြောရင်း ကျွန်တော့်ဘက်သို့ လှည့်ကာ မျက်စိတစ်ဖက်ကို မသိမသာ မှိတ်ပြပြီး ပြုံးလိုက်၏။

ကျွန်တော် အရမ်းဒေါသဖြစ်သွားသည်။ ထို့ကြောင့် ကျွန်တော်က...

"မေမေ ကျွန်တော့်ကို ယုံစမ်းပါ မေမေရာ...၊ မှော်ပညာနဲ့ လုပ်ထားတဲ့အရုပ်ကလေး... အဲ... အဲဒီအရုပ်ကလေးထဲကို ကျွန်တော့် သွေးတစ်စက် ကျသွားတော့... အသက်ဝင်လာ..."

"ဘာ... ဘာအရုပ်... အဲဒီအရုပ်ကို နင် ဘယ်က ရလာသလဲ"

မေမေ့စကားအဆုံးတွင် ကျွန်တော့်မှာ ဖြေစရာမရှိ။

ဒုက္ခပဲ... ငါ ဘယ်လိုပြောရမလဲ...

အမှန်အတိုင်းပြောရလျှင် သူများအိမ်ထဲသို့ ညကြီးအချိန်မတော် တိတ်တဆိတ်ဝင်ပြီး ပိုင်ရှင်မသိအောင် ခိုးယူလာသည့်အကြောင်း ဝန်ခံရတော့မည်။

ထိုအတွေးဖြင့် ဘာပြန်ဖြေရမည်မှန်းမသိဘဲ ကျွန်တော် ငိုင်တွေဆွံ့အနေလေသည်။

မေမေက ကျွန်တော် ငိုင်နေသည်ကို ကြည့်ပြီး ဘယ်လို သဘောပေါက်လိုက်သည် မသိ။ ဒေါသကို ထိန်းချုပ်ထားရသောအသံဖြင့်...

"ကဲ... ကဲ... ဘာမှ ပလီစိချောက်ချက်ပြောဖို့ စဉ်းစားမနေနဲ့တော့၊ တော်ပြီ... ဒီမှာ ညီမလေးကလည်း နေကောင်းတာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ စိတ်ညစ်စရာတွေများရတဲ့ကြားထဲ”

အခုအချိန်မှာ မေမေစိတ်ညစ်တာထက် ကျွန်တော်က ပိုတောင် စိတ်ညစ်ပါသေးတယ်... ဟု ပြောလိုက်ချင်သည်။ သို့သော် ကျွန်တော့် နှုတ်မှ ဘာစကားလုံးမှ ထွက်ကျမလာ။

ထိုအခိုက်မှာပင် ဦးဆန်းလွင်က ခေါင်းတညိတ်ညိတ်လုပ်ရင်း...

“အစ်မကြီးရယ်... ဒီလောက်ကြီးလည်း စိတ်မညစ်ပါနဲ့၊ နေသွေး ကိစ္စက သူ့ကိုယ်သူ ထိန်းလိုက်ရင် အဆင်ပြေသွားမှာပါ၊ ကဲ... ကဲ... နေသွေး... မင်းကလည်း အမေ့စိတ်တိုင်းကျဖြစ်အောင် ကြိုးစားပေါ့... ဟုတ်ပြီလား၊ ကိုင်း... အစ်မကြီး ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး”

“သြော် ဟုတ်ကဲ့ပါရှင်... အားနာစရာကောင်းလိုက်တာ၊ ဘာမှ လည်း ဧည့်မခံလိုက်ရဘူး”

“ရတယ်... ရတယ် အစ်မကြီး ကိစ္စမရှိဘူး၊ ကဲ... သွားဦးမယ်ဗျာ”

ဦးဆန်းလွင်က ပြောပြောဆိုဆိုဖြင့် လှေကားထစ်များအတိုင်း ဆင်း သွားသည်။ မေမေ့ကို ဘယ်အချိန် လက်ဆွဲနှုတ်ဆက်လိုက်မလဲ... ဟု ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေရသော ကျွန်တော်လည်း အခုမှပင် သက်ပြင်းချနိုင်တော့သည်။

ကျွန်တော့်သက်ပြင်းချသံကြောင့် မေမေက လှည့်ကြည့်ပြီး...

“ခုထိ ဒီမှာ ဘာရပ်လုပ်နေသေးတာလဲ”

“မေမေကလည်း ကိုကြီးကိုချည်းပဲ ဆူနေတာပဲ”

တစ်ချိန်လုံး ငြိမ်ငြိမ်ကလေးရပ်နေသော ငြိမ်းက ဝင်ပြော၏။ ကျွန်တော်က ညီမလေးကို ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်မိပြီးနောက်





မေမေ့ကိုပင် ဘာမှပြောမနေတော့ပဲ အပေါ်ထပ်ရှိ ကျွန်တော့်အခန်းရှိရာ ဆီသို့ ပြေးတက်ခဲ့၏။

ကျွန်တော့်အခန်း ပြတင်းပေါက်မှ လှမ်းကြည့်လျှင် အိမ်ခြံဝင်းတံခါးဝ ရော အိမ်ရှေ့လမ်းမကိုပါ မြင်နိုင်သည်။

အပေါ်ထပ်ပြတင်းပေါက်မှ ကျွန်တော် လှမ်းကြည့်လိုက်သည့်အချိန် တွင် ဦးဆန်းလွင်ကား ခြံတံခါးဝသို့ပင် ရောက်နေလေပြီ။ သူက နောက် ဘက်သို့ တစ်ချက်မျှပင် လှည့်မကြည့်ချေ။

လမ်းပေါ်တွင် ဖြတ်သန်းသွားလာနေကြသည့် လူများကို မြင်နေ ရသည်။ ကျွန်တော့်ရင်ထဲမှာ လှမ်းအော်ပြီး သတိပေးလိုက်ချင်စိတ်ဖြင့် ပူလောင်မွန်းကျပ်လာ၏။

သတိထားကြ... အခုလာနေတဲ့လူဟာ မကောင်းဆိုးဝါးပဲ...

သူ့လက်နဲ့ မထိမိကြစေနဲ့... ပြေးကြ... ပြေး...

ကျွန်တော့်နားထင်စပ်မှာ သွေးတွေ တဒိုင်းဒိုင်းဆောင့်တိုးနေ၏။ အဲဒီလို လိုက်ပြီး အော်ပြောပြန်လျှင်လည်း လူတွေအားလုံးက ကျွန်တော့် ကိုသာ ‘အရူး’ဟု ထင်ကြလိမ့်ဦးမည်။

စိတ်ထဲမှာ ယောက်ယက်ခတ်နေ၏။

ထိုစဉ် ဦးဆန်းလွင်က သူနှင့် မျက်နှာချင်းဆိုင်မှ လာနေသူတစ်ဦး ကို လှမ်းပြီး နှုတ်ဆက်လိုက်သည်ကို တွေ့ရသည်။

မီးခိုးရောင်ဝတ်စုံနှင့် စာပို့သမားတစ်ယောက်ဖြစ်၏။

ဦးဆန်းလွင်က ထိုစာပို့သမားနှင့် တရင်းတနှီး စကားရပ်ပြောနေ သည်။ နောက်... သူက ညာဘက်လက်ကို ဆန့်တန်းပေးပြီး စာပို့လုလင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် လက်ဆွဲနှုတ်ဆက်လိုက်သည်ကို မြင်လိုက်ရလေတော့သည်။

ခဏလေးသာ ကြာလိုက်သည်။ ဆရာဦးဆန်းလွင် စာပို့သမားကို ရင်းနှီးစွာ ပခုံးပုတ်နှုတ်ဆက်ပြီး သူ့လမ်းသူ ဆက်လျှောက်သွား၏။

စာပို့လုလင်၏နားရွက်ထဲမှ အစိမ်းရောင်ပုဖောင်းလိုမျိုး ထွက်လာပြီး ပြန်ရှုံ့ဝင်သွားသည်။ ထိုနောက် သူသည်လည်း စာများကိုဝေရန် ဆက်လျှောက်သွား၏။

ကြောက်လွန်းသောကြောင့် အော်ဟစ်လိုက်မိတော့မလို ဖြစ်ပြီးမှ ကျွန်တော် စိတ်ကို မနည်းထိန်းထားလိုက်ရသည်။

ဘုရား... ဘုရား...

စာပို့လုလင်ရဲ့ကိုယ်ခန္ဓာထဲကိုလည်း မိစ္ဆာကောင် ပူးဝင်သွားပါရောလား...

ကျွန်တော့်ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။

စာပို့လုလင်ဆိုသည်က တစ်အိမ်ဝင် တစ်အိမ်ထွက် နေ့စဉ်သွားနေရသူ ဖြစ်၏။

အခု ဒီအတိုင်းဆိုလျှင် ထိုစာပို့သမားက တစ်ဆင့် မိစ္ဆာကောင်သည် လူပေါင်းမြောက်မြားစွာဆီသို့ ကူးစက်ပေတော့မည်။

ဒုက္ခပဲ... ဘယ်လိုလုပ်ရမလဲ...

ငါ... ငါ... ဘာလုပ်ရမလဲ...

■



## အခန်း (၇)

ကျွန်တော် အကူအညီတောင် ရမည့်သူ... ဟူ၍ တစ်ဦးတည်းသာ ရှိတော့သည်။

ထိုသူကား အိမ်ခေါင်းရင်းခြံက ဦးပြည်စိုးပင်။

ကျွန်တော် သူ့ဆီသို့သွားပြီး အဖြစ်အပျက်အားလုံးကို ဖွင့်ပြောမှ ဖြစ်တော့မည်။ သူ့ထံမှ အရုပ်ကလေးတစ်ရုပ် ခိုးယူလာခဲ့သည်ကိုလည်း ဝန်ခံရပေတော့မည်။

ဘယ်လိုနည်းဖြင့် တောင်းပန်ရ တောင်းပန်ရ သူ ကျေနပ်သည်အထိ တောင်းပန်ဖို့ကိုလည်း ကျွန်တော်ဆုံးဖြတ်ထားပြီး ဖြစ်၏။

သူ ပိုင်ဆိုင်သော မှော်သွင်းအရုပ်ကို သူကိုယ်တိုင်တော့ ထိန်းချုပ်နိုင်ကောင်းပါရဲ့ ဟု ကျွန်တော် မျှော်လင့်အားကိုးစွာဖြင့် ဆုတောင်းနေမိလေသည်။

※



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး… ဦးလေး… တံခါးဖွင့်ပါဦး"

သူ့အိမ်ရှေ့တံခါးကို တဒုန်းဒုန်းထုရိုက်ပြီး ကျွန်တော် အော်ခေါ်နေမိသည်။ အထဲမှ ပြန်ထူးသံမကြားရ။

"ဦးလေး တံခါးဖွင့်ပါဦးဗျ အရေးကြီးလို့ပါ"

နောက်ဆုံး စိတ်မရှည်တော့သဖြင့် တံခါးသော့ရှိရာ လက်ကိုင်ကို လှည့်ဖွင့်ကြည့်သည်။ ကံအားလျော်စွာပင် တံခါးသော့က ပွင့်သွား၏။

တံခါးကို အလောတကြီးပင် တွန်းဖွင့်ပြီး အိမ်ထဲသို့ ပြေးဝင်လိုက်သည်။ အခန်းထဲမှ ထွက်လာသော ဦးပြည်စိုးကို ဝင်တိုးမိမတတ်ဖြစ်သွား၏။

ဦးပြည်စိုးက အပေါ်အောက် အနက်ရောင်ဆင်တူဝတ်စုံကို ဝတ်ထား၏။ ကျွန်တော်က

"ဦး… ဦးလေး… ကျွန်… ကျွန်တော်… ဟို…"

တကယ်တမ်း တွေတွေဆိုင်ဆိုင်တွေ့သောအခါတွင် ကျွန်တော် ဘယ်က ဘယ်လိုစပြောရမည်မှန်း မသိတော့။ စကားတွေ တုန်ယင်ထစ်အနေ၏။

သူက နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ထားလျက်က ကျွန်တော့်မျက်လုံးများကို တည့်တည့်စိုက်ကြည့်ပြီး…

"မင်း မနေ့ညက ငါ့ဆီက အရုပ်တစ်ရုပ် ခိုးသွားတယ်မဟုတ်လား"

"ဟုတ်… ဟုတ်ကဲ့"





ကျွန်တော် တုန်ယင်စွာဖြင့် အဖြေပေးလိုက်သည်။ သူ အကြီးအကျယ်ဒေါသပုန်ထလိမ့်မည်… ဟု ကျွန်တော် မျှော်လင့်ထားသော်လည်း ထင်ထားသည့်အတိုင်း ဖြစ်မလာ။

သူက လက်နှစ်ဖက်ကို နောက်ပစ်ထားပြီး မျက်နှာကျက်ဆီသို့ ခပ်မော့မော့ကြည့်ရင်း အေးစက်စက်လေသံဖြင့်…

"အင်း… ခုတော့ ငါ့လျှို့ဝှက်ချက်ကို မင်း ရိပ်မိသွားပြီပေါ့…"

"ဟုတ်ကဲ့၊ ပြီး… ပြီးတော့ အဲဒီအရုပ်က အသက်ဝင်ပြီး…"

"ဘာ… မင်း ဘာပြောလိုက်တယ်"

သူ အော်ဟစ်လိုက်ပုံက မိုးကြိုးပစ်သံလို သိမ့်သိမ့်တုန်ခါသွားစေလေသည်။

ကျွန်တော်က အရုပ်၏ဝမ်းဗိုက်ကို ခွဲကြည့်ရာမှ ပြန်ချုပ်ပေးနေစဉ်လက်ကို အပ်စူးမိပြီး သွေးစက်ကျသွားပုံမှစပြီး အခုနောက်ဆုံး စာပို့လုလင်၏ကိုယ်ထဲသို့ပါ မကောင်းဆိုးရွားပူးဝင်သွားပြီ ဖြစ်သည့်အကြောင်းအားလုံးပြောပြလိုက်သည်။

ဦးပြည်စိုးက တစ်ခွန်းမှ ကြားဝင်မပြောဘဲ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် အလေးအနက်ထားပြီး နားထောင်နေ၏။ အားလုံးပြီးမှ…

"အင်း… အခုကော မင်း ဘယ်လိုလုပ်မယ်လို့ စဉ်းစားထားလဲ"

"ကျွန်… ကျွန်တော် ဘာမှ မစဉ်းစားတတ်တော့ဘူး… ဦးလေး၊ အဲဒါကြောင့် အခု ဦးလေးကို အကူအညီလာတောင်းတာ"

ဦးပြည်စိုးက မျက်မှောင်ကိုကြုတ်ကာ အဝေးဆီသို့ငေးနေရင်း မေးစေ့ကို ပွတ်လျက် စဉ်းစားနေ၏။ အတော်ကြာအောင် ငြိမ်သက်စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နေပြီးမှ ထိုင်နေရာမှ ထကာ စာအုပ်စင်ရှိရာဆီသို့ သွားသည်။

ထို့နောက် အနက်ရောင်သားရေဖုံးစာအုပ်ထူကြီး တစ်အုပ်ကို ထုတ်ယူကာ စာမျက်နှာတစ်နေရာသို့ လှန်ပြီး စေ့စေ့စပ်စပ် ဖတ်ကြည့်နေပြန်၏။

ပြီးမှ… ကျွန်တော့်ဆီသို့ပြန်လာကာ မျက်နှာချင်းဆိုင်တွင် ထိုင်ချလိုက်ပြီး…

“စိတ်တော့မပူပါနဲ့၊ ဒီကိစ္စကို ငါကိုင်တွယ်လို့ ရပါတယ်၊ သိပ်မကြာပါဘူး၊ တစ်ရက်နှစ်ရက်လောက်ပဲ စောင့်ရမှာပါ၊ အရေးကြီးတာက နှုတ်လုံဖို့ပဲ၊ ဒီအကြောင်းကို မင်းနဲ့ငါ နှစ်ယောက်တည်းက လွဲပြီး ဘယ်သူမှ မသိစေနဲ့၊ ငါ့အကြောင်းကိုလည်း အချိန်မကျခင် ဘယ်သူ့ကိုမှ မသိစေချင်ဘူး၊ ဟုတ်ပြီလား”

“ဗျာ… ဒါ… ဒါဆို ကျွန်တော်က ဘာလုပ်ရမှာလဲ”

သူက ခပ်အေးအေး အေးအမူအရာဖြင့်ပင် ကျွန်တော့်ဘက်သို့ လက်ဝါးတစ်ဖက်ကာပြပြီး ပြောသည်။

“စိတ်အေးအေးထား နေသွေး၊ မင်းလုပ်ရမယ့်အလုပ်က အိမ်ကို ပြန်ပြီး ဟန်မပျက်နေဖို့ပဲ… စိတ်အေးအေးသာနေ… ကြားလား… ပျာယာ ခတ်နဲ့… အမူအရာမပျက်နဲ့…”

“ဟုတ်ကဲ့… ဒါပေမဲ့… ဟိုဒင်း…”

ဦးပြည်စိုးက ကျွန်တော့်စကားကို ဆက်ပြီးနားထောင်နေခြင်း မရှိတော့။ သူက ထိုင်နေရာမှ ထပြီး ကျွန်တော့်ကို ကျော်ခိုင်းကာ အခန်းထဲ ပြန်ဝင်ဖို့ တစ်လှမ်းချင်းလျှောက်သွားနေရာမှ တုံ့ခနဲရပ်၍…

“ဘယ်သူ့ကိုမှ လျှောက်မပြောနဲ့နော်၊ လူတွေ အထိတ်တလန့်ဖြစ်





ကုန်ရင် လုပ်ရကိုင်ရတာ ပိုခက်သွားလိမ့်မယ်၊ ဩော်… ဒါနဲ့ မင်း ငါ့ကို ကူညီနိုင်တာတစ်ခုတော့ ရှိတယ်”

“ဗျာ… ဘာကူညီရမလဲ ဦးလေး”

သူက မျက်မှောင်ကို ကုပ်ကာ…

“စာရင်းတစ်ခု ပြုစုထား”

“ခင်ဗျာ… ဘယ်… ဘယ်လိုစာရင်းမျိုးလဲ”

“မကောင်းဆိုးဝါး ဝင်ပူးသွားတယ်လို့ ယူဆရတဲ့သူတွေအားလုံးရဲ့ နာမည်တွေကို ချရေးထားကွာ၊ လမ်းမှာ လူတစ်ယောက်နဲ့ တစ်ယောက် လက်ဆွဲနှုတ်ဆက်နေကြတာ တွေ့ရင် မသိမသာစောင့်ကြည့်၊ အဲဒီလူတွေကို မှတ်ထား၊ မကောင်းဆိုးဝါးကောင်ရဲ့ ပင်ရင်းဇစ်မြစ်ကို ငါတို့ ရှင်းပြီးတဲ့အခါကျရင် အဲဒီလူတွေရဲ့စာရင်းကို အရေးတကြီးလိုလာလိမ့်မယ်၊ ငါပြောတာ သဘောပေါက်လား”

“ဟုတ်ကဲ့ သဘောပေါက်ပါတယ် ဦးလေး”

နောက် သူက တစ်စုံတစ်ရာကို သတိရဟန်ဖြင့်…

“ဩော်… ဒါပေမဲ့ မင်း သတိတော့ထားနော်၊ မင်းရဲ့အသက် အန္တရာယ်ကို ထိခိုက်စေမယ့်ကိစ္စမျိုးကို ရှောင်…။ အတင့်မရဲနဲ့ ကြားလား၊ အိုကွာ… မလိုအပ်ဘဲနဲ့ လုံးဝမစွန့်စားနဲ့ နေသွေး၊ ငါပြောတာ ကြပ်ကြပ် ဂရုစိုက်နော်”

သူ့စကား၏အတိမ်အနက်ကို ခန့်မှန်းမိပြီး ကျွန်တော် ကြက်သီးထသွားသည်။

မှန်သည်။ ကျွန်တော့်အတွက် အန္တရာယ်သည် နေရာတိုင်း အချိန်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းမှာရှိနိုင်သလို ကိုယ့်ကိုနှုတ်ဆက်လာမည့် လူတိုင်းထဲမှလည်း ဘွားခနဲ ကြုံလိုက်ရနိုင်သည် မဟုတ်ပါလား။

※

ဦးပြည်စိုး၏ခြံဝင်းထဲမှ ထွက်ပြီး လမ်းမပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် စိတ်ထဲတွင် လုံခြုံမှုကင်းမဲ့သွားသလို ခံစားလိုက်ရသည်။ ထို့ကြောင့် ခြေလှမ်းတစ်ရာမျှသာဝေးသော ဘေးချင်းကပ်လျက် ကျွန်တော့်အိမ်ဆီသို့ တစ်ဟုန်ထိုးပြေးလာခဲ့၏။

သို့သော်...

အိမ်ခြံဝင်းတံခါးရှေ့မရောက်ခင်မှာပင် ကျွန်တော့်ခြေလှမ်းများက တုံ့ခနဲ ရပ်တန့်သွားကြသည်။

ခြံအဝင်တံခါးရှေ့၌ လူလေးယောက်က ပိတ်လျက်သား ကျွန်တော့်အလာကို ရပ်စောင့်နေကြ၏။

အောင်ကျော်မိုး၊ ဝေဠု၊ သဇင်နှင့် မီမိချို။ သူတို့လေးယောက်စလုံးက ကျွန်တော်နှင့်အတူ အင်္ဂလိပ်စကားပြောသင်တန်း တက်နေကြသော သူငယ်ချင်းများ ဖြစ်ကြ၏။

ဝေဠုက ကျွန်တော့်မျက်နှာကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်ရင်း...

"ငါတို့ အခုလေးတင် ဆရာဦးဆန်းလွင်နဲ့ တွေ့ခဲ့သေးတယ်ကွ"

"ဘာ..."

ကျွန်တော် တုန်လှုပ်သွားသည်။ အောင်ကျော်မိုးက...





"မင်းကလည်းကွာ ဆရာ့ကိုတွေ့ခဲ့တယ်လို့ ပြောလိုက်ရုံနဲ့ ဘာဖြစ်သွားရတာလဲ၊ ဘာလဲ မင်း ဒီနေ့ အတန်းလစ်တဲ့ကိစ္စကို ဆူမှာစိုးလို့လား၊ ဟား... ဟား... ဆရာလည်း ဒီနေ့ အတန်းချိန်ကုန်ခါနီးမှ ရောက်လာဘာကွ၊ ဘာမှ မသင်ဖြစ်ဘူး"

"နေ... နေစမ်းပါဦး၊ ဆရာက မင်းတို့ကို လက်ဆွဲနှုတ်ဆက်လိုက်သေးလား"

ကျွန်တော်က အဓိကသိချင်နေသောကိစ္စကိုသာ အမောတကောမေးလိုက်သည်။ သဇင်က ကောင်းကောင်းမကြားလိုက်သလို မျက်မှောင်ကျုံ့ပြီး ပြန်မေး၏။

"ဘာရယ်... ဆရာက ငါတို့ကို ဘာလုပ်..."

"နင်တို့ကို ဆရာက လက်ဆွဲနှုတ်ဆက်လိုက်သေးသလား... လို့ မေးနေတာဟ... ဖြေစမ်းပါ... မြန်မြန်"

သူတို့လေးဦးသား အပြန်အလှန် အကြည့်ချင်း ဖလှယ်လိုက်ကြသည်။ ထို့နောက် သူတို့က ကျွန်တော့်ဆီသို့ တဖြည်းဖြည်းချင်းကပ်လာကြ၏။ ဝေဠုက...

"အေး... ဆရာက ငါတို့တစ်ယောက်ချင်းစီကို လက်ဆွဲနှုတ်ဆက်လိုက်တယ် နေသေး..."

"ဟင်..."

ကျွန်တော့်ရင်ထဲတွင် တစ်စုံတစ်ခု လစ်ဟာသွားသလို ခံစားလိုက်ရသည်။ ကြောက်စိတ်ကြောင့် ကျွန်တော့်ခြေထောက်တွေ လှမ်းကြွ၍ မရတော့။



www.burmeseclassic.com

www.burmeseclassic.com



"မလာနဲ့… မင်းတို့… မင်းတို့ ငါ့အနားကို မလာကြနဲ့နော်… အား…"

နောက်ကျသွားပေပြီ။

အော်ကျော်မိုးနှင့် ဝေဠုက ကျွန်တော့်ကို ဝဲယာမှ ညှပ်ပူးညှပ်ပိတ် နေရာယူပြီး ရပ်လိုက်ကြ၏။

ထို့နောက်…

သူတို့၏ညာဘက်လက်များကို ကျွန်တော့်ဆီသို့ ဆန့်တန်းလိုက်ကြလေသည်။

■





## အခန်း (၈)

"အား…"

သူတို့နှစ်ယောက်စလုံး၏လက်များက ကျွန်တော့်ညာဘက်လက်ကို ဖမ်းယူဆုပ်ကိုင်လိုက်ကြသည်။

ကျွန်တော်ရုန်းသည်။ မရ တင်းကြပ်လာ၏။

"ဟား… ဟား… ဟား…"

"ဟီ… ဟီ… အရမ်းရယ်ရတာပဲ"

သဇင်နှင့် မီမီချိုတို့၏ရယ်သံများကြောင့် ကျွန်တော့်စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွား၏။

ငါ… ငါ… ဘာဖြစ်သွားပြီလဲ… ကိုယ့်ခံစားမှုကို ကိုယ် ပြန်စစ်ဆေးကြည့်လိုက်သည်။

မည်သို့မျှမထူးခြား။ ဘာမှ မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဠုနှင့် အောင်ကျော်မိုးတို့ကတော့ ကျွန်တော့်လက်ကို နှုတ်ဆက်သလိုလိုနှင့် တအားဆွဲခါရင်း မျက်နှာပြောင်စပ်စပ်ဖြစ်နေကြ၏။

"ဟား... ဟား... ဟား..."

နောက်ဆုံးတွင် သူတို့နှစ်ယောက်စလုံး အော်ကြီးဟစ်ကျယ်ရယ်မောရင်း ကျွန်တော့်လက်ကို လွှတ်လိုက်ကြတော့သည်။

ကျွန်တော်ကတော့ စိတ်တိုပြီး အသားတွေပင် တဆတ်ဆတ်တုန်လာ၏။

တောက်... ဒါ နောက်စရာလား...

သို့သော် ကြောက်စိတ်ကြောင့်လား ဒေါသစိတ်ကြောင့်လား မသိ။ ကျွန်တော့်ပါးစပ်မှ စကားသံထွက်မလာချေ။

ထိုစဉ် မီမီချိုက...

"ဘယ်လိုဖြစ်နေတာလဲ နေသွေး၊ နင်လုပ်နေပုံက အဆန်းချည်းပဲ"

"အေးလေ နင်က ဘာကိုကြောက်နေတာလဲ၊ လက်ဆွဲနှုတ်ဆက်တာနဲ့ရော ဘာဆိုင်လို့လဲ"

သဇင်ကပါ ဝင်မေး၏။ ကျွန်တော် ဘယ်ကဘယ်လို စပြောရမည်မှန်း မသိတော့။ ဦးပြည်စိုးကလည်း ဘယ်သူ့ကိုမှ မပြောဖို့ရန် မှာထားသည် မဟုတ်ပါလား။

ကြောက်စိတ်မပြယ်သေးသောကြောင့် ကျွန်တော်က သေချာအောင် ထပ်မေးလိုက်မိပြန်သည်။

"တကယ်ပဲလား နင်တို့ကို ဆရာဦးဆန်းလွင်က လက်ဆွဲမနှုတ်ဆက်ဘူးနော်"





"သြော်... မင်းကလည်း ကြောင်ပြန်ပြီ၊ ဆရာက ဘာဖြစ်လို့ ငါတို့ကို လက်ဆွဲနှုတ်ဆက်ရမှာလဲ၊ အခုမှ မြင်ဖူးတွေ့ဖူးတဲ့သူတွေမှ မဟုတ်တာ..."

ဟု အောင်ကျော်မိုးက ဝင်ပြောသည်။ ဝေဠုကလည်း...

"ဆရာက အတန်းချိန်ကုန်ခါနီး နာရီဝက်လောက်လိုတော့မှ ရောက်လာတာကွ၊ 'ဒီနေ့ အချိန်မရှိတော့လို့ အတန်းဖျက်လိုက်တယ်' လို့ပဲ ပြောပြီး ချက်ချင်းပြန်သွားရော"

သဇင်က...

"နင် နှစ်ပတ်ဆက်တိုက်ကျောင်းပျက်နေလို့ ဘာများဖြစ်နေတာလဲ ဆိုပြီး လာကြည့်တာ၊ ကဲ... ငါတို့ လစ်တော့မယ်၊ အိမ်ပြန်နောက်ကျရင် အဆူခံထိနေဦးမယ်... တာ့တာ..."

သဇင်နှင့် မီမီချိုတို့က နှုတ်ဆက်ပြီး ပြန်သွား၏။ အောင်ကျော်မိုးနှင့် ဝေဠုတို့က...

"မင်းကို အေးအေးဆေးဆေးပြောစရာ ရှိသေးတယ်"

ဟု ဆိုကာ ကျွန်တော်နှင့်အတူ အိမ်ထဲသို့ လိုက်ဝင်လာခဲ့ကြသည်။ ကျွန်တော့်အခန်းထဲသို့ရောက်သောအခါ ကျွန်တော်က သူတို့နှစ်ယောက်ကို

"ကဲ... ဆိုစမ်းပါဦး မင်းတို့ကိစ္စက ဘာလဲ..."

"မြို့နယ်ပေါင်းစုံအားကစားပြိုင်ပွဲ နီးလာပြီလေကွာ၊ ငါတို့မြို့နယ်အတွက် ပြိုင်ပွဲဝင်မယ့်သူတွေကို အားကစားအသင်းထဲက ရွေးတော့မယ်၊ မင်းကလည်းကွာ နှစ်တိုင်းလုပ်နေတဲ့ဟာ သိရဲ့သားနဲ့"

"ဘာ... အားကစားပြိုင်ပွဲ ဟုတ်လား..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ရှုပ်ထွေးသွားသည်။ ဘုရားရေ… ဒီလောက် ဒုက္ခတွေ အန္တရာယ်တွေပတ်လည်ဝိုင်းနေတဲ့အချိန်မှာ အားကစားပြိုင်ပွဲအကြောင်း ကျွန်တော် ဘယ်လိုလုပ်ပြီး ဦးနှောက်ထဲ ထည့်နိုင်မှာလဲ။

အောင်ကျော်မိုးက…

"မင်းက ငါတို့ထဲမှာ ရေကူးချန်ပီယံပဲဥစ္စာ… မင်းကိုပဲ အားကိုးရမှာ အဲဒါ မင်း ဝင်အရွေးမခံပဲ မနေနဲ့လို့ လာပြောတာကွ"

"ဟာ… မဖြစ်ဘူး… မဖြစ်ဘူး…"

ကျွန်တော် ခါးခါးသီးသီးငြင်းလိုက်သည်။ မငြင်း၍ မဖြစ်။ ကျွန်တော်တို့ အပျော်တမ်းအားကစားအသင်း အတွင်းရေးမှူးမှာ ဆရာဦးဆန်းလွင်ပင် မဟုတ်ပါလား။

ကာယဗလလေ့ကျင့်ရေး အားကစားရုံထဲတွင် တစ်နေရာရာမဟုတ် တစ်နေရာ၌ မိစ္ဆာကောင်ကြီးက ကျွန်တော့်ကို ချောင်းပိတ်ဖမ်းနိုင်မည့် အခွင့်အလမ်းမျိုး အဖြစ်မခံနိုင်ပါ။

ဝေမျှက…

"မငြင်းပါနဲ့ကွာ၊ အန်တီဆွေက ငါ့ကို သေသေချာချာမှာလိုက်တာ၊ မနက်ဖြန်ကျရင် မင်းကို သူ့ဆီ မပါပါအောင် ခေါ်ခဲ့ပါ… တဲ့၊ ရေကူးပြိုင်ပွဲကျရင် မင်းကိုပဲ အားကိုးရမှာလို့ အန်တီဆွေက တဖွဖွပြောနေတာ၊ အားနာစရာကြီးကွာ"

အန်တီဆွေ…

ဟုတ်သည်။ အန်တီဆွေကို ကျွန်တော် မေ့လျော့နေခဲ့သည်ပဲ။ အန်တီဆွေက အသင်းဥက္ကဋ္ဌဖြစ်၏။





အန်တီဆွေကို ဦးဆန်းလွင်အကြောင်းပြောပြလျှင်ကော ဒါဆိုလျှင်တော့ မိစ္ဆာကောင်ကို ဟန့်တားနိုင်လိမ့်မည်ဟု ကျွန်တော်ထင်သည်။

နို့မို့ဆိုလျှင် ဦးဆန်းလွင်အနေဖြင့် အားကစားလေ့ကျင့်မည့်လူငယ်ဆွေကြားမှာ မိစ္ဆာကောင်ကို ပျံ့နှံ့အောင်လုပ်ဖို့ အခွင့်အရေးများစွာ ရသွားပေလိမ့်မည်။

ကျွန်တော်ပြောပြလျှင်ကော… အန်တီဆွေက ယုံမည်တဲ့လား…

ယုံအောင်ကိုပြောမှ ဖြစ်ပေလိမ့်မည်။ ဦးဆန်းလွင်ကို အားကစားရုံသို့ လာခွင့်မပြုနှင့်။ သူ့ကို လူတွေကြားထဲမှာ လုံးဝရောနှောခွင့် မပေးနှင့်။

ဒါကို အန်တီဆွေသာလျှင် တတ်နိုင်ပေလိမ့်မည်။

ကျွန်တော်စဉ်းစားနေစဉ် အောင်ကျော်မိုးက…

"မနက်ဖြန်ကျရင် ငါတို့ကာယဗလအသင်းရုံမှာ လူရွေးကြလိမ့်မယ်၊ မင်း လာဖြစ်အောင်လာခဲ့ နေသွေး"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ပြီးနောက်…

"အေး… ငါလာခဲ့မယ်၊ ငါ အစောကြီးလာခဲ့မယ်"

မှန်သည်။ မည်သူမှမရောက်ခင် အစောဆုံး ကျွန်တော် ဦးအောင်သွားပြီး အန်တီဆွေနှင့် စကားပြောမှ ဖြစ်မည်။

*



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မနက်စောစောတွင် အိမ်ရာမှ နိုးနိုးချင်း ကမန်းကတန်း ရေချိုးအဝတ်အစားလဲပြီး ကျွန်တော်ထွက်ခဲ့သည်။

အားကစားရုံက ပုံမှန် မနက်ကိုးနာရီတွင် ဖွင့်လေ့ရှိသည်။

လမ်းပေါ်ရောက်သည့်အချိန်တွင် ကျွန်တော် နာရီကို ငုံ့ကြည့်လိုက်သည့်အခါ ကိုးနာရီ ငါးမိနစ်တိတိ။

ဒီအချိန်ဆို အားကစားရုံမှာ အန်တီဆွေရောက်နေလောက်ပြီ ထင်သည်။ ကျွန်တော် ခြေလှမ်းကို ခပ်သွက်သွက်လျှောက်ခဲ့၏။

အားကစားရုံနှင့် မျက်နှာချင်းဆိုင်က အအေးဆိုင်မှာ သဇင်နှင့် မိမိချိုတို့ ထိုင်နေသည်ကို တွေ့ရသည်။ သူတို့က ကျွန်တော့်ကို လက်လှမ်းပြကြ၏။

အားကစားရုံအောက်ရှိ ဘောလုံးကွင်းထဲတွင် ကောင်လေးခြောက်ယောက်ခန့် သွေးပူလေ့ကျင့်ခန်း လုပ်နေကြသည်။ သူတို့ကို ကြည့်ရသည်မှာ ပျော်ရွှင်နေပုံရ၏။ ဒါ ပုံမှန်အတိုင်းပဲဟု ကျွန်တော်တွေး၍ စိတ်ကို ဖြေလိုက်သည်။

သူတို့အားလုံး ဆရာဦးဆန်းလွင်နှင့် တွေ့ဆုံကြသေးဟန် မတူ။ ကျွန်တော် ဝမ်းသာသွားသည်။

ဒီအခွင့်အရေးကို အရဲစွန့်ယူရပေလိမ့်မည်။ အန်တီဆွေကို အကျိုးအကြောင်းပြောပြပြီး အချိန်မီတားဆီးခိုင်းရမည်။

အန်တီဆွေအခန်းက ပထမထပ်တွင် ရှိသည်။ အစည်းအဝေးခန်းမ ကျယ်ကြီးကို ဖြတ်ကျော်ပြီး စင်္ကြံထောင့်ရှိ လှေကားအတိုင်း တက်ရမည်။





လှေကားအောက်တွင် အားကစားသမားများအတွက် အဝတ်လဲခန်း ရှိ၏။

ကျွန်တော် လှေကားပထမထစ်ကို တက်လိုက်သည်။ ထိုအခိုက် အတန့်မှာပင် ကျွန်တော့်နာမည်ကို လှမ်းခေါ်လိုက်သံကြောင့် တစ်ကိုယ်လုံး တုန်ယင်သွား၏။

အဝတ်လဲခန်း၏တံခါးက ဝုန်းခနဲပွင့်သွားပြီး ဆရာဦးဆန်းလွင်၏ ပြုံးနေသောမျက်နှာကို မြင်လိုက်ရသည်။

"နေသွေး... န... န... ခဏနေပါဦးကွ"

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

ကျွန်တော့်တစ်ကိုယ်လုံးကြောက်ရွံ့စိတ်ဖြင့် အေးစက်တောင့်တင်းသွား၏။ လွှတ်ခနဲ အော်မိတော့မလို ဖြစ်သွားသည်။

မကောင်းဆိုးရွားသည် ကျွန်တော့်ကို ကြိုနှင့်နေလေပြီ။ သူက…

“လာပါဦး နေသွေးရ… ငါ့ကို မကြောက်ပါနဲ့ကွာ”

“ဟို… ဟိုဒင်း… ကျွန်တော်…”

ကျွန်တော်က တုန်လှုပ်စွာဖြင့် လှေကားကို နောက်တစ်ထစ် ထပ်တက်လိုက်သည်။ ကျွန်တော့်ဒူးတွေက တုန်ခါယိမ်းယိုင်နေ၏။

“နေသွေး… မင်းကို ငါ… ပြောစရာရှိ…”

သူက လက်နှစ်ဖက်ကို ဆန့်တန်းရင်း ကျွန်တော် ရပ်နေသည့် လှေကားဆီသို့ တိုးတိုးလာသည်။ သူ ကျွန်တော့်ကို ခုန်အုပ်လိုက်တော့မည်လား။

“အား… မလုပ်နဲ့…”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အလန့်တကြား အော်ဟစ်ရင်း ချာခနဲ လှည့်ကာ လှေကားပေါ် တစ်ဟုန်ထိုးပြေးတက်ခဲ့သည်။ လှေကားထိပ် စင်္ကြံပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက်...

"အန်တီဆွေ... အန်တီဆွေ"

အသင်းဥက္ကဋ္ဌရုံးခန်းဆီသို့ တကြော်ကြော်အော်ခေါ်ရင်း ပြေးလာခဲ့သည်။

ဘုရားရေ... သူ... သူ... လိုက်လာနေပြီလား...

သူ့လက်က ငါလွတ်မှဖြစ်မယ် သူဟာ မကောင်းဆိုးဝါးဖြစ်နေပြီဆိုတဲ့အကြောင်း အားလုံးကို သတိပေးနိုင်မှ ဖြစ်မယ်...

ကျွန်တော့်ရင်ဘတ်တစ်ခုလုံး သွက်သွက်တုန်ခါနေ၏။

"ဟဲ့... ဟဲ့... ဘာဖြစ်လာတာလဲ"

ရုံးခန်းတံခါးက ဝုန်းခနဲ ပွင့်သွားပြီး မျက်လုံးပြူး မျက်ဆံပြူးဖြင့် မေးလိုက်သော အန်တီဆွေကို တွေ့လိုက်ရ၏။

သူမကို ပြန်မဖြေအား။ ကျွန်တော်က ရုံးခန်းထဲသို့ အတင်းတိုးဝင်ပြီး တံခါးကို ပြန်ဆောင့်ပိတ်လိုက်၏။ ထို့နောက်...

"အန်တီဆွေ... အန်တီဆွေ... ကျွန်တော် အရေးကြီးတာ ပြောစရာရှိ..."

"အေး... အေးပါ... ဖြည်းဖြည်းပြောတာပေါ့၊ တကတည်း... ကျားလိုက်လာတာ ကျနေတာပဲ"

"ကျားထက်ဆိုးတယ် အန်တီဆွေ၊ ကျွန်... ကျွန်တော့်နောက်ကို လိုက်လာတာ ဟို... ဟို... မကောင်းဆိုးဝါးကြီး..."





"ဘာ..."

အန်တီဆွေက မျက်မှောင်ကုပ်ရင်း ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ယုံပါ... ကျေးဇူးပြုပြီး ကျွန်တော်ပြောတာကို ယုံလိုက်စမ်းပါ... ဟု ကျွန်တော့်စိတ်ထဲမှ တဖွဖွရေရွတ်နေမိ၏။ အန်တီဆွေက အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ...

"ကိုင်း... ငါနားလည်အောင် သေသေချာချာပြောပြစမ်းပါဦး"

သူမ၏စကားကြောင့် ကျွန်တော် အားတက်သွားသည်။ ဖြစ်ပျက်သမျှကိစ္စအားလုံး တစ်ခုမကျန် ပြောပြလိုက်၏။

အန်တီဆွေက ကျွန်တော့်ကိုမကြည့်ဘဲ စားပွဲမျက်နှာကျက်ကိုသာ မျက်မှောင်ကုပ်ကာ စိုက်ကြည့်ရင်း နားထောင်နေ၏။ သူမ၏လက်ချောင်းကလေးများကလည်း စားပွဲမျက်နှာပြင်ကို တဒေါက်ဒေါက်ခေါက်နေသည်။

ကျွန်တော်က အားလုံးပြောပြပြီးသောအခါ...

"အဲဒါပဲ အန်တီဆွေ၊ ဆရာဦးဆန်းလွင်ဟာ အန္တရာယ်ရှိတဲ့လူတစ်ယောက်ဖြစ်နေပြီ၊ ဟောဒီ အားကစားရုံထဲမှာရှိတဲ့ လူတွေကို သူလိုက်ပြီး လက်ဆွဲနှုတ်ဆက်လိုက်ရုံနဲ့တင် မကောင်းဆိုးဝါးတွေ အများကြီး ပြန့်ပွားသွားနိုင်တယ်၊ ကျွန်တော်ပြောတာကို ယုံပါ အန်တီဆွေ... ယုံစမ်းပါဗျာ"

အန်တီဆွေက သက်ပြင်းချရင်း ခေါင်းတဆတ်ဆတ်ညိတ်သည်။ ထို့နောက်...

"အန်တီ မင်းကို ယုံပါတယ် နေသွေး၊ မင်းပြောတာ အမှန်တွေဆိုတာလည်း အန်တီ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ... ယုံတယ် ဟုတ်လား"

ကျွန်တော် ထခုန်မိတော့မတတ် ဖြစ်သွားသည်။ နောက်ဆုံးတွင်တော့ ကျွန်တော့်ကိုယုံကြည်မည့်သူတစ်ဦးကို တွေ့ရလေပြီတကား။

အန်တီဆွေက ကျွန်တော့်ကို သနားကြင်နာစွာ စိုက်ကြည့်ရင်း...

"မင်းကို အန်တီ သနားလိုက်တာ နေသွေးရယ်၊ အရမ်းစိုးရိမ်နေသလား၊ လာ... လာ... ကလေး မင်းကို နှ... နှ... နှ... အန်တီယုံတဲ့ အထိမ်းအမှတ်နဲ့... နှ... နှ... အန်တီနဲ့ လက်ဆွဲနှုတ်ဆက်လိုက်ကြရအောင်..."

■





# အခန်း (၁၀)

သူမက ကျွန်တော့်ထံသို့ လက်ကိုဆန့်တန်းရင်း ရှေ့တိုးလာသည်။

"အား... မလုပ်နဲ့..."

ကျွန်တော်က ကြောက်ကြောက်လန့်လန့်ဖြင့် ထိုင်ခုံတစ်လုံးကို ဆွဲယူပြီး သူမဆီသို့ ပစ်ပေါက်လိုက်၏။ သူမက အသာပင် ရှောင်တိမ်းလိုက်သည်။ ထို့နောက် မိစ္ဆာဆန်ဆန်ပြုံးရင်း ကျွန်တော့်ဆီသို့ ခြေတစ်လှမ်းတိုးလာ၏။

"လာပါ နေသွေးရယ်... မကြောက်ပါနဲ့"

ကျွန်တော်ကား စားပွဲခုံနှင့် စာအုပ်ဗီရိုကြားတွင် ပိတ်မိနေပြီ။ ကျွန်တော်က တုန်တုန်ယင်ယင်ဖြင့်...

"အန်... အန်တီဆွေ၊ ဟိုဒင်း... ဆရာဦးဆန်းလွင်နဲ့ တွေ့... တွေ့ပြီးပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဒီနေ့မနက်အစောကြီးပဲ သူ ရောက်လာတယ်လေ၊ သူနဲ့ စကားပြောရတာ... န... န... ပျော်စရာကောင်းပါတယ် နေသွေးရဲ့... န... န..."

"သူ... သူက အန်တီဆွေကို လက်ဆွဲ... နှုတ်ဆက်..."

"ဒါပေါ့... အခု န... န... မင်းအလှည့်ပဲ နေသွေး..."

သူမက ပြောပြောဆိုဆိုဖြင့် ဆတ်ခနဲ ဖမ်းဆွဲရန် ရှေ့သို့ တိုးလာသည်။

ကျွန်တော်က စားပွဲပေါ်သို့ ခုန်တက်လိုက်၏။

"မင်းမလွတ်ပါဘူး နေသွေးရယ်၊ န... န... မင်း သိထားတာတွေ သိပ်များနေပြီ၊ ငါတို့အကြောင်း တခြားလူတွေကို မင်း လျှောက်မပြောနိုင်အောင် လုပ်ရတော့မယ်... န... န..."

"မလုပ်... မလုပ်... ပါနဲ့ဗျာ၊ တောင်း... တောင်းပန်ပါတယ် အန်တီဆွေ"

ပြောရင်းနှင့် ကျွန်တော်က တံခါးပေါက်ဆီ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်၏။ အန်တီဆွေကတော့ ရှေ့သို့သာ တိုးသည်ထက် တိုးလာသည်။

သူမ၏ နားရွက်ထဲမှ အစိမ်းရောင်ချွဲကျိကျိ ပုဖောင်းတစ်လုံးထွက်လာပြီး ပြန်ရှုံ့ဝင်သွားသည်။ သူမက...

"တစ်ချက်တည်း လက်ဆွဲနှုတ်ဆက်ရုံလေးတင်ပါကွယ်၊ မနာပါဘူး"

လှမ်းပြီး လက်ဖြင့်အဆွဲတွင် ကျွန်တော်က စာအုပ်ဗီရိုကို ဝုန်းခနဲ တွန်းလှဲပစ်လိုက်၏။





သူမက ဗီရိုအောက်မပိအောင် ကမန်းကတန်းခုန်ရှောင်လိုက်သည်။ အဲဒီအခိုက်အတန့်မှာပင် ကျွန်တော်က တံခါးအနီးဆီရောက်အောင် လွှားခနဲ ခုန်ချပြီး တံခါးကို ဆွဲဖွင့်လိုက်တော့၏။

စင်္ကြံလမ်းပေါ် ပြေးထွက်လိုက်သည်နှင့် တစ်ပြိုင်နက်...

"မင်း ပြေးစရာမြေ မရှိတော့ဘူး နေသွေး..."

ဦးဆန်းလွင်က ဘွားခနဲ ထွက်ပေါ်လာကာ လမ်းကို ပိတ်ဆို့ထားလိုက်တော့သည်။

✳

ဦးဆန်းလွင်က လက်နှစ်ဖက်ကိုဆန့်တန်းကာ စင်္ကြံလမ်းကို ပိတ်ထားသည်။ နောက်ဖက်ရှိ ရုံးခန်းတံခါးချပ်၏ ကျွီခနဲ မြည်သံကိုလည်း ကြားရ၏။

အန်တီဆွေကလည်း အခန်းထဲမှ ထွက်လာတော့မည်။

ကျွန်တော် ဘေးသို့ ခြေတစ်လှမ်းတိမ်းရှောင်ပေးလိုက်စဉ် အခန်းထဲမှ အန်တီဆွေက ရုတ်တရက် အပြင်လှမ်းထွက်လိုက်၏။

အသင့်စောင့်နေသော ကျွန်တော်က အန်တီဆွေ့ကိုယ်ခန္ဓာကြီးကို ဦးဆန်းလွင်ဆီသို့ တရှိန်ထိုးဆောင့်တွန်းပစ်လိုက်ရာ...

"အား..."

"အောင်မယ်လေး..."

သူတို့နှစ်ယောက်သား တိုက်မိပြီး ပစ်လဲကျသွားသည်။ ထိုအခိုက်အတန့်ကိုပင် အခွင့်ကောင်းယူကာ ကျွန်တော်က လွှားခနဲ ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စကြိုအတိုင်း တရကြမ်းပြေးတော့သည်။

"ဟော့... ဟော့... မပြေးနဲ့..."

"နေသွေး ရပ်လိုက်စမ်း..."

သူတို့၏အော်သံများကို ကြားရသော်လည်း ကျွန်တော် လှည့်မကြည့်။ စင်္ကြံထောင့်ချိုး လှေကားဆီသို့ရောက်သည်နှင့် တစ်ပြိုင်နက် လှေကားထစ်များကို နှစ်ထစ် သုံးထစ်စီကျော်လွှားပြီး ခုန်ဆင်းခဲ့သည်။

ငါ... ဘယ်ကို ဆက်ပြေးရမလဲ...

အားကစားကွင်းထဲကိုလား...

လမ်းပေါ်ကိုလား...

ကျွန်တော် ဘယ်သူ့ကို ယုံရမည်မှန်း မသိတော့။ ဒီအားကစားရုံထဲတွင် ဘယ်နှစ်ယောက်ကိုများ မိစ္ဆာပူးကပ်နေပြီလဲ။

ထိုသို့ရပ်ပြီး တွေဝေနေခိုက်မှာပင် လှေကားရင်းဘေးရှိ အဝတ်အစားလဲခန်းထဲမှ စကားပြောသံကြားရသဖြင့် နားစွင့်ကြည့်လိုက်၏။

"ဒီနေ့မနက်ပိုင်း ပြိုင်ပွဲစာရင်းပေးမယ့် အားကစားသမားတွေအားလုံးကို ခေါ်ထားတယ်ဆို"

"အေး... မြို့နယ်အားကစားကော်မတီက နည်းပြနှစ်ယောက်လာပြီးဟောပြောမယ်ဆိုလို့... အစည်းအဝေးခန်းမထဲမှာတောင် မိုက်ကရိုဖုန်းတွေ ဆင်ခိုင်းထားတယ်၊ လုပ်နေပြီလား မသိဘူး၊ တော်ကြာ အချိန်တန်လို့ မပြီးသေးရင် အန်တီဆွေက ဆူနေဦးမယ်"

"ဟောပြောပွဲက ဘယ်အချိန်စမှာလဲ"

"ဆယ်နာရီလို့ ပြောတာပဲ"





"အခုတောင် ကိုးနာရီခွဲပြီးနေပြီကွ မြန်မြန်သွားကြည့်ဦး"

အဝတ်လဲခန်းထဲမှ တာဝန်မှူးနှစ်ယောက်၏ စကားပြောသံများကြောင့် ကျွန်တော့်ဦးခေါင်းထဲတွင် ဖျတ်ခနဲ အတွေးတစ်ခု ပေါ်လာ၏။

မြို့နယ်အားကစားကော်မတီက လာမယ့် နည်းပြနှစ်ယောက်... တဲ့။ အဲဒီလူတွေကတော့ ဦးဆန်းလွင်နှင့် မတွေ့ရသေးမှာ သေချာသည်။ သူတို့ကတော့ ဘယ်နည်းနှင့်မှ မိစ္ဆာပူးကပ်ခြင်း မခံရနိုင်သေးချေ။ ဒါဆို... ဒါဆို အဲဒီလူတွေကို ဟောဒီအားကစားရုံထဲမှာ မိစ္ဆာကောင်တွေရှိနေပြီဆိုသည့်အကြောင်း ပြောပြပြီး အကူအညီတောင်းကြည့်လျှင်ကော...

ဖြစ်နိုင်သည်...

ကျွန်တော် တွေးနေသည့်အချိန်မှာပင် လှေကားထစ်ပေါ်မှ ဆင်းလာသောခြေသံများကို ကြားလိုက်ရသည်။

မော့ကြည့်လိုက်တော့ အန်တီဆွေနှင့် ဦးဆန်းလွင်။

"ဟော့... နေသွေး န... န... ဘယ်ပြေးမလို့လဲ"

"န... န... ခုချက်ချင်း ရပ်လိုက်စမ်း"

ကျွန်တော် လုံးဝ နောက်ပြန်လှည့်မကြည့်ဘဲ တဟုန်ထိုးပြေးထွက်ခဲ့သည်။

မလာနဲ့... မလာနဲ့... သွား... မိစ္ဆာကောင်တွေ...

နှလုံးခုန်သံတဒုန်းဒုန်းနှင့်အတူ ကျွန်တော့်စိတ်ထဲမှ အသံမထွက်ဘဲ အော်ဟစ်နေမိသည်။

ခြေထောက်နှင့် ကွန်ကရစ်စင်္ကြံတို့ ထိသံများ မထိသလားမည်း ကျွန်တော် မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



ဟောဟဲ… ဟောဟဲ… နှင့် အသက်ကို ပြင်းထန်စွာရှူရှိုက်ရင်း အားကစားကွင်းထောင့်တွင် ကျွန်တော် ပုံလျက်သားလဲကျသွား၏။

ကံကောင်းသည်။ ကျွန်တော့်နောက်မှ မည်သူမှ လိုက်မလာ။

ကျွန်တော့်စိတ်ထဲတွင်တော့ အာရုံတွေ ဝိုးတဝါးဖြစ်နေ၏။

ဒီမိစ္ဆာကောင်တွေကို ငါ တားဆီးရမယ်။

အစည်းအဝေးခန်းမထဲကို ရအောင်ဝင်ပြီး ဦးဆန်းလွင်နဲ့ အန်တီဆွေဟာ မိစ္ဆာကောင်တွေဖြစ်တဲ့အကြောင်း မြို့နယ်က နည်းပြနှစ်ယောက်ကို ပြောရမယ်။

တွေးရင်းနှင့် စိတ်မောလာသည်။

အဲဒီမှာပင် ကျွန်တော် အကြံတစ်ခုရသွား၏။

*

ဘောလုံးကွင်းဘေးမှပတ်ပြီး အားကစားရုံနောက်ဖက် လမ်းကြားထဲသို့ ဝင်ခဲ့သည်။

လမ်းကြိုလမ်းကြားထဲမှာ သတိထားလျှောက်ရင်း အားကစားရုံနောက်ဖက် အများသုံးအိမ်သာအနီးဆီသို့ ချဉ်းကပ်လာခဲ့၏။ ထိုအများသုံးအိမ်သာက အစည်းအဝေးခန်းမနောက်ကျောတည့်တည့်တွင် ရှိသည်။

အိမ်သာခေါင်မိုးပေါ်အထိရောက်အောင် သစ်ပင်တစ်ပင်ကို ခိုပြီး ခဲခဲယဉ်းယဉ်းတက်ရ၏။ ခေါင်မိုးပေါ်တွင် ခြေစုံရပ်မိသောအခါ နံရံရှိ လေဝင်ပေါက်ကျဉ်းကျဉ်းကလေးထဲသို့ တိုးပြီး ဝင်ရသည်။

ထိုလေဝင်ပေါက်သည် အစည်းအဝေးခန်းထဲရှိ စင်မြင့်၏နောက်ဖက်





မကျတကျ အခန်းလေးထဲသို့ ရောက်၏။ ထိုအခန်းငယ်လေးသည် အစည်းအဝေးခန်းစင်မြင့်ကို အလှဆင်ရန် နှဖူးစည်းပိတ်စများ နောက်ခံကားချပ်နှင့် စာလုံးများ သဘာပတိထိုင်ခုံ အစရှိသည့် တိုလီမိုလီပစ္စည်းများ ထားသိုရာ အခန်းကျဉ်းလေး ဖြစ်၏။

ကျွန်တော်က ထိုအခန်းကျဉ်းကလေးထဲမှ တစ်ဆင့် ခန်းမကြီးတစ်ခုလုံးကို မိုးထားသော မျက်နှာကျက်ပေါ်သို့ တက်လိုက်သည်။ မျက်နှာကျက်နှင့် ခေါင်မိုးအကြားတွင် ကျွန်တော် လေးဖက်ထောက် တွားသွားရင်း တရွေ့ရွေ့တိုးလာခဲ့၏။

ကျွန်တော်ဦးတည်သော နေရာကား စင်မြင့်၏ ညာဘက်ထောင့်ရှိ တိုင်…။ ထိုတိုင်ထိပ်တွင် စင်မြင့်ပေါ် မီးထိုးရန် ဆလိုက်မီးမောင်းကြီးကို တပ်ကာငြမ်းဆင်ထား၏။ ယင်းဆလိုက်မီးမောင်းကြီးနှင့် ကွယ်ကာ ကျွန်တော် ကုန်းကုန်းကလေးဝပ်နေလိုက်သည်။ ထိုနေရာမှ လှမ်းကြည့်လျှင် စင်မြင့်ပေါ်သို့ အတိုင်းသားလှမ်းမြင်နေရသည်။

ခန်းမကြီးထဲတွင် အားကစားပြိုင်ပွဲဝင်မည့်သူများ တော်တော်စုံညီနေကြလေပြီ။ ထိုစဉ် ပရိသတ်များကြားမှ လျှောက်လာနေသော အန်တီဆွေကို လှမ်းမြင်ရ၏။ သူမက စင်ရှေ့တည့်တည့်ရှိ မင်းလမ်း လျှောက်အတိုင်း တက်သွားပြီး မိုက်ကရိုဖုန်းရှေ့တွင် ရပ်ကာ…

"ဟဲလို… ဟဲလို… တက်စတင်…"

မိုက်ကရိုဖုန်းကို စမ်းသပ်ပြီး အသံချဲ့စက်ကိုင်သည့် အလုပ်သမားကို တစ်စုံတစ်ခု လှမ်းပြောနေသည်။ အသံညှိခိုင်းနေပုံ ရ၏။

ကျွန်တော်က အသက်ကို တဝရှူသွင်းလိုက်သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ဟင်းခန့် သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး စိတ်ကိုပါ လျှော့ချထားလိုက်၏။

စိတ်ကိုလျှော့ထား… စိတ်ကိုလျှော့ထား…

ကိုယ့်ကိုယ်ကိုယ် သတိပေးသည့်အနေဖြင့် တတွတ်တွတ်ရေရွတ်နေမိသည်။ ဒီခန်းမထဲတွင် ရှိသောသူအားလုံးကို ကျွန်တော် ကယ်ရမည်။

အရင်ဆုံး မြို့နယ်အားကစားကော်မတီမှ လူနှစ်ယောက်ကို အကျိုးအကြောင်း ပြောပြရပေလိမ့်မည်။

သူတို့ကရော… ငါ့စကားကို ယုံကြပါ့မလား…

ထိုအတွေးကြောင့် ကျွန်တော် ချောက်ချားသွား၏။ မတတ်နိုင်။ ဘာပဲဖြစ်ဖြစ် စွန့်စားရပေလိမ့်မည်။

ယခုအချိန်ထိတော့ မြို့နယ်မှ ပုဂ္ဂိုလ်များ စင်မြင့်ပေါ် တက်မလာသေး။ ကျွန်တော် စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းနေမိသည်။ ဘုရား… ဘုရား…

စင်မြင့်ပေါ်တွင်တော့ အန်တီဆွေတစ်ယောက်တည်း မိုက်ကရိုဖုန်းကို လက်ညှိုးဖြင့်ခေါက်ကြည့်လိုက် စကားပြောကြည့်လိုက်ဖြင့် အလုပ်ရှုပ်နေသည်။

"ဟဲလို… တက်စတင်… နဲ… နဲ… ဒီဘက်က ခလုတ်ကို မဖွင့်ရသေးဘူး ထင်တယ်… ဟဲလို…"

အသံချဲ့စက်မှ ကျွီခနဲ စူးရှကျယ်လောင်စွာ မြည်သံ ကြားရသည်။ ရှိသတ်က နားရွက်များကို လက်ဖြင့်အုပ်ထားရင်း ရယ်မောကြ၏။

အန်တီဆွေက…

"အသံသိပ်ကျယ်နေတယ်၊ လျှော့လိုက်ဦး… ဟုတ်ပြီ… ဟုတ်ပြီ… ကောင်းသွားပြီ… နဲ… နဲ… ကိုင်း… ဟောပြောပွဲစရအောင်"

သူမ၏အသံကြောင့် ပရိသတ်ကြီး ငြိမ်သွား၏။ ကျွန်တော်ကတော့ ရင်တွေ တဒိန်းဒိန်းခုန်လာသည်။ ကျွန်တော့်ခြေလက်များကို လှုပ်ရှားဖို့ အဆင်သင့်ပြင်ထားလိုက်၏။

အန်တီဆွေ့အသံက အသံချဲ့စက်မှ တစ်ဆင့် ပီသကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ကျွန်မတို့ ဒီနေ့ဟောပြောပွဲလုပ်ရတဲ့ အကြောင်းကတော့ မကြာခင်မှာ ကျင်းပမယ့် အားကစားပြိုင်ပွဲနဲ့ ပတ်သက်ပြီး သိသင့် သိထိုက်တဲ့ ပြိုင်ပွဲအမျိုးအစားတွေ၊ စည်းကမ်းတွေ၊ အသက်အရွယ် ကန့်သတ်ချက်တွေကို ရှင်းပြဖို့ပဲ ဖြစ်ပါတယ်"

ကျွန်တော်က ဆလိုက်မီးမောင်းကြီးဘေးတွင် ဝပ်နေရာမှ ကုန်းထလိုက်သည်။ ငြိမ်းဆင်ထားသော သံဘားတန်းများကို လက်ဖြင့် မြဲမြဲကိုင်ရင်း ကိုယ်ကို လျှောဆင်းလိုက်၏။ စင်မြင့်ပေါ်သို့ ခုန်ချရန် အသင့်ဖြစ်နေလေပြီ။

အသံချဲ့စက်ထဲမှ အန်တီဆွေ၏အသံက ဆက်ကြေညာနေသည်။

"အဲဒါတွေကို ရှင်းလင်းပြောပြပေးဖို့အတွက် မြို့နယ်အားကစားနည်းပြ ဦးဝင်းနိုင်နဲ့ ဦးဇော်မြင့်တို့ကို စင်မြင့်ပေါ်ကြွရောက်ပါရန် ဖိတ်ခေါ်ပါတယ်ရှင်"

လက်ခုပ်သြဘာသံများ ထွက်ပေါ်လာသည်။

ဟော… ဟော… ရှေ့ဆုံးတန်းထိုင်ခုံမှ လူနှစ်ယောက် ထလာပြီ။ သူတို့သည် စင်မြင့်ရှေ့ လှေကားအတိုင်း တက်လာကြ၏။ အန်တီ







www.burmeseclassic.com

www.burmeseclassic.com



ဆွေက သူတို့စကားပြောရန်အတွက် မိုက်ကရိုဖုန်းနောက်တွင် ရပ်နေရာမှ ဘေးသို့ ဖယ်ပေးလိုက်သည်။

စပို့ရှပ်လက်တိုအင်္ကျီနှင့် အားကစားဘောင်းဘီရှည်ကို ဝတ်ဆင်ထားသူက မိုက်ကရိုဖုန်းနောက်တွင် ဝင်ရပ်လိုက်ပြီး...

"အားလုံးပဲ မင်္ဂလာပါ"

ဟု နှုတ်ခွန်းဆက်စကားကို စတင်လိုက်သည်။

အချိန်ကျပြီ...

ကျွန်တော့်ဦးခေါင်းထဲတွင် အချက်ပြမီးသီးများ ပြိုင်တူလင်းသွားသလို ခံစားလိုက်ရသည်။ တစ်ကိုယ်လုံးမှာ ရှိရှိသမျှ ခွန်အားများကို ညှစ်ထုတ်ပြီး စင်မြင့်ပေါ် ဝုန်းခနဲ ခုန်ချလိုက်တော့သည်။ စင်မြင့်ကြမ်းပြင်နှင့် ခြေထောက်ထိထိချင်း

"နေဦး... နေဦး... အရေးကြီးတယ်"

လက်များကို ဝှေ့ယမ်းအော်ဟစ်ရင်း မိုက်ကရိုဖုန်းအနီးသို့ ပြေးလာသော ကျွန်တော့်ကို မြင်လိုက်ရသောကြောင့် အားလုံး ကြောင်ပြီးငေးကြည့်နေကြ၏။

ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်သွားသည်။

ကျွန်တော်က ပီပီသသ တစ်လုံးချင်း ပြောချလိုက်သည်။

"အန်တီဆွေနဲ့ ဆရာဦးဆန်းလွင်ဟာ လူ... လူတွေမဟုတ်ဘူး၊ သူတို့ဟာ မကောင်းဆိုးဝါးတွေ..."

■





## အခန်း (၁၁)

စင်အောက်မှ ပရိသတ်ကြီး၏ ဝါးခနဲ ရယ်မောလိုက်သံကို ကြားရသည်။

ကျွန်တော့်မျက်နှာတစ်ခုလုံး ထူပူသွား၏။ ရှေ့ဆက်ပြောရမည့် စကားလုံးတွေကို ကျွန်တော် မေ့ကုန်ပြီ။

"ဟုတ်... ဟုတ်တယ်... ကျွန်တော်... တကယ်... တကယ်ပြောတာ..."

"နေသွေး... ဘာတွေလျှောက်ပြောနေတာလဲ... ပြန်ဆင်းလာခဲ့"

ပရိသတ်ထဲမှ မီမီချိုနှင့် သဇင်တို့က လှမ်းအော်နေကြသည်။ ရှေ့ဆုံးတန်းမှ ဆယ့်လေးငါးနှစ်အရွယ် ချာတိတ်တစ်ချို့ကလည်း...

"ငပေါကြီးဟေ့ ငပေါကြီး"

"သီချင်းဆိုပြပါဗျို့..."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် အူကြောင်ကြား... ဆင်းတော့... မင်းပြောတာ နား ထောင်ဖို့ လာတာ မဟုတ်ဘူးကွ... ဆင်း... ဆင်း..."

ကျွန်တော် ဒူးတွေတဆတ်ဆတ်တုန်လာသည်။ ရှက်ခြင်း ကြောက် ခြင်း စိုးရိမ်ခြင်းတို့နှင့်အတူ ဘာမှန်းမသိသော စိတ်ဖိစီးမှုများကို ခံနေရ သဖြင့် ချွေးတွေ ပြိုက်ပြိုက်ကျလာ၏။

"ကျွန်တော်... ကျွန်တော်..."

စိတ်လောနေခြင်းကြောင့် ဘယ်က ဘယ်လို ဆက်ပြောရမည်မှန်း မသိ။ ထစ်အတုန်ရီကာ အသံတွေ တိမ်ဝင်သွားသည်။

ငါက သွေးရိုးသားရိုး လူတစ်ယောက်ပါ... ဒီစင်မြင့်ပေါ်မှာ ငါ စကားပြောခွင့် မရှိဘူးလား...

ငါ အမှန်တွေကို ပြောနေတာပါ...

မင်းတို့ ဘာလို့ ငါ့ကို အရူးတစ်ယောက်လို လှောင်ပြောင်နေကြ တာလဲ...

စင်ပေါ်မှ ပုဂ္ဂိုလ်နှစ်ဦးကလည်း ကျွန်တော့်ကိုကြည့်ပြီး တစ်မျိုး ထင်သွားပုံရသည်။ နောက်သို့ ဖြည်းဖြည်းချင်းဆုတ်သွားကြ၏။

ကျွန်တော်က ထိတ်ထိတ်ပျာပျာဖြင့် သူတို့အား...

"အန်ကယ်... အန်ကယ်တို့ကို ကျွန်တော် ဟိုဒင်း... ပြောစရာ ရှိ..."

ထိုစဉ် ပရိသတ်ထဲမှ အောင်ကျော်မိုးနှင့် ဝေဠုတို့က...

"ဟော့ကောင် နေသွေး... ဆင်း... ဆင်း... စင်ပေါ်မှာ ဘာ လုပ်မလို့လဲ"





"ဟော့ကောင် ငပေါ... မင်းကို ကျွန်တဲ့လူတွေက ခဲနဲ့ပေါက်ချင် နေပြီ၊ မြန်မြန်ဆင်းတော့ကွ"

ပရိသတ်ကလည်း ဝါးခနဲ ရယ်မောကြပြန်၏။ ကျွန်တော်က ထိုအသံ များကို ဂရုမစိုက်ဘဲ စင်ပေါ်တွင် ငေးကြောင်ကြောင်ဖြစ်နေကြသူနှစ်ဦး ထံသို့ ရှေ့တစ်လှမ်းတိုးလိုက်ရင်း...

"ဒီမယ်ဗျာ တဆိတ်လောက်... ကျွန်တော်ပြောတာ ယုံ..."

အန်တီဆွေက ထိုပုဂ္ဂိုလ်နှစ်ယောက်နှင့် ကျွန်တော့်ကြားတွင် ဝင် ရပ်လိုက်ရင်း တစ်ဖက်သို့လှည့်ကာ ဧည့်သည်များကို တောင်းပန်လိုက် သည်။

"ခွင့်လွှတ်ပါရှင်... ဒီကလေးက ဦးနှောက်သိပ်မကောင်းလို့ပါ၊ ဒီလိုပဲ... တစ်ချက် တစ်ချက် ဖောက်တတ်တယ်ရှင့်..."

"သြော်... ရပါတယ် ရပါတယ်..."

ဧည့်သည်နှစ်ဦးကလည်း အခုမှ အခြေအနေကို သဘောပေါက် သွားဟန်ဖြင့် ခေါင်းညိတ်ရင်း ပြောလိုက်ကြ၏။

ကျွန်တော့်စိတ်ထဲတွင် ထောင်းခနဲ ဒေါသဖြစ်သွားပြီး...

"ကျွန်တော် မရူးဘူး..."

"ရှူး... တိုးတိုး... မောင်နေသွေး၊ စိတ်ကိုထိန်းမှပေါ့"

အန်တီဆွေက လွန်စွာပိရိသော အမူအရာဖြင့် အရူးတစ်ယောက်ကို ချော့မော့ထိန်းသလိုမျိုး ခပ်တသပ်သပ်လုပ်ရင်း ကျွန်တော့်နားသို့ ဖြည်း ဖြည်းချင်း ကပ်လာသည်။

"ကျွတ်... ကျွတ်... ကျွတ်... စိတ်ကိုငြိမ်ငြိမ်ထား မောင်နေသွေး



www.burmeseclassic.com

www.burmeseclassic.com



အန်တီ မင်းကို ပြန်လိုက်ပို့မယ်၊ လာ… လာ… အန်တီ့လက်ကို တွဲ…”

ချော့မော့သလို လေသံဖြင့်ပြောရင်း အလစ်တွင် ကျွန်တော့်လက်ကို ဆတ်ခနဲ လှမ်းဆွဲသည်။ ကျွန်တော်က လျှင်မြန်စွာ လက်ကို ရုတ်လိုက်၏။ နောက်သို့လည်း အမြန်ဆုတ်လိုက်ရသည်။

“ခင်ဗျား… ခင်ဗျား… ကျွန်တော့်အနားမကပ်နဲ့”

ကျွန်တော်က ဆုတ်ရင်း ဆုတ်ရင်း စင်မြင့်၏တိုင်ဖုံး ပိတ်ကားစ အကွယ်သို့ပင် ရောက်လာပြီကို သတိမထားမိ။

နောက်သို့ ခြေတစ်လှမ်းထပ်ဆုတ်လိုက်ရာ စင်မြင့်၏အစွန်းကို မနင်းမိတော့ပဲ လေထဲသို့သာ နင်းမိပြီး အားလွန်၍ ပြုတ်ကျသွားသည်။

“ဟာ…”

“ဘုန်း…”

စင်က ခါးလည်ခန့်သာဖြစ်သောကြောင့် အကျသိပ်မနာလှ။ သို့သော် ဦးခေါင်းထဲတွင်တော့ မိုက်ခနဲ ဖြစ်သွားသည်။

ကျွန်တော် ချက်ချင်းပင် ကုန်းရုန်းပြီး ထသည်။

ပြေး… အမြန်ပြေး…

သို့သော်… ကျွန်တော် နောက်ကျသွားလေပြီ…

ကျွန်တော့်ဦးခေါင်း ကြည်လင်လာလာချင်း ပထမဦးဆုံးတွေ့လိုက်ရသည်က အန်တီဆွေ၏မျက်နှာကြီးပင် ဖြစ်သည်။ သူမက…

“န… န… မင်းပြေးလို့ မလွတ်တော့ပါဘူးကွာ”

ဟု ပြောရင်း ကျွန်တော့်လက်ကို ဖမ်းဆွဲလိုက်၏။

ရုန်းသော်လည်း မရတော့။





ကျွန်တော့်လက်တစ်ဖက်ကို သူမက ပိုင်ပိုင်နိုင်နိုင် ဖျစ်ညှစ်ထားလေပြီ။

“အား…”

သူမ၏လက်မှ ဓားဦးလိုချွန်မြနေသည့် မိစ္ဆာလက်သည်းကြီးများ ရှည်ထွက်လာနေပြီကို မြင်ရ၏။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

“အား… ကယ်ကြပါဦး”

ကြောက်စိတ်ဖိစီးထား၍ အသက်ရှူကျပ်နေသောကြောင့် ကျွန်တော့်နှုတ်ခမ်းများက အသံထွက်မလာ။

မိစ္ဆာလက်ချောင်းများ၏အထိအတွေ့က အေးစက်နေသည်။

ငါ… သေရတော့မယ်…

ကျွန်တော့်အတွေးများက ယောက်ယက်ခတ်နေ၏။ ထိုစဉ် အကြံတစ်ခုရပြီး မျက်လုံးများကိုပိတ်ကာ ဒူးညွတ်ချလိုက်သည်။

ကျွန်တော့်ခန္ဓာကိုယ်က အလဲလဲ အပြိုပြိုဖြစ်သွား၏။

ရုတ်တရက် သတိလစ်မေ့မျောသွားသလို ဟန်ဆောင်လိုက်ခြင်းဖြစ်၏။ မိစ္ဆာကောင်က ကျွန်တော့်လက်ကို ဖမ်းဆုပ်လျက်သားက ကြမ်းပြင်ပေါ် ပုံလျက်လဲပြိုကျသွားသော ကျွန်တော့်ကို အံ့သြသလို ငုံ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကလေးကို အမိအရ အခွင့်ကောင်းယူကာ ရုတ်တရက် ဆောင့်ရုန်းရင်း သူမ၏ဒူးခေါက်ကွေးနောက်ဖက်နေရာသို့ ဆောင့်ကန်ထည့်လိုက်သည်။

"အောင်မလေး…"

အမှတ်တမဲ့မို့ သူမက ဒူးထောက်မှောက်လျက်လဲကာ ကြမ်းပြင်နှင့် မျက်နှာကို ကိုင်ရိုက်ပစ်လိုက်သလိုမျိုး ဖုန်းခနဲ မြည်သွား၏။

ကျွန်တော်ကတော့ လွှားခနဲ ခုန်ထပြီး စင်မြင့်နောက်ဖက်တွင် ကာရံထားသော နောက်ခံကားချပ် သုံးထပ်သားနံရံအတွင်းဖက်တစ်လျှောက် တရကြမ်းပြေးတော့သည်။

စင်မြင့်ကား ရှည်လျားလှသည်။ ပြေး၍ မဆုံးနိုင်တော့ဟုပင် မှတ်ထင်ရ၏။ ကျွန်တော်နှင့် နံရံတစ်ချပ်သာခြားသော တစ်ဖက်က စင်မြင့်ရှေ့တွင်ကား ညှေ့သည်နှစ်ယောက်က ဟောပြောနေဆဲ အသံများကို ကြားနေရ၏။

သူတို့သိအောင် ငါ ဘယ်လိုပြောရမလဲ…

နားထဲမှ လေထွက်ပြီး တဝီဝီမြည်နေသည်။ ဘာကိုမှလည်း မစဉ်းစားတတ်တော့…

ထိုစဉ် ကျွန်တော့်နောက်ဘက်ဆီမှ ခြေသံသဲ့သဲ့ ကြားရသည်။ မိစ္ဆာကောင် လိုက်လာပြီ ထင်သည်။

"နေသွေးရေ… နေသွေး… န… န… မင်း ဘယ်မှာလဲ"

ကျွန်တော့်အထင် မမှားပါ။ မိစ္ဆာကောင်သည် စင်မြင့်နောက်ခံကားချပ် သုံးထပ်သားပြားနှင့် အုတ်နံရံအကြား လမ်းကျဉ်းလေးအတိုင်း





ကတ်သီးကတ်သပ်တိုးဝှေ့ကာ ဝင်လာပြီး ကျွန်တော့်ကို ရှာနေလေပြီ။

ဒီချောင်ကြိုချောင်ကြားလေးက လုံးဝမှောင်မိုက်နေသဖြင့် သူမ ကျွန်တော့်ကို တွေ့မြင်နိုင်စရာ အကြောင်းမရှိ။

နောက်ပြီး သူမ၏ခန္ဓာကိုယ်က ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်သဖြင့် နှစ်ပေသာသာခန့်သာလွတ်သော ဒီချောင်ကြိုချောင်ကြားထဲ သိပ်မြန်မြန်ဆန်ဆန်တိုးဝှေ့ပြေးဝင်လာနိုင်မည် မဟုတ်ပေ။

ဘယ်နေရာမှာ ပုန်းမလဲ…

ညှေ့သည်နှစ်ယောက် ပြန်အဆင်းတွင် သေသေချာချာ စကားပြောခွင့်ရမှ ဖြစ်တော့မည်။

"နေသွေးရေ… မင်း ဘယ်မှာ… န… န… ပုန်းနေသလဲဟေ့၊ အခုထွက်ခဲ့စမ်း"

မိစ္ဆာကောင်၏အသံက တဖြည်းဖြည်းချင်း နီးကပ်လာလေပြီ။ သိပ်အချိန်မရှိတော့။ အမြန်ဆုံးလှုပ်ရှားမှ ဖြစ်တော့မည်။

ကျွန်တော်က စင်မြင့်တစ်ဖက်အစွန်းဆီသို့ နီးနိုင်သမျှ နီးအောင်တိုးကပ်သွားလိုက်သည်။ နောက်ခံကားချပ်အဖြစ် ကာထားသည့် သုံးထပ်သားပြားအစွန်းကို လွန်ပြီး ထွက်၍တော့ မဖြစ်။ အလင်းရောင်အောက်တွင် ကျွန်တော့်ကို မြင်သွားပေလိမ့်မည်။

ထိုစဉ် အုတ်နံရံကိုကျောကပ်ပြီး ဘေးတိုက် တရွေ့ရွေ့လျှောက်လာသည့် ကျွန်တော့်လက်များက တံခါးချပ်လို တစ်စုံတစ်ရာကို စမ်းမိသွား၏။

ဗီရို… ဟုတ်ပြီ… ဒါ… နံရံကပ်ဗီရိုပဲ…

ဟိုယခင်တုန်းက ဒီခန်းမကို ပြဇာတ်များကဖို့အတွက်ပါ သုံးခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေရာ ဇာတ်ဝင်အခမ်းအနားများအတွက် လိုအပ်သောပစ္စည်းများ နောက်ခံ ပိတ်ကားများ လွယ်လင့်တကူထားဖို့အတွက် ဒီနေရာတွင် အုတ်နံရံကို ထွင်းပြီး ဗီရိုတစ်ခု ထားဖူးသည်။

ထိုဗီရိုက အဆင့်များတပ်ဆင်ထားခြင်းမရှိသော မတ်တတ်ဗီရို ဖြစ်လေရာ လူတစ်ယောက်ဝင်ပြီး ရပ်နေဖို့ အနေတော်ပင်ဖြစ်၏။ မှောင်မည်းနေသောကြောင့် မိစ္ဆာကောင်ကလည်း မြင်နိုင်လိမ့်မည် မဟုတ်ပါ။

တံခါးကို အတွင်းဘက်မှနေပြီး တင်းကျပ်နေအောင် ပိတ်ထားလိုက်ဖို့သာ လိုသည်။

"နေသွေးရေ... န... န... နေသွေး..."

မိစ္ဆာကောင်ကား ခပ်အုပ်အုပ်အသံဖြင့် ရမ်းသမ်းခေါ်ရင်း ရှေ့တိုးလာနေလေပြီ။

ကျွန်တော်က ဗီရိုတံခါးကို အသာဟပြီး အထဲသို့ တိုးဝင်လိုက်၏။ ဗီရိုထဲတွင်ရှိသော ဖုန်မှုန့်များကြောင့် ကျွန်တော့်နှာခေါင်းတစ်ခုလုံး ယားကျိကျိဖြစ်လာသည်။

ချောင်းဆိုးမိမည်စိုးသောကြောင့် မနည်းအောင့်ထားရသည်။ အသက်ရှူကျပ်လာ၏။

"နေသွေး... နေသွေး... မင်း ဘယ်မှာလဲ န... န..."

မိစ္ဆာကောင်၏ခြေသံက ကျွန်တော်ပုန်းနေရာနှင့် တဖြည်းဖြည်း နီးကပ်လာပြီ။

ဘုရား... ဘုရား... ဗီရိုတံခါးကို သူ စမ်းမိသွားပြီး ဖွင့်ကြည့်လိုက်လျှင်...





ကျွန်တော့်ဦးခေါင်းတစ်ခုလုံး နောက်ကျိမှုန်ဝါးလာသည်။ ဗီရိုထဲမှ အနံ့အသက်က ဆိုးရွားစွာ ပိတ်လှောင်မွန်းကျပ်စေ၏။

အပြင်ဘက်စင်မြင့်ပေါ်မှ ဟောပြောနေသူ၏အသံကို ကြားရသည်။

"ဟုတ်ကဲ့၊ အားကစားသမားတွေအတွက် ကျန်းမာရေးကိစ္စအားလုံးကိုလည်း တာဝန်ယူသွားဖို့ အစီအစဉ်တွေ လုပ်ထားပါတယ်၊ ဒီတော့..."

ဟောပြောပွဲ မပြီးသေးဘူးလား... မပြီးနိုင်သေးဘူးလား... ဟု ကျွန်တော် စိတ်မရှည်စွာ တွေးနေမိသည်။

ရုပ်... ရုပ်... ရုပ်...

ဟင်... မိစ္ဆာကောင်က ကျွန်တော်ပုန်းနေသော ဗီရိုရှေ့သို့ပင် ရောက်လာလေပြီ။ ကျွန်တော် ရင်တွေ တဒိန်းဒိန်းခုန်လာ၏။

အပြင်မှ ဟောပြောသံများက ကြားတစ်ချက်... မကြားတစ်ချက်...

"ဒေါက်... ဒေါက်... ဒေါက်..."

ကျွန်တော်ပုန်းနေသည့် ဗီရိုတံခါးကို အပြင်မှ လာရောက်ထိကိုင်သံ ကြားလိုက်ရသည်။ မိစ္ဆာကောင်သည် ဗီရိုကိုဖွင့်ဖို့ ကြိုးစားနေပါရောလား...

ဒုက္ခပဲ... ဒုက္ခပါပဲ...

ထိုစဉ် စင်ပေါ်မှ အသံက...

"ကဲ... အခု ကျွန်တော်တို့ရှင်းပြတာတွေကို ဂရုတစိုက်နားထောင်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြားရင်း ဒီကနေ ဟောပြောပွဲအစီအစဉ်ကို နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျား..."

"ဖြောင်း... ဖြောင်း... ဖြောင်း..."

လက်ခုပ်သြဘာသံများနှင့် အတူ ဟောပြောပွဲ ပြီးဆုံးကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နှကြေညာသံကို ကြားလိုက်ရလေသည်။

ကျွန်တော်ပုန်းနေသော ဗီရိုတံခါးကို အပြင်ဘက်မှ ဆွဲဖွင့်ဖို့ ကြိုးစားနေသော မိစ္ဆာကောင်၏လှုပ်ရှားမှုက ချက်ချင်းရပ်တန့်သွား၏။

သူမအနေဖြင့် စင်ပေါ်ထွက်ပြီး ညွှန့်သည်များမပြန်ခင် နှုတ်ဆက်ဦးမည် မဟုတ်ပါလား။

ကျဉ်းထဲကြပ်ထဲတွင် အတင်းတိုးဝှေ့ထွက်သွားသည့် မိစ္ဆာကောင်၏ ခြေသံများကို ကြားလိုက်ရသည်။ သူမက နောက်ခံကားချပ် သုံးထပ်သားပြားနောက်ကွယ်မှ ကမန်းကတန်းထွက်ပြီး စင်ရှေ့ရောက်သွားပုံ ရ၏။

“နှ … နှ … ဟောပြောပွဲအစီအစဉ် ပြီးဆုံးပါပြီရှင်၊ ပြိုင်ပွဲဝင်မယ့်သူတွေ အားကစားရုံရှေ့မှာ နာမည်စာရင်း သွားပေးကြပါ၊ နေ့လည် ဆယ့်တစ်နာရီ ကျရင် သက်ဆိုင်ရာအားကစားမျိုးတွေက ပြိုင်ပွဲဝင်မယ့်သူတွေကို ရွေးချယ်ပါလိမ့်မယ် … နှ … နှ … အားလုံးကို ကျေးဇူးတင်ပါတယ်”

ကျွန်တော်က ဗီရိုကိုဖွင့်ပြီး အသာတိုးဝှေ့ထွက်လိုက်သည်။ နောက်ခံကားချပ်အစွန်းဆီသို့ သွားကာ စင်ရှေ့ဆီသို့ အနည်းငယ်ခေါင်းပြူပြီး ချောင်းကြည့်လိုက်၏။

ခန်းမထဲမှ တရုန်းရုန်းနှင့် ပြန်ထွက်သွားနေသော ပရိသတ်ကို မြင်ရသည်။ စင်ပေါ်တွင်တော့ အန်တီဆွေနှင့် ညွှန့်သည်နှစ်ယောက်က တတွတ်တွတ်စကားပြောရင်း ပြုံးရယ်နေကြသည်။

မကြာခင်မှာပင် ခန်းမကြီးထဲ၌ လူသူ လုံးဝကင်းရှင်းကာ တိတ်ဆိတ်သွားလေသည်။

အန်တီဆွေက ညွှန့်သည်နှစ်ယောက်ကို ခေါ်ကာ စင်မြင့်၏လက်ဝဲ





ဘက် ဘေးလှေကားမှ ဆင်းဖို့ ဟန်ပြင်နေသည်။

ဟင် … ဘာဖြစ်လို့ စင်မြင့်ရှေ့ မင်းလမ်းလှေကားက မဆင်းရတာလဲ။ ဘာဖြစ်လို့ ခန်းမကြီးကိုဖြတ်ပြီး အဝင်ပေါက်ဆီ ခေါ်မသွားရတာလဲ။

အစီအစဉ်တစ်ခုခု ကျန်သေးသလား …

ညွှန့်သည်နှစ်ယောက်ဘေးတွင် သူမရှိနေသရွေ့တော့ ကျွန်တော် ဘယ်လိုမှ သူတို့ကို စကားသွားပြောဖို့ ဖြစ်နိုင်မည် မထင်ပါ။

အန်တီဆွေက ညွှန့်သည်နှစ်ယောက်ရှေ့မှ ဦးဆောင်ကာ စင်မြင့်ပေါ်မှ ဆင်းလိုက်သည်။ သူတို့ကို ခန်းမကြီးထဲမှ လှမ်းကြည့်လျှင် မမြင်နိုင်တော့ပေ။

နောက်ခံကားချပ်အကွယ်မှ ကျွန်တော်ကသာ မြင်နေရသည်။

အန်တီဆွေက ညွှန့်သည်နှစ်ယောက်ဘက်သို့ လှည့်ကာ …

“ကျွန်မတို့ဆီကို အခုလို လာပြီး ဟောပြောပေးတာ ကျေးဇူးတင်ပါတယ်ရှင် …”

ပြောပြောဆိုဆိုနှင့် သူမက လက်နှစ်ဖက်စလုံးကို ညွှန့်သည်နှစ်ဦးဆီသို့ ဆန့်တန်းလိုက်သည်။ ညွှန့်သည်နှစ်ယောက်က လက်တစ်ဖက်စီကို နွေးနွေးထွေးထွေး ဆုပ်ကိုင်လိုက်၏။

အဖြစ်အပျက်က မျက်တောင်တစ်ချက်ခတ်စာမျှပင် ကြာလိုက်သည်။

ညွှန့်သည်နှစ်ဦး၏ခန္ဓာကိုယ်ကြီးများက ဆတ်ခနဲ အကြောဆွဲသလို တောင့်သွားကြ၏။

သူတို့ကိုယ် သူတို့ပင် ဘာဖြစ်မှန်း သိသွားလိုက်ကြပုံ မပေါ်။ ဒီ အတိုင်း တောင့်တောင့်ကြီးရပ်နေကြသည်။ ထို့နောက် သူတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံး သက်ပြင်းကို ပြိုင်တူမှုတ်ထုတ်လိုက်သံနှင့် အတူ အကြောများ ပြေလျော့သွားကြပြီး စကားသံ ထွက်ပေါ်လာ၏။

"ကျွန်တော်တို့ကလည်း... န... န... န... ဒီလို ပြောပြခွင့်ရတာ ဝမ်းသာပါတယ်..."

"နောက်လည်း ခင်ဗျားတို့အသင်းအတွက်... န... န... လိုအပ်တာရှိရင် အချိန်မရွေး... န... န... ကူညီပါ့မယ်"

နည်းပြနှစ်ယောက်ပြောနေသော စကားသံများကြောင့် ကျွန်တော်တုန်လှုပ်သွား၏။ ဘုရားရေ... သူတို့... သူတို့... ဟိုဒင်း... ဖြစ်... ဖြစ်သွားကြပြီ...

ကျွန်တော်ကြည့်နေစဉ်မှာပင် နည်းပြနှစ်ယောက်၏ နားရွက်များထဲမှ အစိမ်းရောင်ပူဖောင်းများ ထွက်လာကြ၏။

တချို့ပူဖောင်းများက ပြန်ရှုံ့ဝင်သွားကြပြီး တချို့ပူဖောင်းများကတော့ ဖောက်ခနဲ ပေါက်ကွဲကာ အစိမ်းရောင် ပျစ်ချွဲချွဲအရည်များ ကြမ်းပြင်ပေါ် ဖိတ်စင်သွားလေသည်။

ကျွန်တော် ကြည့်ချင်စိတ်မရှိသဖြင့် မျက်လုံးအစုံကို မှိတ်ထားလိုက်တော့သည်။

မိစ္ဆာကောင်သည် ဧည့်သည်နှစ်ယောက်၏ကိုယ်ခန္ဓာများကိုပါ အပိုင်စီးလိုက်ချေပြီ။

မိစ္ဆာကောင်တွေ များသည်ထက် များလာလေပြီ။ ဒီအကြောင်းကိုလည်း စာရင်းပြုစုသည့်အထဲ ထည့်သွင်းရေးမှတ်ထားရမည်ဟု ကျွန်တော့်စိတ်ထဲက တေးထားလိုက်၏။





သို့သော် ဒီဧည့်သည်နှစ်ယောက်က ပြန်သွားပြီးလျှင်ရော သူတို့နှစ်ယောက်၏ခန္ဓာကိုယ်ထဲမှ မိစ္ဆာကောင်များက အဆင့်ဆင့် ဆက်၍ ဆက်၍ ပွားများကြပေလိမ့်ဦးမည်။

ဘုရား... ဘုရား...

တိုးပွားလာမည့်အရေအတွက်ကား ကြောက်ခမန်းလိလိ...

ဒါတွေကို ဘယ်လိုလုပ်ပြီး စာရင်းလိုက်မှတ်နိုင်မှာလဲ... ဟု ကျွန်တော် စိတ်ဓာတ်ကျစွာ တွေးလိုက်သည်။

မည်မျှကြာအောင် မျက်လုံးများကို ပိတ်ထားမိသည် မသိ။ သတိရ၍ မျက်လုံးဖွင့်ကြည့်လိုက်တော့ တစ်ခန်းလုံး မှောင်မိုက်နေပြီဖြစ်သည်။ ခန်းမတစ်ခုလုံးရှိ လျှပ်စစ်မီးများကို ပိတ်ပြီး အားလုံးထွက်သွားကြလေပြီ။

တိတ်ဆိတ်မှောင်မိုက်နေ၏။

ကျွန်တော်က နောက်ခံကားချပ်နောက်မှ ထွက်ပြီး စင်မြင့်ရှေ့ မင်းလမ်းလှေကားအတိုင်း ဆင်းခဲ့သည်။

လူသူကင်းမဲ့နေသည့် ထိုင်ခုံများကြားမှ ဖြတ်ကာ ခန်းမရှေ့ ဝင်ပေါက်ဆီသို့ ဦးတည်လျှောက်ခဲ့၏။

ခန်းမကြီး၏တံခါးကို တွန်းဖွင့်ကာ အပြင်သို့ ထွက်လိုက်သည်နှင့် တစ်ပြိုင်နက်...

"ဟာ..."

ကျွန်တော့်ဘေးတစ်ဖက်တစ်ချက်စီမှ လူနှစ်ယောက် ဘွားခနဲထွက်လာ၏။

ဝေဠုနှင့် အောင်ကျော်မိုး...



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ကျွန်တော့်ကို စူးစူးရဲရဲစိုက်ကြည့်ရင်း ကျွန်တော့်လက်မောင်းတစ်ဖက်တစ်ချက်စီကို ဖြန်းခနဲ ဆုပ်ကိုင်လိုက်ကြသည်။

ထို့နောက်...

"ကဲ... မင်း ငါတို့နဲ့အတူ လိုက်ခဲ့... နေသွေး"

ကျွန်တော် ထိတ်လန့်သွား၏။

■





# အခန်း (၁၃)

"မင်း... မင်းတို့ ငါ့ကို ဘာလုပ်ကြမလို့လဲဟင်"

ကျွန်တော်က တုန်တုန်ယင်ယင်ဖြင့် မေးလိုက်၏။ အောင်ကျော်မိုးက မျက်မှောင်ကုပ်ကြည့်ရင်း...

"မင်းပုံစံက ဘာဖြစ်နေတာလဲ၊ ခုနကလည်း စင်ပေါ်တက်သွားပြီး ရူးကြောင်ကြောင်လုပ်နေတယ်၊ မင်း တော်တော်ဒုက္ခပေးတဲ့ကောင်ပဲ"

"ကဲ... ငါတို့နဲ့ လိုက်မှာသာ လိုက်ခဲ့စမ်းပါကွာ၊ ဟိုကျတော့ သိရမှာပေါ့..."

သူတို့နှစ်ယောက်က ကျွန်တော့်ကို အတင်းဆွဲပြီး ခေါ်ထုတ်လာသည်။ ကျွန်တော်က ရုန်းရင်းကန်ရင်း

"ဟေ့ကောင်တွေ... လွှတ်... ငါ့ကိုလွှတ်... မင်းတို့ ငါ့ကို ဘယ်ခေါ်သွားမလို့လဲ..."



www.burmeseclassic.com

www.burmeseclassic.com



အားချင်းမမျှသဖြင့် သူတို့ဆွဲခေါ်ရာသို့ တရွတ်တိုက်ပါလာရ၏။ သူတို့က ကျွန်တော့်ကို အားကစားပြိုင်ပွဲအတွက် စာရင်းပေးမည့် လူများကြားမှ ဖြတ်ကာ အပြင်သို့ ဆွဲခေါ်သွားကြ၏။

လူတွေက ကျွန်တော့်ကိုဝိုင်းကြည့်ပြီး ပြုံးစေ့ပြုံးစေ့ လုပ်နေကြသည်။ မကြာသေးခင်က အစည်းအဝေးခန်းမစင်မြင့်ပေါ်က ကိစ္စကို သူတို့အနေဖြင့် ဟားစရာတစ်ခုလို အောက်မေ့နေကြပုံရ၏။

သူတို့ချင်း တီးတိုးလေသံများဖြင့်...

"နေသွေးတော့ ရူးသွားပြီနဲ့ တူတယ်"

ဟု လှောင်ပြောင်ရယ်သွမ်းသွေးနေကြသံများကို ကြားရ၏။ ကာယဗလလေ့ကျင့်ရေးအဆောက်အဦး အပြင်ဘက်တွင်တော့ လူတစ်ယောက်က နာရီတကြည့်ကြည့်ဖြင့် စိတ်မရှည်စွာ စောင့်ဆိုင်းနေသည်ကို တွေ့ရသည်။

ထိုသူကား ကျွန်တော်တို့ရေကူးအသင်းနည်းပြ ကိုညိုထွန်း။

ကိုညိုထွန်းအနီးသို့ရောက်သည်နှင့် တစ်ပြိုင်နက် ဝေဠုက ...

"ဒီမှာ ဆရာ၊ နေသွေးကို ခေါ်လာပြီ"

သူ့အသံကြောင့် ကိုညိုထွန်းက ကျွန်တော့်ကို စိတ်မရှည်စွာလှည့်ကြည့်ရင်း...

"ဟေ့ကောင် နေသွေး၊ မင်း ဘာဖြစ်လို့ စာရင်းလာမပေးတာလဲ၊ မင်းတစ်ယောက်တည်းကျန်နေလို့ ငါမှာ စောင့်လိုက်ရတာ၊ ဒီနေ့ တစ်ခါတည်း ပဏာမလက်ရွေးစင် ငါးယောက်ရွေးမယ့်ဥစ္စာ... စာရင်းပေးထားတဲ့ လူတွေအားလုံး ရေကူးကန်ကို သွားကုန်ပြီကွ"

"ဆ... ဆရာ... ကျွန်တော်..."





နည်းပြကိုညိုထွန်းက ကျွန်တော့်အမူအရာကို ကြည့်ပြီး စိတ်မရှည်စွာဖြင့် ဆဲရေးလိုက်ပြီး...

"ဘာလဲ... နေသွေး၊ ငါတို့က မင်းကို အားကိုးမှန်းသိလို့ အိုက်တင်ခံနေတာလား... ဟေ့... ဝေဠုနဲ့ အောင်ကျော်မိုး မင်းတို့ကောင်ကို မင်းတို့ပဲ သေသေချာချာမေးစမ်းပါဦး၊ ဒီကောင် ပြိုင်ပွဲဝင်ချင်တာ သေချာလို့လား"

ဝေဠုက ကမန်းကတန်းဖြင့်...

"ဟာ... သေချာပါတယ် ဆရာရဲ့... အခုတလော ဒီကောင် အိပ်ရေးပျက်တာများပြီး ရူးကြောင်မူးကြောင်ဖြစ်နေလို့ပါ..."

ကျွန်တော်က နည်းပြကိုညိုထွန်းကို လှမ်းကြည့်နေရာမှ ယောင်တောင်တောင်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ဘာကြောင့် ခေါင်းညိတ်မိသလဲဆိုသည်ကိုတော့ ကိုယ့်ဘာသာကိုယ်လည်း မသိ။

ဒီအချိန်မှာ ထွက်ပေါက်မရှိတော့သောကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။ ရှင်းပြနေလျှင်လည်း စင်မြင့်ပေါ်မှာတုန်းကလို မည်သူမျှ ယုံမည်မဟုတ်။

ကိုညိုထွန်းကတော့ ကျွန်တော့်ကို မကျေမနပ်ကြည့်ရင်း မြေပြင်ပေါ်သို့ တံတွေးကို ထွီခနဲ တစ်ချက်ထွေးလိုက်ရင်း...

"ငါ့လခွေး...၊ အသင်းမှာ ရေကူးသမားကောင်းကောင်းဆိုလို့ တစ်ယောက်လား ရှိပါတယ်... အားမကိုးရဘူး၊ ရူးသလို... ပေါသလိုနဲ့ ဟေ့ကောင်... လာ... ငါ့ဆိုင်ကယ်ပေါ်တက်..."

"ဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



"ရေကူးကန်ကို သွားရမယ်ကွ၊ နားမလည်ဘူးလား... မင်းတစ်ယောက်တည်းကို စောင့်နေတာဟေ့... ရွေးချင်လွန်းလို့။ နားလည်ပြီလား၊ ကဲ... ဟိုနှစ်ကောင်၊ မင်းတို့လည်း မြန်မြန်လိုက်ခဲ့ကြ"

ကိုညိုထွန်းက ဆိုင်ကယ်ကို စက်နှိုးရင်း စိတ်မရှည်စွာဖြင့် ဟောက်လိုက်သည်။ ကျွန်တော်လည်း သူ့ဆိုင်ကယ်နောက်ကို ကမန်းကတန်း တက်လိုက်ရ၏။

အောင်ကျော်မိုးက...

"နည်းနည်းတော့နောက်ကျမယ် ဆရာ... ကျွန်တော်တို့ကို အစည်းအဝေးခန်းမထဲက ခုံတွေ ပြန်ရွှေ့ခိုင်းထားလို့..."

ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။

သူတို့ကို သတိပေးရန် ပါးစပ်ကို ဟလိုက်သော်လည်း ဘာပြောရမည်မှန်း မသိ။ သူတို့ယုံအောင် ဘယ်လိုပြောရမလဲ...

တွေဝေနေစဉ်မှာပင် ဆိုင်ကယ်က ဂူးခနဲ အရှိန်ပြင်းစွာထွက်ခွာလာခဲ့တော့သည်။

သူတို့နှစ်ယောက်ရပ်ပုံက ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့၏။

✳





ရေကူးကန်ဘောင်ပေါ်တွင် ရပ်ရင်း သွေးပူလေ့ကျင့်ခန်း လုပ်နေမိသည်။ စောစောပိုင်းတုန်းက ပြေးလွှားထားသည့်အမောက အခုထိ မပြေချင်သေး။

အရင်စံချိန်မီအောင် ကူးမှ ကူးနိုင်ပါ့မလားဟု စိုးရိမ်စိတ်ဝင်မိသည်။

ကိုညိုထွန်းကတော့ ရေကူးဝတ်စုံဖြင့် တန်းစီရပ်နေကြသောသူတို့နှင့် မျက်နှာချင်းဆိုင်မှာ နေရာယူထားပြီး၊ သူ့လက်ထဲမှ စာရေးစက္ကူဘုတ်ပြားပေါ်တွင် တစ်စုံတစ်ရာ ရေးခြစ်နေ၏။

ပဏာမရွေးချယ်ခံမည့်သူ ဆယ့်ကိုးယောက်ရှိသည့်အနက် ငါးယောက်ကိုသာ ရွေးချယ်မည် ဖြစ်လေသည်။ ပထမဦးဆုံးပြိုင်ရမည့်ပွဲက မီတာ (၁၀၀) အလွတ်ကူးဖြစ်သည်။

ကျွန်တော်ကတော့ အရွေးခံရသည်ဖြစ်စေ မခံရသည်ဖြစ်စေ ဒီရွေးချယ်ပွဲကို မြန်မြန်ပြီးဆုံးစေချင်လှပြီ။ အရေးအကြီးဆုံးက ကျွန်တော်အိမ်ကို အမြန်ဆုံးပြန်ရောက်ဖို့ပင် ဖြစ်သည်။

ဦးပြည်စိုးကို အခြေအနေတွေအားလုံး အသိပေးဖို့ လိုအပ်နေပြီမဟုတ်ပါလား။ အချိန်မနှောင်းမီ တစ်ခုခုလုပ်မှ ဖြစ်ပေတော့မည်။

ကျွန်တော် သိပ် စိတ်မရှည်ချင်တော့။

အခုအချိန်ထိလည်း ဝေဠုနဲ့ အောင်ကျော်မိုးတို့ ရောက်မလာသေးပါလား... ဟု တွေးနေစဉ်မှာပင် ရွှီခနဲ ဝီစီတစ်ချက်မှုတ်သံ ကြားလိုက်ရပြီးနောက် ကိုညိုထွန်းက ပြိုင်ပွဲဝင်မည့်သူများကို အစုငါးစု ခွဲလိုက်ပြီး အသင့်နေရာယူစေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲတွင် စံချိန်မှတ်နာရီတစ်လုံး ကိုင်ထား၏။ သူ ဘာတွေ ရှင်းပြနေသည်ကို ကျွန်တော် ကြားတစ်ချက် မကြားတစ်ချက်ဖြင့်သာ...။

အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ရေထဲ ဝုန်းခနဲ ခုန်ဆင်းပြီး ကျင့်သားရနေသောလက်များ ခြေထောက်များက သွက်လက်စွာ လှုပ်ရှားသွားကြသည်။

မြန်မြန်ပြီးဆုံးစေချင်စိတ်ဖြင့် လောနေသောကြောင့်လား မသိ။ ရေကူးရသည်မှာ ခါတိုင်းထက်ပိုပြီး သွက်လက်မြန်ဆန်နေသည်။

"နေသွေးကွ... ကူးထား... သွက်သွက်လေး..."

"မြန်မြန်... မြန်မြန်... နောက်က လိုက်လာနေပြီ..."

"ဟေး... ဟေး... ဟေး..."

အားပေးနေကြသံများထဲတွင်

"ငပေါကြီးရေ... ကြိုးစားထားကွ"

"လူကသာ ရှုးသလို ကြောင်သလိုနဲ့ ရေကူးတာတော့ တကယ်မြန်တာပဲ"

ဟူသော လှောင်သလို ပြောင်သလို မှတ်ချက်ပေးသံတစ်ချို့ကိုလည်း ကြားရ၏။

သို့သော် ကျွန်တော်ကတော့ ဂရုမစိုက်ပါ။

နားထောင်နေဖို့ အချိန်လည်းမရှိ။

ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံးသည် အလွန်လျင်မြန်သော စက်ယန္တရားတစ်ခုလို ရေထဲမှာ ရွေ့လျားနေသည်။

ပန်းတိုင်သို့မရောက်ခင်မှာပင် ကျွန်တော်သာ ဗိုလ်စွဲမည်ဖြစ်ကြောင်း





အလိုလိုသိလိုက်သည်။ ကျွန်တော့်နောက်မှလူကို လေးငါးလှမ်းစာမက နောက်ချန် ကျော်ဖြတ်ထားနိုင်ခဲ့သည်ပဲ။

"ဟေး... နေသွေးကွ..."

"ဖြောင်း... ဖြောင်း... ဖြောင်း..."

ကျွန်တော် ရေထဲမှ တက်လာသည့်အချိန်တွင် လက်ခုပ်သြဘာသံများကို ကြားရသည်။

စိတ်ဖိစီးမှုများကြောင့် ကျွန်တော်ကတော့ ဝမ်းသာဖို့ ဂုဏ်ယူဖို့ အလျှင်းသတိမရနိုင်ပါချေ။ ကျန်အုပ်စုလေးစု ယှဉ်ပြိုင်သည်ကိုသာ စိတ်မရှည်စွာ ဆက်ကြည့်နေလိုက်၏။

နောက်တစ်ပွဲကတော့...

"ကဲ... ဒီတစ်ခါတော့ မင်းတို့တစ်ယောက်ချင်းစီရဲ့စံချိန်ကို ယူဖို့ပဲ"

ဟု ကိုညိုထွန်းက ကြေညာပြီး ရေ့ပြိုင်ပွဲမှ စံချိန်အကောင်းဆုံးလူ ၁၀ ယောက်ကို ဒိုင်ဗင်ဘုတ်အနီးတွင် နေရာယူခိုင်း၏။ ကျွန်တော်က နောက်ဆုံးမှ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

တစ်ယောက်ချင်းစီ အလှည့်ကျ ဒိုင်ဗင်ထိုးချပြီး ရေကန်ကို အသွားအပြန်ကူးရ၏။ ကိုညိုထွန်းက စံချိန်မှတ်ထားပြီး အကောင်းဆုံးငါးယောက်ကို ရွေးချယ်မည် ဖြစ်သည်။

ကိုးယောက်မြောက် ရေကူးသမားအလှည့် ရောက်လာသည့်အချိန်မှာပင် အောင်ကျော်မိုးနှင့် ဝေဠုတို့ ဝင်လာသည်ကို လှမ်းမြင်လိုက်ရ၏။

သို့သော် သူတို့နှစ်ယောက်သား အဝတ်လဲခန်းသို့ မသွားကြ။ ရေကူးဝတ်စုံ ပါလာကြပုံ မရချေ။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆိုလျှင် ရေကိုမြင်သည်နှင့် တားမရ ဆီးမနိုင်ဖြစ်ကာ တဝုန်းဝုန်း ရေထဲခုန်ချပြီး သောင်းကျန်းချင်တိုင်း သောင်းကျန်းလေ့ရှိသော ဒီနှစ်ယောက်ကား ယခုကျမှပင် ဣန္ဒြေရနေလေသည်။

"ဟေ့ကောင်တွေ ... ဘယ်လိုလဲ ရေမကူးတော့ဘူးလား၊ အဝတ်လဲခန်းထဲမှာ ရေကူးဝတ်စုံအပိုတွေ ရှိပါတယ်ကွ၊ ဒီမှာ ငါတို့ လူရွေးပွဲ လုပ်နေတာလည်း ပြီးသလောက်ရှိနေပါပြီ ..."

ဟု နည်းပြကိုညိုထွန်းက လှမ်းပြောသော်လည်း သူတို့နှစ်ယောက်စလုံးက ခေါင်းခါပြကြ၏။ အောင်ကျော်မိုးက ...

"ကျွန်တော် ဒီနေ့ နည်းနည်းနေမကောင်းချင်သလို ဖြစ်နေလို့ ..."

ထိုစဉ်မှာပင် ကျွန်တော်ကူးရမည့် အလှည့်သို့ ရောက်လာပြီဖြစ်ရာ ဒိုင်ဗင်ဘုတ်ပေါ်သို့ တက်သွားလိုက်သည်။

ရှီ ... ခနဲ ဝီစီသံကြားရသည်နှင့် တစ်ပြိုင်နက် ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်၏။ စိတ်ဖိစီးမှုကြောင့်လား မပြောတတ်။ အချိန်အဆ လွဲသွားသည်။

ခါတိုင်းလောက် ဝေးဝေးမရောက်ဘဲ မလှမ်းမကမ်းကိုသာ ဖွမ်းခနဲ ကျသွား၏။

ထို့ကြောင့် ကျန်သောအကွာအဝေးကို အားသွန်ပြီး အမြန်ဆုံးကူးရတော့သည်။ တစ်ဖက်ကန်ဘောင်စပ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရေထဲငုပ်ကာ ကျွမ်းထိုးပြီး ကန်ဘောင်ကို ခြေစုံကန်ထွက်လိုက်၏။

ရေထဲတွင် လျှောခနဲ လျှောခနဲထိုးခွဲရင်း ကျွန်တော့်ခန္ဓာကိုယ်က ဒီဘက်ကန်ဘောင်စပ်ဆီသို့ တမဟုတ်ချင်း ပြန်လည်နီးကပ်လာသည်။





ကျွန်တော်ကူးခဲ့ဖူးသမျှထဲတွင် ဒီတစ်ကြိမ်သည် အမြန်ဆုံးစံချိန်ပင် ဖြစ်လိမ့်မည်ဟု သိနေသည်။

ဒီရွေးချယ်ပွဲကို မြန်မြန်အဆုံးသတ်ပြီး အိမ်ပြန်ရောက်ချင်လှပြီ။

"ဟေး ... နေသွေးကွ ..."

"ဝေး ... ဟေး ... ဟေး ... ဖြောင်း ... ဖြောင်း ... ဖြောင်း ... ရှီ ..."

ဒီဘက်ကန်ဘောင်ကို ပြန်ရောက်ရောက်ချင်း လက်ခုပ်သံများကို ကြားရသည်။ ရှီခနဲ လက်ခေါက်မှုတ်သံကတော့ ဝေဠုထံမှပင် ဖြစ်မည် ထင်၏။

နည်းပြကိုညိုထွန်းက စံချိန်မှတ်နာရီကို ငုံ့ကြည့်ရင်း ကျေနပ်စွာ ပြုံးနေသည်။ ကျွန်တော် ရေထဲမှ တက်လာသောအခါ သူက ...

"မင်း ဒိုင်ဗင်ထိုးတာ ပြန်လေ့ကျင့်ဖို့တော့ လိုဦးမယ်ကွ၊ ဒါပေမဲ့ စံချိန်ကတော့ တော်တော်ကြီးကို ကျေနပ်ဖို့ကောင်းတယ်"

ဟု ပြောရင်း မျက်နှာသုတ်ပဝါတစ်ထည် ပစ်ပေးသည်။ ကျွန်တော်က ရေများကို ခြောက်သွေ့အောင်သုတ်ရင်း အောင်ကျော်မိုးနှင့် ဝေဠုတို့ ရှိရာဆီသို့ လှမ်းကြည့်လိုက်သည်။

သူတို့နှစ်ယောက်စလုံးကို မမြင်ရတော့ချေ။

ဘယ်ရောက်သွားကြသည် မသိ။

ကျွန်တော်က သူတို့နှစ်ယောက်စလုံးကို ကျိတ်ပြီး ကျိန်ဆဲလိုက်၏။

ခွေးမသားတွေ ... သူတို့ပဲ ငါ့ကို အတင်းလာပြိုင်ခိုင်းတယ်။ ပြီးသွားတော့ ငါ့ကို စောင့်နေဖော်တောင် မရဘူး ...။

ကျွန်တော်က တဘက်ကို ပခုံးပေါ်တင်ပြီး အဝတ်လဲခန်းရှိရာဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ ထွက်လာခဲ့၏။ ကျွန်တော်က နောက်ဆုံးပြိုင်ပွဲဝင်ရသူ ဖြစ်သောကြောင့် အဝတ်လဲခန်းထဲတွင် လူရှင်းနေသည်။

တဘက်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ပြီး အဝတ်အစားများကို ခပ်သွက်သွက်လဲလိုက်သည်။

အိမ်ကို အမြန်ဆုံး ပြန်ရောက်ချင်လှပြီ။

ထိုအချိန်မှာပင် အဝတ်လဲခန်းတံခါးက ကျွီခနဲ ပွင့်သွား၏။ လှမ်းကြည့်လိုက်တော့ ဝေဋ္ဌုနှင့် အောင်ကျော်မိုး။

သူတို့က စပ်ဖြီးဖြီးလုပ်ရင်း အခန်းထဲသို့ ဝင်လာကြသည်။ ကျွန်တော်က...

"ငါက မင်းတို့ပြန်သွားပြီ အောက်မေ့လို့..."

"ဘယ်ပြန်ဦးမလဲ နေသွေးရာ... မင်းကို ဂုဏ်ပြုဖို့ စောင့်နေကြတာကွ"

"မင်း နောက်ဆုံးကူးသွားတဲ့အခေါက်ကတော့ တကယ့်ကို ချန်ပီယံစံချိန်ပဲကွာ..."

ထုံးစံအတိုင်း အတည်ပြောသလား၊ နောက်ပြောင်နေတာလား ခွဲခြားရခက်သော သူတို့၏ ချီးကျူးစကားများကြောင့် ကျွန်တော်က မျက်နှာ ရှုံ့မဲ့ပြီး ပခုံးတွန့်ပြလိုက်၏။

ဒီကောင်တွေနဲ့ အချိန်အကုန်မခံနိုင်ပါ။

"တော်စမ်းပါကွာ... အချင်းချင်းတွေဥစ္စာ... မင်းတို့အကြောင်း ငါသိပြီးသား၊ ကဲ... နောက်မှ ချီးကျူး... ငါ လစ်လိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ကျွန်တော်က သူတို့နှစ်ယောက်ကြားမှ တိုးထွက်





ရန် ဟန်ပြင်လိုက်သည်။

သို့သော် ဝေဋ္ဌုက တံခါးပေါက်ကို သူ့ကိုယ်ဖြင့်ပိတ်လိုက်ရင်း...

"ဟ... နေစမ်းပါဦးကွ၊ ဖြည်းဖြည်းပေါ့..."

"ဘာလုပ်မလို့လဲကွ..."

ကျွန်တော်က စိတ်မရှည်စွာဖြင့် ပြန်မေးလိုက်သည်။ ဝေဋ္ဌုက...

"မင်းကို ချီးကျူးဂုဏ်ပြုတဲ့အနေနဲ့ လက်ဆွဲနှုတ်ဆက်ချင်လို့ပါကွာ... န... န..."

"တစ်ချက်တည်းပါ... နေသွေးရာ... န... န... မင်း လုံးဝ မနာကျင်စေရပါဘူးကွာ"

ကျွန်တော် အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသား ပွင့်သွားသည်။ သူတို့နှစ်ဦးကတော့ လက်များကိုဆန့်တန်းရင်း ရှေ့တိုးလာလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

"အား..."

ကျွန်တော် ကျယ်လောင်စွာအော်ဟစ်လိုက်သော်လည်း သူတို့က နောက်တွန့်သွားခြင်းမရှိ။

အေးစက်သောမျက်လုံးများဖြင့် စိုက်ကြည့်ရင်း ရှေ့တိုးလာကြသည်။ သူတို့၏နှုတ်ခမ်းထက်တွင် ပိုင်နိုင်သောအပြုံးများကို မြင်ရ၏။

သူတို့နှစ်ယောက်၏ခွန်အားဗလကို ကျွန်တော် ဘယ်လိုမှ မယှဉ်နိုင်။

ကျွန်တော့်ဘဝကား ဒီနေရာမှာပင် အဆုံးသတ်ရတော့မည်။

"မလုပ်... မလုပ်ကြပါနဲ့ကွာ"

ကျွန်တော့်တောင်းပန်သံကို သူတို့က လျစ်လျူရှုထားလိုက်ကြ၏။ ထိုစဉ်မှာပင်...

"အထဲမှာ ဘာတွေဖြစ်နေကြတာလဲကွ"

ဟူသော မေးသံနှင့်အတူ အဝတ်လဲခန်းအဝတွင် **လူရိပ်တခု** ပြုန်းခနဲ ရပ်လိုက်သည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရေကူးနည်းပြ ကိုညိုထွန်း…

သူက အခန်းထဲဝင်လာပြီး ကျွန်တော်တို့ကို မသင်္ကာသည့်မျက်လုံးများဖြင့် ဖျတ်ခနဲ တစ်ချက်ဝေ့ကြည့်လိုက်သည်။

ဝေဠုနှင့် အောင်ကျော်မိုးတို့ ကိုယ်ရှိန်သတ်ပြီး မျက်နှာအမူအရာများ ချက်ချင်းပြောင်းသွားကြသည်။ အောင်ကျော်မိုးက…

"ဟို… ဟိုဒင်း… နေသွေးကို ကျွန်တော်တို့က ဂုဏ်ပြုမလို့ပါ ဆရာ…"

"ဟုတ်တယ် ဆရာ…၊ သူ့ကို ကွန်ဂရက်ကျူလေးရှင်းလုပ်ပြီး လက်ဆွဲနှုတ်ဆက်မလို့ပါ… အဲ… အဲဒါ…"

ကိုညိုထွန်းကတော့ စိတ်တိုတတ်သူပီပီ သူတို့နှစ်ယောက်ကို ဘုကြည့်ကြည့်လိုက်ပြီး…

"အရေးမပါတာတွေ လုပ်မနေနဲ့၊ မင်းတို့နှစ်ကောင် ငါနဲ့ လိုက်ခဲ့ကြဦး။ အခုရွေးထားတဲ့လူစာရင်းကို ကွန်ပျူတာရိုက်ပြီး မြို့နယ်ကို ပို့ရမယ်"

ဝေဠုနှင့် အောင်ကျော်မိုးက ကျွန်တော့်ဘက်သို့ ဖျတ်ခနဲဝေ့ကြည့်ပြီး အဝတ်လဲခန်းထဲမှ ပြန်ထွက်သွားကြ၏။

ကျွန်တော် သက်ပြင်းချလိုက်သည်။

စာရင်းထဲတွင် နောက်ထပ်နာမည်နှစ်ခု တိုးလာပြီ မဟုတ်ပါလား။ သူတို့ကို မိစ္ဆာကောင်တွေဖြစ်သွားအောင် ဘယ်သူလုပ်လိုက်တာလဲ… ဆန်းတီးဆွေလား… ဦးဆန်းလွင်လား… တခြားတစ်ယောက်လား… နောက်ပြီး… နောက်ပြီး… သည်အတိုင်းဆိုလျှင် ကိုညိုထွန်းကော သူတို့နှစ်ယောက်လက်မှ လွတ်နိုင်ပါဦးမည်လား။

ကျွန်တော့်သူငယ်ချင်းတွေထဲက တခြားဘယ်သူတွေကော သူတို့လို ဖြစ်သွားပြီလဲ…

ကျွန်တော် မစဉ်းစားရဲတော့ပါ။

အဝတ်အစားလဲခန်းထဲမှ တဟုန်ထိုးထွက်ပြီး အိမ်ဆီသို့ အမြန်ဆုံးပြေးခဲ့တော့သည်။

※

အိမ်ကိုလှမ်းမြင်နိုင်သည့် နေရာရောက်မှပင် ပြေးနှုန်းကို လျှော့ချလိုက်သည်။ အခုမှပင် မောရမှန်း သိလာ၏။

အိမ်မှာ မေမေတော့ရှိနေမှာ သေချာသည်။ ဖေဖေကတော့ ဒီအချိန်ဆိုလျှင် သူ အလုပ်လုပ်သည့် ကုမ္ပဏီသို့ရောက်နေလောက်ပေပြီ။

မေမေကတော့ အလုပ်မှ ခွင့်ယူထားသည်။ ညီမလေးငြိမ်းက အတော်ပင်နေမကောင်းဖြစ်နေသည် မဟုတ်ပါလား။ ညီမလေးကို ပြုစုဖို့ မေမေ အိမ်မှာရှိနေမှာ သေချာ၏။

သို့သော် အိမ်တံခါးက သော့ပိတ်ထားသည်ကို တွေ့ရသောကြောင့် ကျွန်တော်အံ့သြသွားသည်။ နောက်ဖေးတံခါးကတော့ ပွင့်နေ၏။

အိမ်ထဲတွင် ဘာသံမှ မကြားရ။ တိတ်ဆိတ်နေသည်။

"မေမေရေ… မေမေ…"

ကျွန်တော် အော်ခေါ်လိုက်သည်။ တုံ့ပြန်သံ မကြားရ။ ကျွန်တော့်ရင်ထဲမှာ အနည်းငယ်စိုးရိမ်စိတ်ဝင်လာသည်။







www.burmeseclassic.com

www.burmeseclassic.com



"မေမေ အပေါ်ထပ်မှာလား..."

မည်သူမျှ ပြန်မထူး။ ပကတိ တိတ်ဆိတ်နေသည်။

တစ်စုံတစ်ရာတော့ ဖြစ်နေပြီ ဟူသည့် အသိက ကျွန်တော့်ကို တုန်လှုပ်ချောက်ချားသွားစေ၏။

မီးဖိုချောင်ထဲမှနေ၍ ဘယ်ကိုမှ မရွေ့လျားရဲတော့။

ကျွန်တော် ငြိမ်သက်စွာရပ်နေမိသည်။

ရင်ထဲမှာတော့ တဒိန်းဒိန်းခုန်နေ၏။

"မေမေ... ညီမလေး..."

အသံခပ်အုပ်အုပ်ဖြင့် တစ်ကြိမ်ထပ်ခေါ်ကြည့်မိပြန်သည်။ ပြန်ထူးမည့်သူ မရှိ။

ကျွန်တော် ခြေသံမကြားရအောင် ဖြည်းညင်းစွာလျှောက်မိသည်။

အကယ်၍ အိမ်ထဲမှာ မိစ္ဆာကောင်ရောက်နေပါလျှင် ကျွန်တော်ရှိနေသည့်နေရာကို အသံပေးသလို ဖြစ်သွားမှာ စိုးရသည်။

စောစောက ကျွန်တော်အော်ဟစ်ခေါ်မိသည်မှာ မှားများ မှားသွားပြီလား...

ထိုစဉ်မှာပင်...

ကျွန်တော့်ခြေထောက်များက ချွဲကျိကျိအရာများကို တက်နင်းလိုက်မိသည်။

ကျွန်တော် ငုံ့ကြည့်လိုက်၏။

ကြမ်းပြင်ပေါ်တွင် အစိမ်းရောင်ချွဲကျိကျိအရာများ...

"ဟင်..."





ကျွန်တော် တုန်လှုပ်စွာ ရေရွတ်လိုက်မိ၏။ မိစ္ဆာကောင်တို့၏ နားရွက်ထဲမှ ထွက်လာတတ်သော အစိမ်းရောင်ချွဲကျိကျိ ပူဖောင်းသဏ္ဍာန်များကို ချက်ချင်းပြေးပြီး မြင်ယောင်လိုက်သည်။

ဒါ... ဒါဆို...

မေမေ ဘာဖြစ်သွားပြီလဲ...

ညီမလေးကော...



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

မေမေနှင့် ညီမလေးကို မိစ္ဆာကောင်တွေ ပူးဝင်သွားပြီလား...

ထိုအတွေးဖြင့် ကျွန်တော့်တစ်ကိုယ်လုံး ခွေညှတ်ယိုင်လဲကျတော့မတတ် ဖြစ်သွား၏။

ကြမ်းပြင်ပေါ်မှ အစိမ်းရောင်အကျိအချွဲတွေကိုသာ စိုက်ကြည့်နေမိသည်။

ဘုရား... ဘုရား... မဟုတ်ပါစေနှင့်။

အမှတ်တမဲ့ပင် ကျွန်တော့်မျက်လုံးတွေက ရေခဲသေတ္တာဆီသို့ ရောက်သွားသည်။ ရေခဲသေတ္တာတံခါးပေါ်တွင် စာရေးစက္ကူစ အဝါရောင်လေးကပ်ထားသည်ကို တွေ့လိုက်ရ၏။

ဖေဖေနှင့် မေမေတို့က တစ်ခုခုအကြောင်း မမေ့လျော့အောင် မှာကြားခဲ့ချင်လျှင် ထိုသို့ပင် လက်တစ်ဝါးခန့်စာရေးစက္ကူလေးပေါ် ရေးပြီး ရေခဲသေတ္တာမှာ မြင်သာအောင် ကပ်ခဲ့လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော် ကမန်းကတန်းထပြီး စက္ကူလေးကို ဖြန့်ယူကာ ကြည့်လိုက်သည်။

ထင်သည့်အတိုင်းပင်။ ခပ်သွယ်သွယ် ခပ်စောင်းစောင်းရေးထားသော မေမေ့လက်ရေး ဖြစ်၏။

သားကြီး

ညီမလေးရောဂါအခြေအနေ အရမ်းဆိုးလာလို့ မေမေ ဆေးရုံကို သွားတယ်။ ဆေးရုံတင်ရမယ်ထင်တာပဲ၊ သားရဲ့ဖေဖေကိုတော့ မေမေဖုန်းဆက်ပြီး ဆေးရုံကိုလိုက်လာခိုင်းလိုက်မယ်။ တကယ်လို့ မေမေကော ဖေဖေပါ ညစာစားချိန်အမီ ပြန်မရောက်လာရင် ငါးသေတ္တာဗူးဖောက်ပြီး အဆင်ပြေသလို စားထားနှင့်လိုက်တော့...

မေမေ...

P.S (စာကြွင်း)

မင်းညီမလေး ကျောက်ကျောမုန့်တွေစားပြီး ပြန်အန်ထားလို့ ကြမ်းပြင်မှာ အစိမ်းရောင်ကျောက်ကျောဖတ်တွေ ပေနေတယ်၊ သားကြီး ဆေးကြောထားလိုက်ပါ။ မေမေ အချိန်မရတော့လို့... ဒါပဲ...။

မေမေ့စာကို ဖတ်ပြီးမှ ဟင်းခနဲ သက်ပြင်းချနိုင်သည်။ နောက် ကြမ်းပြင်ပေါ် တစ်ခါထပ်ငုံ့ကြည့်ဖြစ်ပြန်၏။

တော်ပါသေးရဲ့...။ ကရင်ဆိုဒါဆိုးထားတဲ့ ကျောက်ကျောတွေပဲ။ ဒါဆိုလျှင် မေမေနှင့် ညီမလေးတို့ မိစ္ဆာကောင်တွေအန္တရာယ်မှ လွတ်မြောက်





ကင်းဝေးနေသေးသည်။

သို့သော် စိတ်ထဲကတော့ လွတ်လွတ်ကျွတ်ကျွတ် မပျော်နိုင်။ ညီမလေး၏အခြေအနေက ဆေးရုံကို ကမန်းကတန်းတင်ရလောက်အောင် ဆိုးရွားနေပြီဟု သိလိုက်ရသောကြောင့်ပင်...။

တွေးရင်းနှင့် ညီမလေးကို သနားနေမိသည်။ အရွယ်နှင့်မလိုက်အောင် ဝဋ်ဒုက္ခကြီးလှချည်လားဟု စဉ်းစားမိတော့ စိတ်ထဲမှာ နာကျင်လာ၏။

ညီမလေး နေကောင်းပါစေ...

ဒီအတိုင်းဆိုလျှင် ဖေဖေကော မေမေပါ ဆေးရုံမှာ ညအိပ်ပြီး စောင့်ရလေမည်လား မသိပါ။

ဒုက္ခပဲ... ဒါဆို ဒီနေ့တစ်နေ့လုံး တစ်ညလုံး အိမ်မှာ ငါတစ်ယောက်တည်းနေရမှာပါလား။ ဒါ... ဒါ... လုံခြုံနိုင်ပါ့မလား...

မိစ္ဆာကောင်တစ်ကောင်ကောင်က ဖြုန်းခနဲ အိမ်ထဲသို့ တိုက်ခိုက်ဝင်ရောက်လာလျှင် ခုခံကာကွယ်နိုင်ပါ့မလား။ ဒါမှမဟုတ် ခေါင်းရင်းအိမ်က ဦးပြည့်စိုးနဲ့ အတူသွားနေရင် ကောင်းမလား။

ဘာကိုမှ ဝေခွဲဆုံးဖြတ်နိုင်ခြင်း မရှိဘဲ ကျွန်တော် တွေဝေနေစဉ်မှာပင် အိမ်ရှေ့ဆီမှ လူခေါ်ခေါင်းလောင်းသံကို ကြားလိုက်ရလေတော့သည်။

"ကလင်... ကလင်... ကလင်..."

ကျွန်တော့်တစ်ကိုယ်လုံး ဆတ်ခနဲတောင့်တင်းသွား၏။ လူခေါ်ခေါင်းလောင်းက အဆက်မပြတ်မြည်နေသည့်အပြင် မိန်းကလေးတစ်ယောက်၏အော်ခေါ်သံကိုပါ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေသွေး… နေသွေး… နင် အိမ်ထဲမှာလား… မြန်မြန်… မြန်မြန် တံခါးလာဖွင့်ပေးပါ"

မိမိချို၏အသံဖြစ်သည်။ ကျွန်တော် အိမ်ရှေ့ဆီထွက်ပြီး ချောင်းကြည့်လိုက်တော့ မိမိချိုနှင့် သဇင်တို့နှစ်ယောက်သား အိမ်တံခါးကို ထုရိုက်ရင်း ဆွေ့ဆွေ့ခုန် အော်ဟစ်နေကြသည်ကို တွေ့ရ၏။

"မြန်မြန်လုပ်ပါ နေသွေးရဲ့…"

ကျွန်တော် တံခါးကို မဖွင့်ရဲ။

သူတို့နှစ်ယောက်ကိုလည်း ကျွန်တော် မယုံကြည်ပါ။ အကယ်၍ သူတို့ကိုယ်ထဲကို မကောင်းဆိုးဝါးဝင်နေလျှင်ကော…။

ကျွန်တော်က တံခါးကို အသာဆွဲဟလိုက်သည်။ သို့သော် တံခါးနှစ်ချပ်ကို အတွင်းကချိတ်ထားသည့် သံကြိုးကိုတော့ မဖြုတ်။

ထို့ကြောင့် တံခါးနှစ်ချပ်က လက်မအနည်းငယ်သာ ဟနေ၏။ ကျွန်တော်က…

"နင်တို့ ဘာဖြစ်လာတာလဲ…"

ဟု မေးလိုက်သည်။ သဇင်က မောဟိုက်တုန်ရီစွာဖြင့်…

"နေသွေး… နေသွေး… ငါတို့ အထဲကို မြန်မြန်ဝင်ပါရစေ…"

"မြန်မြန်… ငါတို့… ငါတို့ ကြောက်လွန်းလို့ သေတော့မယ်"

မိမိချိုက မျက်လုံးပြူး မျက်ဆံပြူးဖြင့် ပြော၏။ ကျွန်တော်က…

"ဘာ… နင်တို့ ဘာကိုကြောက်နေကြတာလဲ"

"ဟို… ဟို… အားကစားရုံမှာ ဘာတွေဖြစ်နေတာလဲတော့ မသိဘူး၊ အရမ်းထူးဆန်းတယ် နေသွေး…"





"ငါတို့ ကြောက်တယ်… ငါတို့ကို ကယ်ပါဦးဟာ…"

သဇင်က တံခါးကို တဝုန်းဝုန်းပုတ်ရင်း ငိုသံပါကြီးဖြင့် ပြောနေသည်။

ကျွန်တော်ကတော့ တွေဝေနေဆဲပင်…

သူတို့ကို ယုံရပါ့မလား…

သူတို့ကို အိမ်ထဲပေးဝင်လို့ ဖြစ်ပါ့မလား…

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"နေသွေး၊ တံခါးဖွင့်လေဟာ..."

သဇင်က ငိုသံပါကြီးဖြင့် ပြောနေသည်။

ကျွန်တော်က သူတို့နှစ်ယောက်စလုံးကို သေသေချာချာကြည့်လိုက်၏။ သဇင်က အော်ရလွန်းသဖြင့် အသံတွေပြာနေသည်။ မိမိချိုကတော့ ဆံပင်တွေဖရိုဖရဲနှင့် ပြေးလာရသောကြောင့် ဆံပင်စည်းသည့်ကလစ် ပြုတ်ကျခဲ့ပုံ ရ၏။

နဖူးမှာ ချွေးစက်တွေနှင့်။

"နင် ငါတို့ကို ဘာကြည့်နေတာလဲဟ..."

သူတို့၏နှားရွက်များထဲမှ အစိမ်းရောင်ချွဲကျိုကျို ပူဖောင်းများထွက်လာခြင်းမရှိ။ စကားပြောလျှင်လည်း ထူးဆန်းသော 'န... နဲ့... နး...' ဟူသည့် အသံမျိုး ထွက်ပေါ်နေခြင်းမရှိချေ။ ကျွန်တော်က သေချာအောင် မေးလိုက်သည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



“နင်တို့နှစ်ယောက် ငါ့ကို လက်ဆွဲနှုတ်ဆက်ချင်နေလားဟင်”

“ဒုက္ခပါပဲ နေသွေးရယ်… အရေးထဲမှာ ဘာတွေလာမေးနေတာလဲ”

မိမိချိုက စိတ်ပျက်စွာညည်းညူရင်း ပြောသည်။

ကျွန်တော်က တံခါးချိတ်သည့် သံကြိုးကို ဖြုတ်ပေးလိုက်၏။ သူတို့နှစ်ယောက်စလုံး ဒရောသောပါးဖြင့် အိမ်ထဲပြေးဝင်လာကြသည်။

ဧည့်ခန်းထဲသို့ရောက်သောအခါ ကျွန်တော်က…

“ကဲ… ဆိုကြစမ်းပါဦး၊ နင်တို့နှစ်ယောက် ဘာဖြစ်လာကြတာလဲ”

သဇင်က ဘယ်က ဘယ်လိုစပြောရမှန်း မသိဘဲ ဖြစ်နေပုံပေါ်၏။ မိမိချိုကတော့

“ဟို… ဟိုနှစ်ယောက်လေ… ဝေဠုနဲ့ အောင်ကျော်မိုးပေါ့…”

“ဘာ… သူတို့… သူတို့ဘာလုပ်သလဲ ပြောစမ်း…”

ကျွန်တော် အလောတကြီးမေးလိုက်သည်။ သဇင်က

“သူတို့နှစ်ယောက်စလုံး ဘာဖြစ်နေကြသလဲ မသိဘူး၊ ဟိုဒင်း… သူတို့ကိုကြည့်ရတာ သွေးရိုးသားရိုးမဟုတ်တော့သလိုပဲ၊ စကားတွေပြောနေတာကလည်း တစ်မျိုးကြီး…”

“အဲဒီကောင်တွေက နင်တို့နှစ်ယောက်ကို လက်ဆွဲနှုတ်ဆက်ဖို့ လုပ်ကြသေးလားဟင်…”

ကျွန်တော့်မေးခွန်းကို ပြန်ဖြေဖို့ မိမိချိုက ပါးစပ်ဟလိုက်စဉ်မှာပင်

“ဒုန်း…”

အိမ်ရှေ့တံခါးဆီမှ တစ်စုံတစ်ခုသောအသံကြောင့် ကျွန်တော်တို့သုံးယောက်စလုံး လန့်ပြီး ထခုန်မိတော့မလို ဖြစ်သွား၏။





“ဒုန်း… ဒုန်း…”

အိမ်တံခါးကို ခဲဖြင့်ပေါက်နေသလိုမျိုး အသံများကြောင့် ကျွန်တော် ထသွားပြီး အသာချောင်းကြည့်လိုက်ရာ…

“ဟင်…”

အရုပ်ကလေးသုံးရုပ်…

နွားဦးခေါင်းနှင့် လူ့ခန္ဓာကိုယ်၊ မြေခွေးဦးခေါင်းနှင့် လူ့ခန္ဓာကိုယ်၊ မြွေဦးခေါင်းနှင့် လူ့ခန္ဓာများပါရှိသော အရုပ်သုံးရုပ်သည် အိမ်ရှေ့လှေကားထစ်ပေါ်တွင် ပြန့်ကျဲကျနေလေသည်။

စောစောကအသံများသည် တစ်စုံတစ်ယောက်က ကျွန်တော့်အိမ်တံခါးကို ထိုအရုပ်များဖြင့် ပစ်ပေါက်လိုက်ရာမှ ထွက်ပေါ်လာသောအသံတွေများလား။

ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးထသွားသည်။

ကြည့်နေစဉ်မှာပင် ထိုအရုပ်ကလေးများသည် တဖြည်းဖြည်းချင်း မတ်တတ်ထလာကြ၏။ သူတို့… သူတို့ တစ်စထက် တစ်စ အရွယ်ကြီးအောင် လာကြပေတော့မည်။

“နေသွေး ဘာဖြစ်နေတာလဲ”

ကျွန်တော့်နောက်ဘက်မှ သဇင်က လှမ်းမေးလိုက်သည်။ [illegible] နှစ်ယောက်စလုံးက ကျွန်တော့်ထံမှ အဖြေကို မစောင့်တော့ဘဲ [illegible] အပြင်သို့ချောင်းကြည့်လိုက်ကြသည်။

သူတို့ အရုပ်ကလေးတွေကြီးမားစပြုလာနေသည်ကို [illegible] သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ... အဲဒါ... ဟိုဒင်း..."

ကျွန်တော်က သူတို့နှစ်ယောက်ကို အရုပ်ကလေးတွေအကြောင်း ရှင်းပြဖို့ စကားစလိုက်သည်။ သို့သော် သူတို့မျက်နှာပေါ်မှ ထူးဆန်းသော အမူအရာများကြောင့် စကားစတန်းလန်းနှင့် ရပ်တန့်သွား၏။

သဇင်နှင့် မီမီချိုတို့နှစ်ယောက်စလုံး ပြုံးနေကြသည်။

သူတို့ပြုံးနေကြလိမ့်မည်ဟု ကျွန်တော်ဘယ်နည်းနှင့်မျှ မျှော်လင့်မထားခဲ့ပါ။

ကျွန်တော် အရမ်းအံ့သြသွားသည်။

ထိုစဉ်မှာပင် သဇင်က စပြီးပြောလိုက်သည်။

"သူတို့ရောက်လာတာ... နှ... နှ... အချိန်ကိုက်ပဲ"

ကျွန်တော် အလန့်တကြားဖြင့် နောက်သို့ခုန်ပြီး ဆုတ်လိုက်သည်။

"နင်... နင်... ဘာပြောလိုက်တာလဲ... သဇင်"

သူတို့နှစ်ယောက်စလုံး ကျွန်တော့်ဘက်သို့လှည့်လိုက်ကြ၏။ သူတို့၏ မျက်လုံးများက စူးရှပြီး အရောင်တောက်ပနေကြသည်။

"ငါတို့ရဲ့... နှ... နှ မိတ်ဆွေတွေရောက်လာပြီလို့ ပြောလိုက်... နှ... နှ... တာလေ"

"ထွက်ပြေးဖို့ မကြိုးစားနဲ့တော့... နေသွေး... နှ... နှ... ဒီတစ်ခါ နင့်အလှည့်ပဲ... နှ... နှ..."

■





# အခန်း (၁၇)

"သွား... ငါ့အနား မကပ်ကြနဲ့"

ကျွန်တော်က အရူးတစ်ယောက်လို အာခေါင်ကိုခြစ်၍ အော်ဟစ်လိုက်ပြီး လက်လှမ်းမီရာပစ္စည်းများဖြင့် ဆွဲယူပစ်ပေါက်လိုက်သည်။

သူတို့မရှောင်မတိမ်းဘဲ ဇွတ်အတင်းရှေ့တိုးကာ ကျွန်တော့်ကို လှမ်းဆွဲ၏။ သူတို့လက်များနှင့် မထိမိလေးခင်မှာပင် ကျွန်တော်က ချာခနဲလှည့်ကာ ပြေးထွက်ခဲ့သည်။ ကံကောင်းသည်။ သီသီကလေး လွတ်သွား၏။

ဧည့်ခန်းနှင့် အိမ်အတွင်းခန်းမီးဖိုချောင်တို့ကို ဆက်ထားသော တံခါးကို ဝုန်းခနဲဆွဲပိတ်ပြီး သော့ခတ်လိုက်၏။ အချိန်မီရုံကလေးပင်။

သူတို့က ချက်ချင်းလိုက်လာပြီး တံခါးကို ဆောင့်တွန်းသည်။

"ဒုန်း... ဒုန်း..."

"တံခါးဖွင့်စမ်း နေသွေး... ဖွင့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သောတွန်းတိုက်မှုကြောင့် တံခါးက လှုပ်ယမ်းနေသည်။ သူတို့သည် တံခါးကို ပခုံးစောင်းဖြင့်တိုက်ပြီး ဖွင့်နေကြခြင်းဖြစ်မည်။

"ဒုန်း… ဒုန်း…"

"နင့်ခန္ဓာကိုယ်ကို ငါတို့… န… န… လိုချင်တယ် နေသွေး။ တစ်ချက်တည်း လက်ဆွဲနှုတ်ဆက်ရုံလေးတင်ပါဟာ…"

"နင် ပုန်းနေလို့လည်း မလွတ်တော့ဘူး နေသွေး၊ ငါတို့ဘက်သား တွေ အများကြီးဖြစ်နေပြီ၊ ငါတို့သူငယ်ချင်းတွေအားလုံးထဲမှာ နင်တစ် ယောက်ပဲ ကျန်တော့တယ်"

နောက်ထပ်တစ်ကြိမ် ဒုန်းခနဲမြည်သွားသံနှင့်အတူ တံခါးက သိမ့် သိမ့်ခါသွား၏။

ဘုရားရေ… ဒီတံခါးက ဘယ်လောက်ကြာကြာ ခံနိုင်ရည်ရှိဦးမှာလဲ။

"ဒုန်း… ဒုန်း…"

"စိတ်လျှော့လိုက်စမ်းပါဟာ… လူ့အဖြစ်ဟာ ဘယ်လောက်များ တန်ဖိုးရှိလို့လဲ… နင့်ခန္ဓာကိုယ်ကြီးဟာ အသုံးမကျပါဘူး"

အောင်မယ်… သူတို့က ကြီးကြီးကျယ်ကျယ်စကားတွေပင် ပြော နေချင်သေးသည်။

ထိုစဉ် အိမ်နောက်ဖက်ဆီမှ ချွတ်ခနဲ ခြေသံလိုလို ကြားလိုက်ရသဖြင့် ကျွန်တော် ရင်ထိတ်သွား၏။

နောက်ဖေးတံခါးကို ကျွန်တော် ဖွင့်ထားခဲ့မိသည်ပဲ။

စိုးရိမ်စိတ်က မီးတောက်မီးလျှံလို ပူလာသည်။ ကျွန်တော် အိမ် နောက်ဖေးသို့ပြေးပြီး တံခါးကို သော့ခတ်လိုက်၏။





"ကလင်… ကလင်… ကလင်…"

ထိုစဉ် ရေခဲသေတ္တာဘေးတွင် တပ်ဆင်ထားသော တယ်လီဖုန်းက မြည်လာသည်။

အရေးထဲ ဘယ်သူက ဖုန်းဆက်ပါလိမ့်။

ကျွန်တော် ဖုန်းကိုမပြီး…

"ဟဲလို…"

"ဟဲလို… သားကြီးလား…"

ဖေဖေ့အသံကိုကြားလိုက်ရသဖြင့် ကျွန်တော် ဝမ်းသာသွားသည်။ ကျွန်တော် ဘာမှမပြောနိုင်ခင်မှာပင် ဖေဖေက…

"သား။ ဖေဖေ ဆေးရုံကဆက်နေတာကွ၊ သားရဲ့ညီမလေး အခြေ အနေမကောင်းဘူး၊ သွေးကင်ဆာတဲ့…"

"ဗျာ…"

ကျွန်တော့်တစ်ကိုယ်လုံး လေဟာနယ်ထဲမှာ ကျွမ်းထိုးမှောက်ခုံဖြစ် သွားသလို ခံစားရသည်။

"အေး၊ အဲဒါ ဆရာဝန်တွေကတော့ အခုလောလောဆယ် အရေးပေါ် အသက်ကယ်ဖို့ ကြိုးစားနေကြတယ်၊ ဖေဖေကော မေမေပါ ဒီည တစ်ည လုံး ဆေးရုံမှာနေရမယ်ထင်တယ်၊ သား အိမ်မှာ တစ်ယောက်တည်းနေရမှာ ဖြစ်တယ် မဟုတ်လား"

"ဟင့်အင်း… ဟင့်အင်း…"

ကျွန်တော်က ချောက်ချားတုန်ယင်စွာဖြင့် ချက်ချင်းပင်ငြင်း…

"မဖြစ်ဘူး… ဖေဖေ… ကျွန်တော့်ကို… ကျွန်တော်တို့…



www.burmeseclassic.com

www.burmeseclassic.com



လာကယ်ပါ၊ ဒီအိမ်ထဲက အမြန်ခေါ်ထုတ်ပေးပါ၊ ကျွန်တော် ဖေဖေတို့ဆီ လိုက်... လိုက်လာမယ်..."

ထိုစကားကြောင့် ဖေဖေအံ့အားသင့်သွားပုံရ၏။ ခဏမျှ တိတ်ဆိတ်သွားသည်။ ပြီးတော့မှ...

"ဘာ... ဘာဖြစ်လို့လဲ... သားကြီး... ဘာကို ကယ်ရမှာလဲ ဟင် ပြောစမ်းပါကွ... မြန်မြန်..."

"ဟို... ဟိုဒင်း... ကျွန်တော်တို့အိမ်ထဲကို ဟို... မကောင်းဆိုးဝါးတွေ ဝင်... ဝင်လာပြီ... ဖေဖေ"

ကျွန်တော့်စကားအဆုံးတွင် ဖေဖေ့ဆီမှ တောက်ခေါက်လိုက်သံနှင့်အတူ စိတ်မရှည်စွာညည်းညူလိုက်သံကိုပါ ကြားလိုက်ရ၏။ ပြီးနောက်

"တောက်... မင်းကွာ၊ ဖေဖေ ဒီမှာ မင်းညီမလေးအတွက် ဘယ်လောက်စိတ်ဆင်းရဲနေသလဲဆိုတာ မသိဘူးလား... ဟင်၊ ဒီကြားထဲမှာ မင်းက အဓိပ္ပာယ်မရှိတာတွေပြောပြီး ငါ့ကို ဒုက္ခထပ်ပေးချင်သေးတယ်ပေါ့... ဟုတ်လား... ဟင်း... သေချင်တယ်ကွာ၊ ငါ့မှာ ဘယ်လိုသားသမီးမျိုး မွေးထားမိသလဲ မသိဘူး..."

"မဟုတ်ဘူး... မဟုတ်ဘူး... ဖေဖေ၊ သဇင်နဲ့ မိမိချို..."

"တိတ်စမ်း... ငါ တစ်ခွန်းမှ မကြားချင်ဘူး နေသွေး... အခု ငါပြောတာ သေသေချာချာနားထောင်၊ ဒီည အဖေနဲ့အမေ မရှိဘူးဆိုပြီး ညဥ့်နက်အောင် လျှောက်လည်မနေနဲ့၊ အိမ်တံခါးတွေ သေသေချာချာ ပိတ်ထား... ဘယ်မှသွားဖို့ မစဉ်းစားနဲ့ ဒါပဲ..."

ဝှပ်ခနဲ ဖုန်းချသွားသံကို နောက်ဆုံးကြားလိုက်ရသည်။ ကျွန်တော်





ဘယ်သူ့ကိုစိတ်ဆိုးရမည်မှန်းလည်း မသိ။ အော်ဟစ်ပစ်လိုက်ချင်၏။

ကျွန်တော် တကယ်ပင် ဒေါသဖြစ်နေသည်။

သို့သော် ဘာမှ မတတ်နိုင်ပါ။

'ဘယ်မှသွားဖို့ မစဉ်းစားနဲ့' ဟု ဖေဖေက ဆူလိုက်သေး၏။ စိတ်ချပါ ဖေဖေ... ဒီအတိုင်းဆို ကျွန်တော် အိမ်ထဲက ဧည့်ခန်းကိုတောင် ခြေတစ်လှမ်းမှ ထွက်လို့မရတော့ပါဘူး။

အိမ်ဧည့်ခန်းအဝမှာပင် မကောင်းဆိုးဝါးတွေက ကျွန်တော့်ကို စောင့်ကြိုနေကြသည် မဟုတ်ပါလား။

*

မီးဖိုချောင်နှင့် အိမ်ခန်းကြားရှိ လှေကားအတိုင်း အိမ်အပေါ်ထပ်သို့ ကျွန်တော် ဖြည်းဖြည်းချင်း တိတ်တခိုးတက်သွားလိုက်၏။

လှေကားပေါ်တက်ရင်း အောက်ထပ်ဧည့်ခန်းမှ အသံဗလံများကို နားစွင့်ကြည့်လိုက်သည်။ သဇင်နှင့် မိမိချိုတို့၏အသံများကို မကြားရ။

တိတ်ဆိတ်နေသည်။ တံခါးကိုလည်း တဒုန်းဒုန်းမထုတော့။

ဒင်းတို့ ဘာတွေများ ကျိတ်ပြီး ကြံစည်နေသလဲ။

ဒါမှမဟုတ် တံခါးကိုဖွင့်မရတော့သဖြင့် လက်လျှော့ပြီး ပြန်သွားကြလေပြီလား။

ကျွန်တော့်အခန်းပြတင်းပေါက်မှ ငုံ့ကြည့်လိုက်လျှင်တော့ အိမ်ခြံဝင်းတံခါးရော အိမ်ရှေ့လမ်းမကိုပါ လှမ်းမြင်ရနိုင်သည်။

ကျွန်တော့်အိပ်ခန်းထဲသို့ဝင်သွားပြီး ရှေ့မျက်နှာစာရှိ ပြတင်းပေါက်

www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ဖွင့်ကြည့်လိုက်သည်။

ပထမတော့ ဘာလှုပ်ရှားမှုမှ မရှိပဲ ငြိမ်သက်တိတ်ဆိတ်နေသည်ဟု ထင်ရ၏။

ဟော... ဟိုသစ်ပင်အကွယ်မှာ ရိပ်ခနဲ မြင်လိုက်ရတာ ဘာလဲ...

ကျွန်တော် ရင်တထိတ်ထိတ်ခုန်ရင်း သေသေချာချာစောင့်ကြည့်နေသည်။ သစ်ပင်များနောက်မှာ... ချုံပုတ်အကွယ်မှာ... လမ်းဘေးခတ်တိုင်အောက်မှာ...

ရိုးခနဲ ရိပ်ခနဲ ဟိုအကောင်တွေကို မြင်လိုက်ရသလို ရှိ၏။

တိရစ္ဆာန်တစ်ပိုင်း လူတစ်ပိုင်း မကောင်းဆိုးဝါးကောင်များ...

ဘုရား... ဘုရား...

သူတို့ အခုထက်ထိ ဒီအနီးတစ်ဝိုက်မှာ ရှိနေတုန်းပါလား။ ဒါဆို ဒီအနီးတစ်ဝိုက်က လူတွေ ဘာဖြစ်ကုန်ကြပြီလဲ။

မကောင်းဆိုးဝါးများကို လူမြင်ကွင်းမှာတော့ ကြာကြာမတွေ့ရ။ တစ်ကောင်တစ်လေချင်းစီသာ ဟိုနားမှာ ဖျတ်ခနဲ ပျောက်သွားလိုက်၊ ဒီနားမှာ ဖျတ်ခနဲ ပျောက်သွားလိုက်နှင့် ရိုးတိုးရိပ်တိပ်မြင်ရသည်။ သူတို့ဝင်ရမည့် လူ့ခန္ဓာကိုယ်များကို လိုက်ရှာနေပုံ ရ၏။

ထိုစဉ်......

"အမလေး... လုပ်ကြပါဦး၊ ဘာအကောင်ကြီးလဲ မသိဘူး..."

ကျွန်တော်တို့ခြေရင်းခြံက အစောင့်တဲတွင်နေထိုင်သော ဘကြီးမိုးက အော်ဟစ်ရင်း လမ်းပေါ်ပြေးထွက်လာ၏။

ဘကြီးမိုး၏နောက်က လိုက်လာသည်ကတော့ ပုတ်သင်ညိုခေါင်းနှင့် လူတစ်ပိုင်း မကောင်းဆိုးဝါးကောင်ကြီး...

"ကယ်ကြပါ... ကယ်ကြပါဦးဗျို့..."

ဘကြီးမိုးက ပြေးရင်းလွှားရင်း ထိတ်လန့်သွေးပျက်စွာ အော်ဟစ်နေ၏။ ထိုစဉ် လမ်းထဲသို့မောင်းဝင်လာသော ဆိုင်ကယ်တစ်စီးက ဘကြီးမိုးရှေ့တွင် ထိုးရပ်လိုက်ပြီး လူတစ်ယောက်ဆင်းလာကာ...

"ဘာဖြစ်လို့လဲ ဘကြီး..."

ဘကြီးမိုးက...

"နာနာဘာဝကြီး... နာနာဘာဝကြီး..."

ဟု ရေရွတ်မြည်တမ်းရင်း သူ့နောက်သို့ လက်ညှိုးထိုးပြသည်။ ပြန်လှည့်ကြည့်လိုက်တော့ ဘာကောင်မှမရှိ။ စောစောက မကောင်းဆိုးဝါးသည် ပျောက်ကွယ်သွားလေပြီ။

ဆိုင်ကယ်နှင့်လူက ဘကြီးမိုးကို မကြောက်လန့်အောင် နှစ်သိမ့်အားပေးနေပုံရသည်။ ပခုံးကိုပုတ်ပြီး တစ်စုံတစ်ရာပြောနေ၏။

ထိုနောက် ထိုသူက ညာဖက်လက်ကို ဆန့်တန်းပေးလိုက်သည်။ ဘကြီးမိုးက လက်ဆွဲနှုတ်ဆက်လိုက်၏။

ဘကြီးမို၏ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားပြီး ခေတ္တမျှ ငြိမ်သက်သွားသည်။

ထိုနောက်... ထိုနောက်...

ဘကြီးမိုး၏နားရွက်များထဲမှ အစိမ်းရောင်ချွဲကျိကျိပုံဖောင်းကလေးများ ထွက်လာလေတော့သည်။

"ဟာ... သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကြည့်နေရင်းက ကြက်သေသေသွား၏။

ထို့နောက် ဆိုင်ကယ်နှင့်လူက ဆိုင်ကယ်ပေါ်ပြန်တက်ပြီး မောင်းနှင်ထွက်ခွာသွားသည်။ ဘကြီးမိုးက ထိုသူကို လက်ပြနှုတ်ဆက်ရင်း လမ်းဆက်လျှောက်သွားလေတော့သည်။

ဘုရား… ဘုရား…

ဒီအတိုင်းဆို ငါ့အိမ်နီးနားချင်းတွေအားလုံးကို မကောင်းဆိုးဝါးပူးကုန်ကြပြီလား။

ကျွန်တော့်အတွက် စိတ်ချလုံခြုံစရာကောင်းသောနေရာ မရှိတော့သလို ခံစားရသည်။ ဒါဆိုလျှင် ကျွန်တော်ပြုစုနေသည့် စာရင်းထဲတွင် မည်သူ့နာမည်တွေ ရေးမှတ်ရဦးမှာလဲ။

ဒီစာရင်းဟာ အဓိပ္ပာယ်ကော ရှိပါဦးတော့မည်လား။

ယခု ကျွန်တော့်မျက်စိရှေ့မှာပင် ကိုယ်သိသောလူ ကိုယ်မသိသောလူပေါင်း မည်ရွေ့မည်မျှ ကူးစက်ပြန့်ပွားနေပြီလဲ ဆိုသည်ကို ခန့်မှန်း၍မရ။

ကျွန်တော် ဘယ်လိုစာရင်းပြုစုရတော့မည်နည်း…

ခေါင်းကို အသိမဲ့စွာခါယမ်းနေမိသည်။

ဒီကိစ္စကြီးတစ်ခုလုံးကို ဖြေရှင်းရခက်နေပြီ…

ဘယ်သူကယ်တင်မှာလဲ… ဘယ်လိုကယ်တင်မှာလဲ…

*





အဲသည်မှာပင် ဦးပြည်စိုးကို သတိရလိုက်သည်။

အခုလောက်ဆိုရင် သူ… သူ ဘာတွေလုပ်နေပြီလဲ။

သူ့ဂမ္ဘီရအစီအရင်တွေက ဟန့်တားနိုင်ပါ့မလား… ဟု ကျွန်တော်တွေးလိုက်မိ၏။

ဦးပြည်စိုးကတော့ ကျွန်တော့်ကို…

“တစ်ရက် နှစ်ရက်လောက်ပဲ စောင့်ရမှာပါ”

ဟု ကတိပေးခဲ့သည်။ အခုလောက်ဆိုလျှင် သူ့ဂါထာမန္တရားအင်းအိုင်များကို စီမံနေပေလိမ့်မည်။

ဒီနေ့ဆိုလျှင်ပင် တစ်ရက်အချိန် ကုန်လွန်တော့မည်မဟုတ်ပါလား။

မနက်ဖြန်…

သူ့ကတိစကားအတိုင်း ဆိုလျှင်တော့ မနက်ဖြန်ဆိုလျှင် မကောင်းဆိုးဝါးတွေကို ရှင်းပစ်နိုင်ပေတော့မည်။

အဲ… သူ့ဆေးဝါးမန္တာန်တန်ခိုးကလည်း စွမ်းသည်ဆိုလျှင်ပေါ့…

တကယ်ရင်ဆိုင်ကြည့်ပြီးမှ မနိုင်လျှင်ကော…

ကျွန်တော် ဆက်မတွေးရဲတော့…

‘အခုအချိန်မှာ သူဘာလုပ်နေမှာပါလိမ့်’ ဟု တွေးရင် ကျွန်တော်သိချင်လာသည်။

ကျွန်တော့်အခန်းခေါင်းရင်းဘက် ပြတင်းပေါက်ကိုဖွင့်ပြီး သူ့အိမ်ဘက်ဆီသို့ လှမ်းကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ရှေ့ခန်းထဲတွင် မီးတွေဖွင့်ထားသောကြောင့် ထိန်ထိန်လင်းနေသည်။ မှန်ပြတင်းများကို ခန်းဆီးလိုက်ကာစ ချမထားသဖြင့် အထဲက မြင်နေရ၏။

သူ...

သူ ကြမ်းပြင်ပေါ်တွင် ငြိမ်သက်စွာထိုင်နေသည်ကို မြင်ရလေသည်။

သူ... ဘာထိုင်လုပ်နေတာပါလိမ့်...





# အခန်း (၁၈)

သူ ဘာမှမလုပ်ဘဲ အလကားသက်သက်အချိန်ဖြုန်းနေတာပဲလား...

ကျွန်တော် မတွေးတတ်တော့ပါ...

ထိုစဉ် အိမ်ရှေ့လမ်းမဆီမှ ကားသံကြားရသည်။ ဖေဖေတို့ ဆေးရုံက ပြန်လာကြပြီဟု ထင်ပြီး ပြတင်းပေါက်ဆီ ပြေးကြည့်လိုက်၏။

မဟုတ်ပါ။ ကားက ခြံထဲသို့မဝင်။ လမ်းမတစ်လျှောက် ဆက်လက်မောင်းနှင်ကာ ပျောက်ကွယ်သွားသည်။

ဟင်း...

ကျွန်တော်က သက်ပြင်းချလိုက်ရင်း စိတ်မောစွာဖြင့် ခုတင်ပေါ်ထိုင်ချလိုက်၏။

ဦးပြည်စိုးက ယခုကိစ္စကို ဘယ်သူ့ကိုမှ အသိမပေးဖို့ပြောထားသော်လည်း ဖေဖေနှင့် မေမေ့ကိုတော့ အကျိုးအကြောင်းစုံစုံလင်လင်ပြောမှ ဖြစ်မည်ဟု ကျွန်တော်ဆုံးဖြတ်ထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိသားစုကိုတော့ အန္တရာယ်နှင့် တတ်နိုင်သမျှ လွတ်စေချင်သည်။

သို့သော် ခက်နေသည်က ဖေဖေကော မေမေပါ ကျွန်တော့်စကားကို အယုံအကြည်မရှိကြခြင်းပင်။ ယုံကြည်ဖို့နေနေသာသာ စကားကို လုံးစေ့ပတ်စေ့ပင် ဆုံးအောင်ပြောပြခွင့်မရ။

သူတို့ကလည်း သောကရောက်နေချိန်မှာ ကျွန်တော့်စကားကို အချိန်ပေးပြီး အေးအေးဆေးဆေးနားထောင်ချင်ကြပုံ မရ။

သူတို့၏သောကဖိစီးမှုဒဏ်ကို ကျွန်တော် နားလည်ပါသည်။ ညီမလေးငြိမ်း အပြင်းအထန်နေမကောင်းဖြစ်ကတည်းက သူတို့ ပူပန်နေခဲ့ကြရသည်။ နေ့မအိပ် ညမအိပ် ကြောင့်ကြစိုးရိမ်နေခဲ့ကြသည်။

ဒီလိုအခြေအနေမျိုးတွင် တခြားဘာကိစ္စကိုမဆို စိတ်မရှည် သည်းမခံ ခေါင်းရှုပ်မခံချင်ကြသည်မှာ ဓမ္မတာပင် မဟုတ်ပါလား။

အခု . . .

အခု . . . ညီမလေး၏ရောဂါက မရနိုင်တော့သည့် အဆုံးစွန်အခြေအနေမှန်း သိလိုက်ရပြီ။

သွေးကင်ဆာတဲ့ . . .

☼





ကျွန်တော် ညီမလေး၏မျက်နှာကို တစိမ့်စိမ့်ပြန်မြင်ယောင်လာကာ တွေးရင်း သနားနေမိ၏။

သူမအဖို့ လူ့ဘဝရောက်လာရသည်မှာ ဘာအဓိပ္ပာယ်ရှိသေးလို့လဲ ဟု တွေးကြည့်နေမိသည်။

လူရယ်လို့ စဖြစ်လာကတည်းက သူမသည် အမြဲတမ်း လူမမာတစ်ယောက်သာ ဖြစ်နေခဲ့ရသည်။ သူမ၏ဘဝသည် နေမကောင်းဖြစ်နေဖို့ အတွက်သက်သက်သာလျှင် ဖြစ်၏။

တခြား ဘာမှမရှိ။

သူမတစ်ယောက် လူဖြစ်လာရခြင်းအတွက် မိဘများ စိတ်ဆင်းရဲခဲ့ရသည်။ သူမကိုယ်တိုင်လည်း စိတ်ဆင်းရဲရသည်။ ဒါကို ပြင်ဆင်ပြောင်းလဲပစ်ဖို့ရန်လည်း မည်သူမျှတတ်နိုင်မည် မဟုတ်ပါ။

ဒါဟာ ဝဋ်ကြွေးလား . . . ဒါမှမဟုတ် . . . တစ်စုံတစ်ရာကိုပေးဆပ်နေရခြင်းလား . . . အဓိပ္ပာယ်မဲ့မှုသက်သက်ပဲလား . . .

ပြီးတော့ . . . ပြီးတော့ . . . သူမ သေဆုံးရပေတော့မည်။

**သူမ ဘာတွေကို ယူလာခဲ့သနည်း။ သူမ ဘာတွေကို ထားခဲ့မည်နည်း။ ဒီလူ့ဘဝကြီးထဲက ဘာတွေကိုကော သူမ ယူသွားနိုင်ပါဦးမည်နည်း။**

တကယ်ဆိုလျှင် သူမ လူတစ်ယောက်အဖြစ် မမွေးဖွားလာခဲ့သည်ကမှ ကောင်းပေလိမ့်ဦးမည် . . . ဟု ခါးသီးစွာတွေးမိ၏။

ဒါဆိုလျှင် ကျွန်တော်ကော . . .

မသိတော့ပါ။ ကျွန်တော် ခေါင်းကို ခါယမ်းပစ်လိုက်သည်။ ဒါတွေကို တွေးနေချင်စိတ်လည်း မရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ပင်ပန်းလှပါပြီ။

ထိုစဉ် အိမ်ရှေ့လမ်းမဆီမှ ဈေးသည်တစ်ယောက်၏ ဈေးခေါ် အော်ဟစ်ရောင်းချနေသံကို ကြားရ၏။ ကျွန်တော်တို့လမ်းထဲသို့ ညဘက်လာပြီးရောင်းနေကျ ခေါင်းရွက်ဗျပ်ထိုး မုန့်စိမ်းပေါင်းသည်၏အသံ ဖြစ်မှန်း ကျွန်တော်မှတ်မိနေသည်။

ယခုတော့ သူ့အသံက နည်းနည်းထူးခြားသလိုဖြစ်နေသောကြောင့် ကျွန်တော် အာရုံစိုက်ပြီး နားထောင်ကြည့်လိုက်သည်။ ဈေးသည်က...

"ဟောဒီက မုန့်စိမ်းပေါင်း... ဝယ်ကြဦးမလား... န... န... မုန့်စိမ်းပေါင်းပူပူနွေးနွေးလေး ရမယ်လေ... န... န..."

ကျွန်တော် တုန်လှုပ်သွားသည်။ လမ်းတကာ လှည့်ရောင်းသော ဈေးသည်၏ခန္ဓာကိုယ်ထဲကိုလည်း မကောင်းဆိုးဝါး ဝင်သွားလေပြီကော...။

ဒီတစ်ရက်တာ အချိန်တိုတိုလေးအတွင်းမှာ မကောင်းဆိုးဝါးတွေ ဘယ်လောက်များများ ပြန့်ပွားသွားပြီလဲ။

မနက်ဖြန်ဆိုလျှင်ကော... ထိန်းနိုင်ပါဦးတော့မည်လား။

ဒါတွေအားလုံး အိပ်မက်ဖြစ်သွားရင် ကောင်းမယ်... ဟု တွေးရင်း ခုတင်ပေါ်ပစ်လှဲချကာ ကျွန်တော် မျက်လုံးအစုံကို တင်းတင်းပိတ်ထားလိုက်မိတော့သည်။

အရာရာတိုင်း ပျက်သုဉ်းသွားရတော့မည်လား...

အားလုံး... အားလုံး... အရာရာတိုင်းသည်...

※





"ဟင်..."

ကျွန်တော် ဖျတ်ခနဲ လန့်နိုးလာသည်။ တောက်ပသော နံနက်ခင်း နေရောင်ခြည်က ပြတင်းပေါက်မှ တစ်ဆင့် ကျွန်တော့်အခန်းထဲသို့ ဖြာကျနေ၏။

နောက်တစ်နေ့မနက် ရောက်နေပါရောလား။

မနေ့ညက ကျွန်တော် ဘယ်လိုက ဘယ်လို အိပ်ပျော်သွားမှန်းပင် မသိတော့။ ရေကူးထားသောအရှိန်၊ ပြေးလွှားထားခဲ့ရသော ပင်ပန်းမှုတို့ကြောင့် ခေါင်းအုံးနှင့်ခေါင်း ထိသည်နှင့် တစ်ပြိုင်နက် တုံးခနဲအိပ်ပျော်သွားခဲ့ပုံ ရသည်။

အဝတ်အစားများပင် မလဲဖြစ်လိုက်ပဲ အိပ်ပျော်သွားခြင်းဖြစ်၏။ ညစာလည်း မစား။

ဖေဖေနှင့် မေမေကော...

မနက်ကျလျှင် ဆေးရုံမှပြန်လာမည်ဟု သူတို့ပြောသွားခဲ့သည် မဟုတ်လား။

စိုးရိမ်စိတ်ဖြင့် အိပ်ရာပေါ်မှ ဝေါက်ခနဲထထိုင်ဖြစ်သည်။

သူတို့... သူတို့... အိမ်ကိုပြန်အလာတွင် မကောင်းဆိုးဝါးများနှင့် ရင်ဆိုင်တိုးမိပြီး ဒုက္ခရောက်သွားကြပြီလား။

ဘုရား... ဘုရား... မဖြစ်ပါစေနဲ့...

ကျွန်တော် အိပ်ခန်းတံခါးကို ပြေးဖွင့်ပြီး အော်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ... မေမေ..."

မည်သူမျှ ပြန်မထူးကြ။ ကျွန်တော် ကြောက်စိတ်ဝင်လာသည်။

"မေမေတို့... အိမ်... အိမ်ပြန်ရောက်ကြပြီလားဟင်"

ကျွန်တော် ထပ်ပြီးအော်ခေါ်လိုက်သည်။

သို့သော်...

တစ်အိမ်လုံးတိတ်ဆိတ်နေသည်။

■





# အခန်း (၁၉)

ကျွန်တော်က စိုးရိမ်တကြီးဖြင့် မေမေတို့အိပ်ခန်းရှိရာဆီသို့ ပြေးသွားပြီး တံခါးကိုတွန်းဖွင့်လိုက်သည်။

အခန်းထဲတွင် မည်သူမျှမရှိ။

ခုတင်ပေါ်ရှိမွေ့ရာနှင့် အိပ်ရာခင်းများကလည်း အတွန့်အခေါက်မရှိ သပ်ရပ်ပြန့်ပြူးနေသည်။ မည်သူမှ အိပ်စက်ထားပုံမပေါ်။

ထိုသို့ဆိုလျှင် ဖေဖေကော မေမေပါ ဒီကိုပြန်ရောက်လာပုံ မရချေ။ အခုအချိန်ထိ ရောက်မလာသေးဘူးဆိုလျှင်တော့ အခြေအနေက အကောင်းဘက်မှာ မရှိနိုင်တော့။

ကျွန်တော်က စိတ်လေးလံစွာဖြင့် အိမ်အောက်ထပ် မီးဖိုချောင်ဆီသို့ ဆင်းခဲ့၏။ ဧည့်ခန်းဘက်သို့ကူးသော တံခါးကိုတော့ မဖွင့်ရဲသေး။

မကောင်းဆိုးဝါးများ၏အသံကို မကြားရသော်လည်း တံခါးတစ်ဖက်မှ တိတ်တဆိတ်ပုန်းအောင်း စောင့်ဆိုင်းနေနိုင်သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဦးနှောက်တွေ ချာချာလည်နေပြီထင်၏။

ဖေဖေ... မေမေ... ညီမလေး...

သူတို့ ဘာဖြစ်သွားကြပြီလဲ...

*

မီးဖိုချောင်ထဲ ရောက်ရောက်ချင်း ရေခဲသေတ္တာတံခါးကို ဖွင့်မည်ဟု လက်လှမ်းလိုက်သောအခါ မနေ့ညနေကလိုပင်ကပ်ထားသော စာရေးစက္ကူစလေးကို မြင်ရ၏။ မေမေ့လက်ရေးနှင့်ပင် ဖြစ်သည်။

ဟင်! ဒါဆို မေမေ အိမ်ကိုရောက်ပြီပေါ့။

ကျွန်တော်က စိတ်လှုပ်ရှားစွာဖြင့် စာရွက်ကလေးကို ဖြုတ်ယူကြည့်လိုက်သည်။

**သားကြီး**

သားအိပ်ပျော်နေလို့ မေမေတို့မနိုးဘဲ ဆေးရုံကို ပြန်သွားကြပြီ။ ညီမလေးအခြေအနေကတော့ မရတော့ဘူးတဲ့။ ဆရာဝန်တွေက လက်လျှော့လိုက်ပြီလို့ ပြောတယ်။

အဲဒါကြောင့် ညီမလေးကို ဒီနေ့ပဲ ဆေးရုံကနေ အိမ်ကို ပြန်ခေါ်လာရတော့မယ်၊ သား အိမ်မှာပဲစောင့်နေ၊ ဘယ်မှ မသွားနဲ့။ ကော်ဖီဖျော်ဖို့ ရေနွေးအိုးတည်ထားပါ။

**မေမေ**

ဝမ်းနည်းရမှာလား... ဝမ်းသာရမှာလား... ဟု မခွဲခြားတတ်တော့။





ကျွန်တော့်မျက်လုံးထဲတွင် မျက်ရည်စတွေ ရစ်ဝဲလာသည်။ ညီမလေးငြိမ်း၏အမည်ကို ကျွန်တော် ကြေကြေကွဲကွဲ ရွတ်ဆိုမိ၏။

ညီမလေး၏ဘဝအတွက် နောက်ဆုံးနေ့ရက်များကို ရောက်လာခဲ့ချေပြီကော...။

ညီမလေး ဘယ်လိုခံစားနေရမှာပါလိမ့်... ဟု ကျွန်တော် တွေးကြည့်လိုက်သည်။ အရာရာ မှုန်ဝါးသွားသလိုဖြစ်လာ၏။

မကြာခင်မှာ ညီမလေးဟာ အားလုံးကို ခွဲခွာသွားရတော့မှာပါလား။

တစ်ရံတစ်ခါမှပင် မတွေးကြည့်ဖူးချင်သော အတွေးက စိတ်ကို ချောက်ချားစေလေသည်။

ရေခဲသေတ္တာထဲမှ အအေးတစ်ဗူးကို ထုတ်ကာ ဖောက်၍ သောက်လိုက်၏။ ရင်ထဲမှာ အေးစက်သလိုဖြစ်သွားသည်။

လောလောဆယ် ဖြေသာတာတစ်ခုတော့ ရှိသည်။ ဖေဖေနှင့် မေမေပါ မကောင်းဆိုးဝါးများ၏အန္တရာယ်မှ လွတ်ကင်းစွာဖြင့် ဒီအိမ်ထဲသို့ ပြန်ရောက်လာခဲ့ကြခြင်းပင် ဖြစ်သည်။

ဒါ... ဒါဆိုလျှင် ကျွန်တော်တို့အိမ်ရှေ့မှာ မကောင်းဆိုးဝါးတွေ ရှိမနေတော့ဘူးဆိုသည့်သဘောပေါ့။

ကျွန်တော် အားတက်သွားသည်။ ထို့ကြောင့် အိမ်အတွင်းဘက်နှင့် ဧည့်ခန်းကို ခြားထားသော တံခါးကို အသာအယာဖွင့်ပြီး အနည်းငယ်ဟာကာ ချောင်းကြည့်လိုက်၏။

ဟုတ်ပြီ...

ဧည့်ခန်းက ပကတိအတိုင်းပင်။ ဘယ်သူ့ကိုမှ မတွေ့ရ။ သခင်၊



www.burmeseclassic.com

www.burmeseclassic.com



မိမိချိုနှင့် သူတို့၏အပေါင်းအပါ မကောင်းဆိုးဝါးတွေ ဘယ်အချိန်က ပြန်သွားကြသည် မသိ။

တော်ပါသေးရဲ့ . . . ဟု တွေးရင်း သက်ပြင်းချလိုက်သည်။ အိမ်ရှေ့ တံခါးမကြီးဆီသို့ ကမန်းကတန်းပြေးပြီး သေသေချာချာသော့ပိတ်ထားခြင်း ရှိ မရှိ စစ်ဆေးကြည့်လိုက်သေးသည်။

မေမေက အပြင်မှနေပြီး သော့ခတ်သွားခဲ့၏။

ကျွန်တော်က ဧည့်ခန်းထဲမှာ တစ်စုံတစ်ရာ ခိုအောင်းပုန်းနေခြင်း ရှိမရှိ ရှာဖွေကြည့်လိုက်ပြီး စိတ်ချရသောအခါတွင်မှ မီးဖိုချောင်သို့ ပြန်ဝင်ကာ မေမေ မှာထားသည့်အတိုင်း ရေနွေးအိုးတစ်အိုး တည်လိုက်သည်။

ထို့နောက် ရေချိုးခန်းထဲ ဝင်ပြီး ခပ်မြန်မြန်ပင် ရေချိုးလိုက်သည်၊ မနက်စာအဖြစ် ရေခဲသေတ္တာထဲမှ ကြက်ဥနှစ်လုံးထုတ်ကာ ကြော်စားသည်။

မနေ့ညက ဘာမှမစားဘဲ အိပ်ပျော်သွားခြင်းကြောင့် အတော်ပင် ဗိုက်ဆာနေ၏။

ဒီနေ့ကား မကောင်းဆိုးဝါးများကို ရှင်းလင်းသုတ်သင်ရမည့်နေ့ ဖြစ်သည်။ ဦးပြည်စိုးမှာ ဘာအစီအစဉ်ရှိသလဲတော့ မပြောတတ်။

ကိုယ့်ဘက်ကတော့ လိုအပ်လာလျှင် လှုပ်ရှားဖို့ ခွန်အားပြည့်နေမှ ဖြစ်မည်ဟု ကျွန်တော်တွေးလိုက်၏။

ခက်သည်က အခုအချိန်ထိ ဦးပြည်စိုးနှင့် အဆက်အသွယ်မရသေး ခြင်းပင် ဖြစ်သည်။ ဖေဖေနှင့် မေမေတို့ပြန်ရောက်လာပြီးလျှင်တော့ ခေါင်း ရင်းအိမ်ကို ခဏလောက်သွားလိုက်ဦးမှပဲ . . . ဟု စိတ်ထဲက အစီအစဉ် ဆွဲနေမိသည်။





ညီမလေးအတွက်ကော . . . မေမေတို့ကို ဘာများဝိုင်းကူပြီး လုပ်ပေးရ ဦးမှာပါလိမ့်။ ဒီနေ့ကတော့ အရမ်းကို အလုပ်များမည့်နေ့တစ်နေ့ ဖြစ်မည် မှာ သေချာသည်။

ထိုစဉ် . . .

အိမ်ရှေ့တံခါးဆီမှ ချောက်ခနဲ အသံ ကြားလိုက်ရ၏။ သော့ဖွင့်သံ ဖြစ်မည်ထင်သည်။

ကျွန်တော့်ရင်ထဲ ထိတ်သွားပြီး . . .

"ဟော့ . . . အိမ်ရှေ့က ဘယ်သူလဲ"

ဟု ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လှမ်းအော်ကာ မေးလိုက်သည်။

"သားကြီး၊ နိုးနေပြီလားဟေ့ . . . ဒီမှာ ညီမလေးကို လာတွဲခေါ်ဦး . . ."

မေမေ့အသံကို ကြားလိုက်ရသဖြင့် စိတ်အေးသွားသည်။ အစဉ်းစား လွန်နေသဖြင့် ခြံထဲသို့ ကားဝင်လာသည့်အသံကိုပင် မကြားလိုက်မိပါ တကား။

"လာပြီ မေမေ . . ."

ကျွန်တော် ပြေးထွက်သွားလိုက်သည်။ မေမေက တံခါးကိုဖွင့်ပြီးနေပြီ။ မေမေ့နောက်မှာတော့ ဖြူဖျော့သွေးဆုတ်နေသည့်မျက်နှာနှင့် ညီမလေး . . .

"ဟင် . . . ဖေဖေကော"

ကျွန်တော်က မေးလိုက်သည်။ မေမေက ဆေးရုံမှ ပြန်သယ်ယူလာခဲ့ သော ကော်ဇောများ၊ ခေါင်းအုံးနှင့် အိပ်ရာလိပ်တို့ထည့်ထားသည့် ခြင်း တောင်းကိုဆွဲရင်း . . .

"မင်းဖေဖေက သူ့ကုမ္ပဏီကိုသွားတယ်၊ ကဲ . . . ကဲ ညီမလေးကိုတွဲ"



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး၏လက်ဖျံမှာ ဆေးထိုးအပ်နှင့် ဆေးရည်သွင်းသည့်ပိုက် တန်းလန်း... ဆေးရည်ပုလင်းကိုတော့ ဆေးရုံမှ လိုက်ပို့သည့် လူနာစောင့် သူနာပြုက ကိုင်ပြီး ခပ်မြင့်မြင့်မြှောက်ထားသည်။

ကျွန်တော်က သူနာပြုလက်ထဲမှ ဆေးရည်ပုလင်းကို လှမ်းယူလိုက်စဉ် သူက...

"လက်မှာသွင်းထားတဲ့ ဆေးထိုးအပ်နဲ့ ပိုက်မပြုတ်အောင် သတိထားနော်၊ ခုတင်ခေါင်းရင်းက တိုင်တစ်တိုင်မှာ ဒီဆေးပုလင်းကို ကွင်းနဲ့ ချိတ်ထား၊ ပိုက်ထဲကို လေမခိုစေနဲ့၊ လုပ်တတ်တယ် မဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ သူနာပြုက ညီမလေးကို ကျွန်တော့်လက်ထဲသို့ လွှဲပေးပြီး ဆေးရုံလူနာတင်ကားပေါ်သို့ ပြန်တက်ကာ ထွက်သွားတော့သည်။

ကျွန်တော်က ညီမလေးကိုတွဲကာ အိမ်ထဲသို့ ဖြည်းဖြည်းချင်း လျှောက်ပြီး ဝင်စေသည်။ အပေါ်ထပ်သို့တက်သည့်အခါတွင်ကား ကျွန်တော်က ညီမလေးကိုပွေ့ချီပြီး ဆေးသွင်းသည့်ပိုက်နှင့် ဆေးပုလင်းကို မေမေ့အား ထိန်းကိုင်စေရ၏။

ညီမလေး၏အခန်းထဲသို့ရောက်သောအခါ ခုတင်ပေါ်သို့ အသာအယာတင်ပေးပြီး ဂလူးကို့စ်ပုလင်းနှင့် တူသော ဆေးပုလင်းကို ခုတင်ခေါင်းရင်းတိုင်တွင် ချိတ်လိုက်သည်။

ပိုက်ထဲသို့ ဆေးရည်က တစ်စက်ချင်း မှန်မှန်ကျနေ၏။

ကျွန်တော်က စိတ်မချမ်းမြေ့စွာဖြင့် ညီမလေးကို ငုံ့ကြည့်လိုက်သည်။





သူမ၏တစ်ကိုယ်လုံး ဖြူဖျော့နေ၏။ အသက်ရှူလည်း အနည်းငယ်မြန်နေသည်။ မောနေပုံပေါ်၏။

ကျွန်တော်က တိုးတိုးကလေးမေးလိုက်သည်။

"ညီမလေး သက်သာရဲ့လားဟင် မောနေလား..."

သူမ ခေါင်းကိုအသာအယာညိတ်ပြသည်။ ကျွန်တော်က...

"အားမငယ်နဲ့နော် ညီမလေး စိတ်တင်းထား၊ ညီမလေး တဖြည်းဖြည်းနဲ့ နေကောင်းသွားမှာပါကွာ..."

ကျွန်တော့်စကားကြောင့် သူမက ခပ်ယဲ့ယဲ့ပြုံးသည်။ သူမ၏အပြုံးကို မမြင်ရက်သောကြောင့် ကျွန်တော် ဆတ်ခနဲ မျက်နှာလွှဲလိုက်ရ၏။

အဲဒီအပြုံး၏အဓိပ္ပာယ်ကို ကျွန်တော် ကောင်းစွာနားလည်လိုက်သည်။

ညီမလေးသည် သူ သေရတော့မည်ကို သိနေနှင့်ပြီတည်း။ မိုက်မဲလှတဲ့ ငါပါလား... ဘာလို့ ဒီအချိန်မှာ ဒီလိုစကားမျိုးနဲ့ သွားပြီး နှစ်သိမ့် ဖို့ ကြိုးစားရတာလဲ...

ညီမလေးကတော့ အံ့သြစရာကောင်းလောက်အောင်ပင် တည်ငြိမ်နေသည်။ သူမက...

"နေမကောင်းလာတော့ပါဘူး ကိုကြီးရယ်... ညီမလေး သေရတော့မှာပါ၊ သေတယ်ဆိုတာလည်း လူတစ်ယောက် လုပ်ကို လုပ်ရမယ့် တာဝန်တစ်ခုပါပဲ"

"ညီမလေး ဘာတွေပြောနေတာလဲကွာ၊ ဒီအချိန်မှာ အေးအေးဆေးဆေး အနားယူစမ်းပါ၊ အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့"

သူမက ပြုံးလိုက်သည်။ ထို့နောက်...



www.burmeseclassic.com

www.burmeseclassic.com



"သေတာက အဓိပ္ပာယ်မမဲ့ပါဘူး ကိုကြီးရာ၊ ဘဝဆိုတာ အစကတည်းက အခွံပါ၊ အခွံဟောင်းလောင်းဟာ ဘာအဓိပ္ပာယ်မှ မရှိဘူး၊ ဝန်ထုပ်ဝန်ပိုးသက်သက်ပဲ၊ အဲဒီဝန်ထုပ်ဝန်ပိုးတွေကို လွှတ်ချလိုက်မှ အဓိပ္ပာယ်ရှိတာ"

သူမ၏စကားတွေက ဘာကိုရည်ရွယ်မှန်း မသိ။ ကျွန်တော်ကတော့ အလိုလို ငိုချင်လာ၏။ ညီမလေးက အရာရာတိုင်းကို နှုတ်ဆက်စကားဆိုနေသလိုလိုပင်...

ထိုစဉ် မေမေက ဝင်လာပြီး...

"စကားတွေ သိပ်မပြောနဲ့လေ သမီးလေးရဲ့၊ မောနေမှာပေါ့... အသက်ကို မှန်မှန်လေးရှူ... မှန်မှန်လေးရှူ... ဟုတ်ပြီ..."

ကျွန်တော်က မေမေ့ကို မကောင်းဆိုးဝါးတွေအကြောင်း ဘယ်လိုပြောပြရမည်မှန်းပင် မသိတော့။ နောက်ပြီး ဒီလိုအချိန်မျိုးမှာ ဖေဖေ့ကို အနားမှာ ရှိနေစေချင်သည်။

ကျွန်တော်က...

"ဖေဖေကလည်းဗျာ။ ညီမလေးက ဒီလောက်နေမကောင်းဖြစ်နေတာ ဘာဖြစ်လို့ ရုံးသွားတက်နေရသေးတာလဲ"

"ရုံးသွားတက်တာ မဟုတ်ဘူး သားရဲ့၊ သူ့ကုမ္ပဏီက M.D ကို အကျိုးအကြောင်းပြောပြပြီး ခွင့်ယူဖို့ သွားတာ၊ နောက်ပြီး ဒီနေ့ ခြေရင်းအိမ်က ဘကြီးမိုးကိုလည်း သူ့ကုမ္ပဏီမှာ ညစောင့်လုပ်ဖို့ အလုပ်သွင်းပေးမယ် ပြောပြီး ချိန်းထားလို့... ပြီးတာနဲ့ မင်းဖေဖေ ချက်ချင်းပြန်လာမှာပါ... မကြာပါဘူး"





"ဗျာ... ဘကြီးမိုး၊ ဟုတ်လား..."

ကျွန်တော် လွှတ်ခနဲအော်လိုက်မိသည်။ မနေ့ညက ဘကြီးမိုး ဘာဖြစ်သွားခဲ့သည်ကို ကျွန်တော် တပ်အပ်မြင်တွေ့လိုက်ရသည် မဟုတ်လား။

"အေး၊ ခြေရင်းအိမ်က အဘိုးကြီးလေ၊ သူက သားဖေဖေရဲ့ကုမ္ပဏီမှာ ညစောင့်လုပ်ချင်တယ်ဆိုလို့ သားရဲ့ဖေဖေက သူ့ M.D နဲ့ တိုင်ပင်ပြီး ဘကြီးမိုးကို ဒီနေ့လာဖို့ ချိန်းထားတာ၊ တစ်ခွန်းနှစ်ခွန်း အင်တာဗျူးလုပ်ရုံပါပဲတဲ့၊ ဆယ့်တစ်နာရီမထိုးခင် အိမ်ပြန်လာမယ်လို့ သားဖေဖေက ပြောသွားတယ်"

"မဖြစ်ဘူး... မဖြစ်ဘူး..."

ကျွန်တော် သွေးရူးသွေးတန်း အော်ဟစ်လိုက်မိသည်။ မေမေက နားမလည်နိုင်စွာဖြင့်...

"ဟင်... ဘာမဖြစ်တာလဲ..."

"မဖြစ်ဘူး... ဖေဖေနဲ့ အဲဒီအဘိုးကြီးတွေ့လို့ မဖြစ်ဘူး... ကျွန်တော်... ကျွန်တော်... ဖေဖေ့ရုံးကို လိုက်သွားမယ်..."

ဝုန်းဒိုင်းကြဲပြီး အခန်းထဲမှ ကျွန်တော် ပြေးထွက်ခဲ့တော့သည်။

*

ကုမ္ပဏီအဆောက်အဦးထဲသို့ ကျွန်တော် တရကြမ်းပြေးဝင်သွားသောကြောင့် ဝန်ထမ်းတွေအားလုံး လန့်ဖျပ်သွားကြ၏။

ဧည့်ကြိုကောင်တာအနီးတွင် ရပ်နေသော လုံခြုံရေးတစ်ဦးက ကျွန်တော့်ကိုဆီးပြီး တားထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အမောတကောဖြင့် ဟောဟဲ … ဟောဟဲ … ဖြစ်ကာ

"ဒီ … ဒီက မန်နေဂျာ ဦးစိုးအောင်နဲ့ တွေ့ … တွေ့ချင်လို့ပါ၊ ကျွန်တော် ဦးစိုးအောင်ရဲ့သား … နေသွေးပါ"

ဧည့်ကြိုကောင်တာမှ အမျိုးသမီးက …

"ဦးစိုးအောင် စောစောကလေးတင်မှ ရောက်လာတာရှင့်၊ အခု M.D ရုံးခန်းထဲ ဝင်တွေ့နေတယ်၊ ခဏစောင့်ပါဦး"

ခဏစောင့်ပါဦး … တဲ့။ ကျွန်တော် လုံးဝစိတ်မရှည်တော့။ ရှေ့မှာ ရပ်နေသော လုံခြုံရေးကို တွန်းဖယ်ပစ်လိုက်ပြီး စင်္ကြံလမ်းအတိုင်း ဖွတ်ပြေးဝင်သွားလိုက်တော့သည်။

"နေဦး … နေဦး … မဝင်ရဘူးလေ"

အော်ဟစ်တားဆီးသံတွေ ဆူညံလျက် ကျွန်တော့်နောက်မှာ ကျန်ရစ်၏။

ကျွန်တော်ကတော့ စင်္ကြံထောင့်ချိုးတွင်ရှိသော ကုမ္ပဏီအကြီးအကဲများ၏ ရုံးခန်းရှိရာဆီ မရပ်မနားပြေးခဲ့၏။

ညာဘက်ကွေ့လျှင်ကွေ့ချင်း တွေ့ရသော ရုံးခန်းကျယ်ကြီးက တံခါးပွင့်နေသည်။ ထိုအခန်းထဲတွင် ဖေဖေနှင့် သူ့ M.D တို့ စကားပြောနေသည်ကို တွေ့လိုက်ရ၏။

"ဖေဖေ …"

ကျွန်တော်က လှမ်းအော်ခေါ်ရင်း ပြေးသွားသည်။ ဖေဖေက …

"ဟင် … သား ဘာဖြစ်လာတာလဲ"

ကျွန်တော်က ခေါင်းခါပြရင်း ဖေဖေ့အနီးတွင် ရပ်လိုက်သည်။





မောဟိုက်နေသောကြောင့် စကားမပြောနိုင်သေး။

ဖေဖေက သူ့အကြီးအကဲဘက်သို့ လှည့်ပြီး …

"ဆရာ၊ ဒါ … ကျွန်တော့်သားလေ၊ ဟိုတစ်ခါ ရုံးကို ခေါ်လာဖူးတာ ဆရာမှတ်မိတယ် မဟုတ်လား …"

"မှတ်မိတယ် … မှတ်မိတယ်"

ကုမ္ပဏီပိုင်ရှင်က ပြုံးပြီး ခေါင်းတညိတ်ညိတ်လုပ်နေ၏။ သူက ထိပ်ပြောင်ပြောင် ဝဝဖိုင့်ဖိုင့်နှင့် အသက် ၅၀ ကျော်အရွယ်ခန့် ဖြစ်သည်။

ကျွန်တော်က ဖေဖေ့ကို …

"ဖေဖေ … ဟို … ဟိုဒင်း … ဘကြီးမိုး လာသွားပြီလားဟင်"

ဖေဖေက လက်ပတ်နာရီကို ငုံ့ကြည့်ရင်း …

"မလာသေးဘူး သားရဲ့၊ သူ့ကို ဆယ်နာရီခွဲလာဖို့ ခေါ်ထားတယ်၊ ဘာဖြစ်လို့လဲ …"

"အဲဒီအဘိုးကြီးနဲ့ မတွေ့နဲ့ ဖေဖေ၊ ဘကြီးမိုးက အခု … အခု … မကောင်းဆိုးဝါးကြီး ဖြစ်နေပြီ"

ဖေဖေက ကျွန်တော့်စကားကို ဂရုစိုက်ပုံမပေါ်ပဲ သူ့ M.D ဘက်သို့ လှည့်ကာ …

"ကျွန်တော့်သားက ဒီလိုပဲ ဆရာရဲ့၊ သူ့စိတ်ကူးထဲမှာ မကောင်းဆိုးဝါးတွေကို ကြောက်တဲ့ အစွဲအလန်းဝင်နေတယ်"

ကုမ္ပဏီပိုင်ရှင်က ပြုံးရင်း ခေါင်းတညိတ်ညိတ်လုပ်နေရာမှ …

"ဘာမှ ကြောက်မနေပါနဲ့ ငါ့တူကြီးရာ … စိတ်အေးအေးထား … မင်းကို လုံးဝ … န … န … န … နာကျင်အောင် မလုပ်စေရပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပါးစပ်အဟောင်းသားပွင့်ဟသွားသည်။

ထိုအချိန်မှာပင် ကုမ္ပဏီပိုင်ရှင်က ဖေဖေ့ဘက်သို့ လှည့်လိုက်ပြီး...

"ကိုင်း... ကိုစိုးအောင်၊ ခင်ဗျားရဲ့သားကို န... န... လက်ဆွဲနှုတ်ဆက်ပြီး ကြိုဆိုလိုက်ရအောင်..."

ဖေဖေက သူ့လက်ကို ကျွန်တော့်ဆီ တည့်တည့်ဆန့်ထုတ်လိုက်ရင်း...

"သားရေ တစ်ချက်တည်း နှုတ်ဆက်ရုံလေးတင်ပါကွာ၊ ပြီးရင် န... န... သားလည်း ဖေဖေတို့လိုပဲ အိုကေသွားမှာပါ"

■





# အခန်း (၂၀)

"ဖေဖေ... ဖေဖေလည်း... ဖြစ်... ဖြစ်သွားပြီ မဟုတ်လား"

ကျွန်တော် အလန့်တကြားအော်ဟစ်လိုက်သည်။

ဖေဖေက အေးစက်စွာပြုံးရင်း ခေါင်းညိတ်ပြ၏။ အစိမ်းရောင် ချွဲကျိကျိပူဖောင်းတစ်လုံးက ဖေဖေ့နားရွက်ထဲမှ စူထွက်လာသည်။

ကုမ္ပဏီအကြီးအကဲက အမိန့်ပေးလိုက်သည်။

"ခင်ဗျားသားကို လက်ဆွဲနှုတ်ဆက်လိုက်ပါ ကိုစိုးအောင်၊ လုပ်လေ လုပ်စမ်းပါ"

ကျွန်တော့်တစ်ကိုယ်လုံး ခြေကုန်လက်ပမ်းကျသွားသလို ခံစားရ၏။ ကိုယ့်မျက်စိ... ကိုယ့်နား... အို... အရာရာအားလုံးကို မယုံကြည်နိုင်အောင်ပါပဲလား။

ဖေဖေက ကျွန်တော့်ပခုံးကိုပုတ်ရင်း ပြုံးပြုံးကြီးလုပ်ကာ...

"မကြောက်ပါနဲ့ သားရယ်... န... န... မနာပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ… ငါ့အဖေ… ငါ့အဖေကိုယ်တိုင် မကောင်းဆိုးဝါးဖြစ်သွားပါရောလား။

ကျွန်တော် ငူငူငိုင်ငိုင်ကြီး ရပ်နေမိသည်။

အရာရာရှုံးနိမ့်သွားပြီ… ဟု သိလိုက်၏။

ဖေဖေ့လက်က ကျွန်တော့်ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

သူ့ညာဖက်လက်ကတော့ ကျွန်တော့်လက်ဆီဦးတည်ကာ တရွေ့ရွေ့ဆန့်တန်းလာ၏။

ကျွန်တော် မရုန်းဖယ်ချင်တော့ပါ။

ဖြစ်ချင်ရာ ဖြစ်ပစေတော့…

ဒါ… ငါ့အဖေ… ငါချစ်တဲ့ ဖေဖေကိုယ်တိုင်ပဲလေ…

မိစ္ဆာကောင်တွေကို အနိုင်ရခဲ့လျှင်ကော… ဖေဖေ့ကို ဘယ်လိုကျွန်တော်က သုတ်သင်ရမှာလဲ…

အားလုံးကို ဥပေက္ခာပြုလိုက်တော့မည်။

ပခုံးပေါ်ဆုပ်ထားသော ဖေဖေ့လက်က တင်းသထက် တင်းကျပ်လာ၏။ လက်ဆွဲနှုတ်ဆက်ရန် ကမ်းပေးလာသော ဖေဖေ၏ညာဖက်လက်က ကျွန်တော့်လက်ဖဝါးကို လာထိ၏။

အေးစက်နေသည်။

ထိုအေးစက်မှုက ကျွန်တော့်တစ်ကိုယ်လုံးကို တစိမ့်စိမ့် ပျံ့နှံ့သွားလေသည်။

■





# အခန်း (၂၁)

ကျွန်တော် မျက်လုံးအစုံကို မှိတ်မပစ်လိုက်ခင် နောက်ဆုံးအချိန်လေးတွင် ကုမ္ပဏီပိုင်ရှင်က သူထိုင်နေသည့် စားပွဲရှည်ကြီး၏နောက်မှ ထလာသည်ကို မြင်လိုက်ရ၏။

သူ့အပြုံးက ကျွန်တော့်ကို သူတို့ဘက်တော်သားတစ်ယောက် ဖြစ်လာတော့မည့်အတွက် ကျေနပ်အားရနေပုံမျိုး။

သူက ဖေဖေ့ဘေးတွင် ဝင်ရပ်လိုက်၏။

ကျွန်တော်က မျက်စိစုံမှိတ်ပြီး ကျွန်တော့်ညာဘက်လက်ကို ရှေ့သို့ကမ်းပေးလိုက်သည်။

အဲဒီမှာပင်…

ကျွန်တော့်ညာဘက်လက်က တစ်စုံတစ်ရာနှင့် တိုက်မိသွားသည်။ စားပွဲရှည်ကြီးပေါ်တင်ထားသော ရေပုလင်းကို တိုက်ချလိုက်မိခြင်း ဖြစ်၏။

"ခွမ်း…"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး..."

"အား..."

ရေပုလင်းက ကြမ်းပြင်ပေါ်ကျပြီး ခွမ်းခနဲ ကွဲသွားသံနှင့် အတူ ရေစက်တွေ စင်ထွက်လာသည်။

ဖေဖေနှင့် ကုမ္ပဏီပိုင်ရှင်တို့နှစ်ယောက်စလုံးက အလန့်တကြား အော်ဟစ်ရင်း ရေစက်ရေပေါက်များ သူတို့ကိုယ်ပေါ် မဖိတ်စင်အောင် နောက်သို့ ခုန်ဆုတ်ပြီး ရှောင်လိုက်ကြသည်။

ဖေဖေက ကျွန်တော့်ကိုလွှတ်ပြီး ကွဲနေသောရေပုလင်းကို မြွေဆိုး တစ်ကောင်ကို ကြည့်သလို ထိတ်လန့်ချောက်ချားစွာ ကြည့်နေလေသည်။

ကျွန်တော့်နှလုံးသားက ဒိန်းခနဲ ခုန်လာ၏။

နွေးထွေးသောသွေးတွေ တဝုန်းဝုန်း လှည့်ပတ်စီးဆင်းသွားသလို ခံစားလိုက်ရသည်။

ကျွန်တော် သတိပြန်ဝင်လာချေပြီ။ အရှုံးပေးချင်သော ပျော့ညံ့မှု တွေ လွင့်စဉ်ကွယ်ပျောက်သွားကြ၏။

ရေပုလင်းကွဲသွားရုံနဲ့ သူတို့နှစ်ယောက်စလုံး ဘာကြောင့် ဒီလောက် ကြောက်ရွံ့တုန်လှုပ်သွားကြတာလဲ။

ဟင့်အင်း... မစဉ်းစားနဲ့တော့...

ကျွန်တော့်မှာ စဉ်းစားနေဖို့ အချိန်မရှိတော့... ချာခနဲ လှည့်ပြီး ရုံးခန်းထဲမှ ပြေးထွက်ခဲ့တော့သည်။

ပြေး... ပြေး... လွတ်အောင်ပြေး...

မီးရထားစက်ခေါင်းတစ်ခု၏ အရှိန်အဟုန်ဖြင့် လမ်းမှာတွေ့ရသမျှ





အတားအဆီးမှန်သမျှကို ဝင်တိုက်ပြီး တဟုန်ထိုးပြေးခဲ့သည်။

"ဟော့... မပြေးနဲ့... သား... န... န... မပြေးနဲ့..."

"ကိုစိုးအောင် ခင်ဗျားသားကို... န... န... လုံးဝ မလွှတ်စေနဲ့..."

ခြေသံတွေ ကျွန်တော့်နောက်မှာ ကပ်လျက်ပါလာချေပြီ။

စာရေးဖြစ်ဟန်တူသူတစ်ယောက်က စားပွဲတစ်လုံးကို ကျွန်တော် ပြေးသည့်လမ်းပေါ် တွန်းထုတ်လိုက်သည်။

ကျွန်တော်က စားပွဲကို လွှားခနဲ ခုန်ကျော်လိုက်၏။ အခြားလူနှစ် ယောက်ကလည်း ဖမ်းဆီးဖို့ ပြေးလာကြသည်။ သူတို့ကို ပခုံးစောင်းဖြင့် ပစ်လိုက်ရာ ပုံလျက်သားလဲကျသွားကြ၏။

ပြေးထား... ပြေး... ရှေ့မှာ တံခါးပေါက်နဲ့ နီးလာပြီ။

ရုတ်ရုတ်သဲသဲ အသံများကြောင့် ဧည့်ကြိုကောင်တာမှ အမျိုးသမီး နှင့် လုံခြုံရေးနှစ်ယောက်တို့ကလည်း တံခါးဝကို ပိတ်ဆို့ဖို့ ကြိုးစားနေ ကြ၏။

"ဖမ်းထား... မလွှတ်စေနဲ့... သူတစ်ယောက်ပဲ ကျန်တော့တယ် န... န... ကိုစိုးအောင် ခင်ဗျားသားကို မိအောင်လိုက်..."

ကျွန်တော့်နောက်မှ ကုမ္ပဏီပိုင်ရှင်၏ အော်ဟစ်အမိန့်ပေးနေသံကို ကြားရသည်။ ကျွန်တော်ကိုယ်တိုင်လည်း သွေးရူးသွေးတမ်းဖြစ်နေ၏။

ဧည့်ကြိုကောင်တာဘေးတွင် ထောင်ထားသော ဂေါက်သီးရိုက်တုတ် များထည့်သည့် အိတ်ရှည်တစ်လုံးကို တွေ့လိုက်ရသည်။ ဂေါက်ရိုက်တုတ် တစ်ချောင်းကို ဆွဲထုတ်ပြီး မည်းမည်းမြင်ရာ အားကုန်ဇောချ ယမ်းပြီး ရိုက် ရိုက်နှက်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လူများ ကစဉ့်ကလျားဖြစ်ကုန်ကြသည်။ ရှောင်သူ ရှောင်… ပြေးသူ ပြေး… လဲသူ လဲဖြင့်…

နောက်ဆုံး လုံခြုံရေးအစောင့်၏ခေါင်းကို ရွယ်ကာ အားရပါးရ လွှဲရိုက်ထည့်လိုက်၏။ သူက ငုံ့ရှောင်သည်။ မထိ။ သူ့နောက်က မှန်တံခါးချပ်ကြီးကို ထိသည်။

"ခွမ်း…"

"အောင်မလေးဗျ…"

မှန်ကွဲစတွေ လွင့်စဉ်လာသဖြင့် လုံခြုံရေးအစောင့်က ခပ်ဝေးဝေးသို့ ခုန်ထွက်ရှောင်တိမ်းသွား၏။

ကျွန်တော်က တံခါးကိုဆောင့်တွန်းဖွင့်ပြီး ကားလမ်းမပေါ် ပြေးထွက်ခဲ့တော့သည်။

ကျွန်တော့်အနီးသို့ သီသီကလေးရောက်လာသော ကားဟွန်းသံများ၊ ကမန်းကတန်း ဘရိတ်အုပ်လိုက်ရသဖြင့် ကျွီခနဲ မြည်သွားသော တာယာဘီးပွတ်သံများ… ကားမောင်းသူတို့၏ အော်ဟစ်ဆဲဆိုသံများ…

ကျွန်တော် ဘာကိုမှ ဂရုမစိုက်နိုင်တော့ပါ။

ပြေးသည်… ကျွန်တော်ဆက်ပြေးသည်။

ထိုစဉ် ရှေ့နားမှာ ခရီးသည်တင်ဘတ်စ်ကားတစ်စီးရပ်ပြီး လူခေါ်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော် တဟုန်ထိုးပြေးသွားပြီး ကားပေါ်ခုန်တက်လိုက်၏။

ဘတ်စ်ကား မောင်းထွက်လိုက်တော့မှပင် ကျွန်တော် ဟင်းခနဲ သက်ပြင်းချနိုင်တော့သည်။





နောက်မှ ပြေးလိုက်လာသူများကား လမ်းပေါ်တွင်ရပ်လျက်သား ဝေး၍… ဝေး၍… ကျန်ရစ်ခဲ့ချေပြီတည်း။ နောက်ဆုံး… သူတို့ကို လုံးဝမမြင်ရတော့ချေ…။

လူတစ်ယောက်စာလွတ်နေသော ထိုင်ခုံကို တွေ့ရသောကြောင့် ကျွန်တော် မောမောဖြင့် ထိုင်ချလိုက်သည်။

ကားစပယ်ယာက ကားခတောင်းရန် ကျွန်တော့်အနီးသို့ လာရပ်၏။ သူက…

"တဆိတ်လောက် ကျေးဇူးပြုပြီး… န… န… န… ကားခလေး မစပါ"

●

ထိုင်နေရာမှ ဝုန်းခနဲခုန်ထလိုက်ပြီး အရှိန်ပြင်းပြင်း မောင်းနေသည့် ကားပေါ်မှ ကျွန်တော် ခုန်ချလိုက်တော့သည်။

ကံကောင်းသဖြင့် မကျိုးမပဲ့။ လမ်းပေါ် ခြေစုံရပ်မိသည်နှင့် တစ် ပြိုင်နက် အိမ်ဆီသို့ ကျွန်တော် ခြေကုန်သုတ်ပြီး ပြေးတော့သည်။

●

မိနစ်နှစ်ဆယ်ခန့် ဒုန်းစိုင်းပြေးခဲ့ပြီးနောက် ကျွန်တော်တို့အိမ်ရှိရာ လမ်းထဲသို့ ရောက်လာသည်။

ဘုရား… ဘုရား… ဒီအိပ်မက်ဆိုးကြီးထဲကနေ ဘယ်တော့မှ လွတ် မြောက်တော့မှာလဲ… မကောင်းဆိုးဝါးတွေ များသထက် များလာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲတွင် မေမေနှင့် ညီမလေးရှိသည်။

ကျွန်တော် သူတို့ကို အကာအကွယ်ပေးရမည်။

"ဖမ်းထား မလွှတ်စေနဲ့၊ သူတစ်ယောက်ပဲ ကျန်တော့တယ်"

ဟု အော်ပြောလိုက်သော ကုမ္ပဏီပိုင်ရှင်၏အသံကို ကျွန်တော် ကြားယောင်နေဆဲ ရှိသေးသည်။

ကျွန်တော်ကတော့ မေမေနှင့် ညီမလေးကို ဘယ်လောက်ကြာကြာ အကာအကွယ်ပေးနိုင်တော့မှာလဲ။

ကျွန်တော့်အိမ်သို့ မကောင်းဆိုးဝါးများက အချိန်မရွေး လိုက်လာတော့မည်ဖြစ်ကြောင်း ကျွန်တော်သိနေသည်။

ဒီအိမ်သည် လုံးဝ လုံခြုံမှု မရှိတော့။

မေမေနှင့် ညီမလေးကို ခေါင်းရင်းက ဦးပြည်စိုး၏အိမ်သို့ ပြောင်းနေခိုင်းရမည်။

ဦးပြည်စိုးကတော့ ကျွန်တော်တို့မိသားစုကို လုံခြုံအောင် ကာကွယ်ပေးနိုင်ပါမည်လား။ မသေချာ။ လုံးဝ မသေချာတော့ပါ။

ရင်ထဲတွင် ပူလောင်လာသည်။ သို့သော် ကျွန်တော့်အတွက် ဒီထက်ပိုကောင်းသော ရွေးချယ်စရာ မရှိတော့ပြီပဲ။

အိမ်ထဲသို့ ကမူးရှူးထိုးပြေးဝင်ရင်း အော်ခေါ်လိုက်သည်။

"မေမေ... မေမေ..."

အပေါ်ထပ်ဆီမှ...

"ဟဲ့... သား ဘာဖြစ်လာတာလဲ၊ မေမေ ညီမလေးရဲ့အခန်းထဲမှာ ရှိတယ်လေ..."





ကျွန်တော် ညီမလေး၏အခန်းရှိရာဆီသို့ ပြေးတက်သွားသည်။

မေမေက ညီမလေးကို ခုတင်ပေါ်မှ ပွေ့ထူပြီး စွပ်ပြုတ်တိုက်နေသည်။

ကျွန်တော်က...

"မေမေ ပစ္စည်းတွေ မြန်မြန်သိမ်း... ညီမလေးအတွက် ဆေးတွေ အားလုံးပါအောင်ယူ... မြန်မြန်လုပ်၊ ကျွန်တော်တို့ ဒီအိမ်မှာနေလို့ မဖြစ်တော့ဘူး၊ ခေါင်းရင်းအိမ်ကို ခဏပြောင်းနေမှ ဖြစ်မယ်"

"ဟဲ့... သား... ဘာ... ဖြစ်..."

"အို... ကျွန်တော့်ကို မေးမနေနဲ့တော့ မေမေ၊ အချိန်မရှိတော့ဘူး ယူစရာရှိတဲ့ ပစ္စည်းတွေသာ မြန်မြန်သိမ်းပြီး အဆင်သင့်လုပ်ထား၊ ကျွန်တော် အိမ်ရှေ့လမ်းမပေါ်မှာ အန္တရာယ်ရှင်း မရှင်း စောင့်ကြည့်ထားမယ်၊ စိတ်ချရပြီဆိုတာနဲ့ ချက်ချင်း ပြန်လာခေါ်မယ်"

ကျွန်တော်ပြောပြီးသည်နှင့် အောက်ထပ်သို့ တဒုန်းဒုန်း ပြေးဆင်းခဲ့သည်။

ဧည့်ခန်းကို အပြေးအလွှားဖြတ်သန်းပြီး အိမ်ရှေ့တံခါးမကြီးကို တွန်းဖွင့်လိုက်သည်။

နောက်... လမ်းမပေါ် လှမ်းကြည့်လိုက်၏။

ကျွန်တော်... နောက်ကျသွားခဲ့ချေပြီ။

●



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့သို့ ကားတွေ တစ်စီးပြီး တစ်စီး ထိုးဆိုက်လာကြသည်။ ဆလွန်းကားများ... တက္ကစီများ... ဂျစ်ကားများ... ခရီးသည်တင်ဘတ်စ်ကားများ...

စုစုပေါင်း ကားဆယ့်နှစ်စီးခန့်ရှိသည်။ ဆိုင်ကယ်နှင့် လူတွေလည်း တပွဲပွဲရောက်လာကြ၏။

ကားပေါ်မှ လူများက ကားများကိုပင် စက်မသတ်ရသေးခင် ပြေးဆင်းလာကြသည်။ ရှေ့ဆုံးမှ ဆင်းလာသူက ဖေဖေ...။

နောက်ပြီး... သူ့ကုမ္ပဏီပိုင်ရှင်၊ ဝန်ထမ်းများ... နောက်ကားတစ်စီးဖြင့် ပါလာသူတွေက ကျွန်တော့်သူငယ်ချင်းများအားလုံး... နောက်... ဇာတ်ခုံအသင်းမှ နည်းပြများ... ကစားဖော်များ...။

တစ်ခဏအတွင်းမှာပင် အိမ်ရှေ့မြေကွက်လပ်ထဲ၌ လူတွေ ပြည့်သိပ်သွားတော့၏။

ကျွန်တော်ကတော့ သူတို့အားလုံးကို ခံစားမှုမဲ့သော ကျောက်ရုပ်တစ်ရုပ်လို ငေးကြည့်နေမိဆဲ...။

ဖေဖေက စပြီး လှမ်းပြောသည်။

"တို့အားလုံးက မင်းကို လက်ဆွဲနှုတ်ဆက်ချင်လို့ လိုက်လာကြတာပဲ... သား..."

ဒီလူစုကို ဖြတ်သန်းပြီး ဟိုဘက်ခေါင်းရင်းအိမ်ကို သွားဖို့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်မှန်း ကျွန်တော်သိလိုက်သည်။





ငါ... ငါ... အရှုံးပေးရတော့မှာလား...

ငါ့ကို ကယ်မယ့်လူ... ဘယ်သူမှ မရှိတော့ဘူးလား...

လူစုလူဝေးကြီးကို ကြည့်ရင်း ကျွန်တော် ရင်နာစွာ တွေးလိုက်မိ၏။

ဦးပြည့်စိုးကော... သူကော... ငါ့ကို မကယ်နိုင်တော့ဘူးလား...

ဒီအချိန်မှာ ဦးပြည့်စိုး ဘာလုပ်နေပါလိမ့်... ဟူသော မေးခွန်းတစ်ခုတည်းကိုသာ ကျွန်တော် ထပ်တလဲလဲ သိချင်နေမိတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၂)

ဦးပြည့်စိုးသာ သူ့အိမ်ထဲမှာ ရှိနေလျှင်တော့ ဒီဘက်ခြံက လူစုလူဝေးကြီးကို သူမမြင်ဘဲနေမည် မဟုတ်ချေ။

သူ... အိမ်မှာ မရှိလို့လား...

ဒါမှမဟုတ်... သူ ဘာကို စောင့်ဆိုင်းနေတာလဲ...

ထိုစဉ်မှာပင် ဗြုန်းခနဲ စိတ်ကူးတစ်ခု လင်းလက်သွား၏။ ဖေဖေနှင့် ကုမ္ပဏီပိုင်ရှင်တို့၏ နောက်ဘက်နားတွင် ရပ်နေသော ဝေဠုနှင့် အောင်ကျော်မိုးတို့ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ဝေဠုနှင့် အောင်ကျော်မိုး...

ရေကူးကန်မှာတုန်းက ရေထဲဆင်းဖို့ ငြင်းဆန်ခဲ့ကြပုံကို ကျွန်တော် သတိရလိုက်သည်။

ဖေဖေနှင့် သူ့ကုမ္ပဏီပိုင်ရှင်တို့သည်လည်း ရေပုလင်းကွဲတဲ့စဉ်တုန်းက ရေစင်မှာစိုးသဖြင့် အလန့်တကြားဖြစ်သွားခဲ့ကြသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ရေကို… သူတို့ ကြောက်လန့်ကြတယ်…

ထိုအသိကြောင့် ကျွန်တော့်တစ်ကိုယ်လုံး သွေးတွေရှိန်းခနဲ ပူနွေးသွားသည်။

သူတို့ကို ကျွန်တော် သုတ်သင်နိုင်တော့မည်။

တံခါးကို ဗြုန်းခနဲ ပြန်ပိတ်ပြီး အတွင်းဘက်မှ ကလန့်ထိုးလိုက်၏။ သော့ခတ်နေ၍ အကြောင်းမထူးတော့။ ဖေဖေ့ထံမှာ သော့ရှိနေသည် မဟုတ်ပါလား။

မကောင်းဆိုးဝါးတွေက တံခါးကို တဒုန်းဒုန်းထုရိုက်နေစဉ် ကျွန်တော်က စတိုခန်းထဲမှ ပန်းပင်ရေလောင်းသော ပိုက်လုံးရှည်ကို အခွေလိုက် ထုတ်ယူလိုက်သည်။

ထို့နောက် ရေချိုးခန်းထဲရှိ မော်တာရေစုပ်စက် ပိုက်လိုင်းအဆက်နေရာမှ ဖြုတ်ပြီး ကျွန်တော့်လက်ထဲမှ ရေပိုက်နှင့် ဆက်လိုက်၏။

ရေထိန်းဘားခလုတ်ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ရေတွေက ဆေါခနဲတိုးဝင်လာသည်။

ကျွန်တော်က ရေပိုက်ခေါင်းကို တင်းတင်းဆုပ်ကိုင်ရင်း အိမ်ရှေ့ဆီသို့ ပြန်ပြေးထွက်ခဲ့သည်။ ပိုက်ပျော့ဖြစ်သောကြောင့် ကျွန်တော့်လက်ထဲတွင် မီးသတ်ပိုက်အသေးတစ်ချောင်းလို အခွေပြေလျော့ကာ ပါလာသည်။

"ဒုန်း… ဒုန်း… ကျွီ…"

အိမ်ရှေ့တံခါးကတော့ လူတွေဝိုင်းပြီး ထုရိုက်တွန်းတိုက်နေကြသောကြောင့် ပတ္တာပြုတ်ထွက်ခါနီးဆဲဆဲ ဖြစ်နေ၏။





"ဖွင့်… ဖွင့်ကြဟေ့… ရတော့မယ်…"

"ဒုန်း… ဒုန်း… ကျွီ… ကျွီ…"

"ဝုန်း…"

နောက်ဆုံးတွင် တံခါးတစ်ခြမ်း၏ပတ္တာများ ပြုတ်ထွက်ကာ ဝုန်းခနဲ လူတွေ အထဲကို ကျွံဝင်လာကြ၏။

ကျွန်တော်က သူတို့နှင့် မျက်နှာချင်းဆိုင်ရပ်လျက်သား…။

ကျွန်တော့်လက်နှစ်ဖက်က ရေပိုက်ကို မီးသတ်ပိုက်ကိုင်သလို တင်းတင်းဆုပ်ကိုင်ပြီး သူတို့ဆီသို့ တည့်တည့်ချိန်ရွယ်ထားသည်။

ရှေ့ဆုံးမှ ဝင်လာသော ဖေဖေက ကျွန်တော့်လက်ထဲမှ ရေပိုက်ကို မြင်သောအခါ တုံ့ခနဲ ရပ်သွား၏။

ကျွန်တော်က နောက်ဆုံးနှုတ်ဆက်စကား ပြောလိုက်သည်။

"ခွင့်လွှတ်ပါ ဖေဖေ… ဒီနည်းပဲ ရွေးစရာရှိတော့လို့ပါ"

ထို့နောက်…

လက်ထဲမှ ရေပိုက်ခေါင်း၏ခလုတ်ကို အရှိန်အပြင်းဆုံးအမှတ်အထိ ဖွင့်ချပစ်လိုက်တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၃)

“ဝေါ… ဗွမ်း… ဗွမ်း… ဗွမ်း…”

“ဟာ… အား… ရေတွေ… ရေတွေ…”

“ဖယ်… ဖယ်… ရေတွေစိုကုန်မယ်…”

ဝေါခနဲမြည်သံနှင့်အတူ ရေတွေက ပိုက်လုံးဝမှ တွန်းကန်ထွက်သွားပြီး အိမ်ထဲဝင်လာသူအားလုံးကို စိုရွှဲသွားစေ၏။

သူတို့ ဖရိုဖရဲဖြစ်ကာ ကမန်းကတန်း နောက်သို့ ဆုတ်သွားကြသည်။ နောက်… သူတို့ စိုရွှဲနေသောအဝတ်အစားများပေါ်မှ ရေစက်တွေကို လက်ဖြင့် ပွတ်သပ်ခါကြ၏။

ဖေဖေက သူ့မျက်နှာပေါ်မှ ရေများကို လက်ဖမိုးဖြင့်သုတ်ရင်း…

“သားရာ… မင်း တော်တော်ဆိုးတဲ့ကောင်ပဲ၊ ဒီမှာ အားလုံး စိုရွှဲကုန်ပြီကွ၊ ကြမ်းပေါ်မှာလည်း ရေတွေ အိုင်ထွန်းသွားပြီ”

စိတ်တိုသံဖြင့် ဘုဆတ်ဆတ်ပြောသည်။

ဒါပဲ… ဒါလောက်ပါပဲ…



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘာမှ ဖြစ်မသွားကြပါ...

ကျွန်တော် အံ့သြတုန်လှုပ်စွာဖြင့်...

"ခင်ဗျားတို့ ဘာမှမဖြစ်ကြဘူးလား၊ ဘာမှ... ဘာမှ... မဖြစ်..."

အားလုံးက ကျွန်တော့်အမူအရာကို စိတ်ဝင်တစား စိုက်ကြည့်နေကြသည်။ ပြီးမှ ကျွန်တော့်ရည်ရွယ်ချက်ကို ရိပ်မိသွားကြပြီး တဟားဟားအော်ရယ်ကြ၏။ အူလှိုက်သည်းလှိုက် ရယ်မောကြ၏။

"ဟား... ဟား... လက်စသတ်တော့ ဒီကောင်က ရေနဲ့ ပက်လိုက်ရင် ငါတို့ကို သေအောင်သတ်နိုင်မယ်လို့ ထင်နေတာကိုး"

"ဟား... ဟား... ဟား..."

"ဟေ့ကောင်... စမ်းကြည့်ချင်သေးရင် ထပ်ပက်ဦးလေကွာ၊ ပက်ပါဦးကွ"

တဟားဟားလှောင်ရယ်ရင်း ထပ်ပြီးစိန်ခေါ်နေသူက အောင်ကျော်မိုးနှင့် ဝေဠုတို့ဖြစ်ကြ၏။ ကျွန်တော်က ကိုယ့်မျက်စိကိုယ် မယုံနိုင်စွာဖြင့်...

"မင်း... မင်းတို့ ရေကူးကန်မှာတုန်းကတော့ ရေထဲ မဆင်းရဲကြဘူးလေ... ဟုတ်တယ်မဟုတ်လား..."

အောင်ကျော်မိုးက သဘောကျစွာဖြင့် ထပ်မံရယ်မောလိုက်ရင်း...

"အဲဒီတုန်းက ငါ တကယ်နေမကောင်းချင်သလို ဖြစ်နေတာကွ၊ ဟား... ဟား... တိုက်ဆိုင်သွားတာပါကွာ၊ မင်းက ဘာမဟုတ်တာကို အရေးကြီးခွင်ကျယ်လုပ်ပြီး မှတ်ထားတာကိုး... ဟား... ဟား..."

မကောင်းဆိုးဝါးတွေအားလုံးက သဘောကျစွာဖြင့် ထပ်မံရယ်မောလိုက်ကြပြန်ရာ ရယ်သံတွေ ပဲ့တင်ထပ်သွားတော့သည်။

ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားသည်။

လက်ထဲမှ ရေပိုက်ကို လွှတ်ချလိုက်၏။ ဝမ်းနည်းလွန်းသောကြောင့် ကျွန်တော့်မျက်လုံးအိမ်ထဲမှ မျက်ရည်တွေ စီးကျလာတော့သည်။

"ငါ့သားကို သနားလိုက်တာကွယ်"

မေမေ့စကားသံကြောင့် ကျွန်တော် ခေါင်းတစ်ချက်ငဲ့ကြည့်လိုက်၏။ မေမေက ကျွန်တော့်ဦးခေါင်းကို အသာအယာပွတ်ပေးပြီးနောက် နဖူးကို ကြင်ကြင်နာနာနမ်းသည်။

ထို့နောက် မေမေက အိမ်အပြင်သို့ လှမ်းထွက်သွား၏။ ခြံထဲမှ လူအုပ်စုကို သူမက ပြုံးပြသည်။ နောက် ဖေဖေ့ဘေးတွင် ဝင်ပြီး ရပ်နေလိုက်တော့၏။ ဖေဖေက မေမေ့ပခုံးကို အသာအယာသိုင်းဖက်ထားသည်။

ကျွန်တော် ဘာကိုမှ ထပ်ပြီး မအံ့သြတော့ပါ။

အရာရာကို ကျွန်တော် စွန့်လွှတ်လိုက်ပါပြီ။

... ... ...

"ကိုင်း... ရယ်မောနေတာတွေ တော်လောက်ပြီဟေ့"

အောင်မြင်ထည်ဝါသော အမိန့်ပေးသံတစ်သံကြောင့် လူအုပ်ကြီး ငြိမ်ကျသွားသည်။ ထိုအသံပိုင်ရှင်က ရှေ့သို့တိုးထွက်လာရင်း ပြောလိုက်၏။

"ကဲ... အခု လက်ဆွဲနှုတ်ဆက်ဖို့ အချိန်ကျပြီ"

အမိန့်ပေးနေသူက... ဦးပြည်စိုး...

*







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဦးပြည်စိုး၏မျက်လုံးများထဲသို့ တည့်တည့်စိုက်ကြည့်လိုက်သည်။ သို့သော်...

"ခင်ဗျား... ခင်ဗျားကော... သူတို့လို ဖြစ် ဖြစ်သွားပြီလား"

ဦးပြည်စိုးက ပြန်မဖြေ။

သူက အေးစက်စွာပြုံးလိုက်သည်။

သူ့အပြုံးကိုကြည့်ရင်း ကြည့်ရင်းမှာပင် အဖြေကို ကျွန်တော် ဘွားခနဲ သိမြင်လိုက်တော့သည်။

ကျွန်တော်က ဒေါသတကြီးအော်ဟစ်လိုက်၏။

"ခင်ဗျား... ခင်ဗျားလုပ်တာ... ဒီကိစ္စကြီးတစ်ခုလုံးကို ခင်ဗျားဖန်တီးတာ မဟုတ်လား၊ ပြောစမ်း... ပြောစမ်းပါ... တောက်... ယုတ်မာလိုက်တာဗျာ"

ဦးပြည်စိုးက ခံစားချက်ကင်းမဲ့သောလေသံဖြင့်...

"ဟုတ်တယ် ငါဖန်တီးတာပဲ၊ ဒါပေမဲ့ ယုတ်မာတာတော့ မဟုတ်ဘူး၊ အဓိပ္ပာယ်မရှိတဲ့ လူ့ကိုယ်ခန္ဓာထဲကို အဓိပ္ပာယ်တစ်ခုခု ထည့်ပေးလိုက်တာပါ၊ ပိုပြီးတော့ တိတိကျကျပြောရရင် လူသားအားလုံးရဲ့အတွင်းစိတ်ထဲက ပုန်းလျှိုးကွယ်လျှိုး တောင့်တနေတဲ့ရမ္မက်ကို ဖြည့်ဆည်းပေးလိုက်တာပါကွာ"

"ဘာပြောတယ်..."





"ဟုတ်တယ် နေသွေး... လူတိုင်းဟာ သူတို့ဘာသာ သူတို့ မသိဘဲနဲ့ ပင်ကိုယ်အတွင်းမနောထဲမှာ တိရစ္ဆာန်ဆန်တဲ့ အရိုင်းစိတ်ကို မွေးထားကြတယ်၊ လွတ်လပ်ချင်တယ်... ရက်စက်ချင်တယ်... လှည့်ဖြားချင်တယ်၊ ကိုယ့်အသက်ရှင်သန်ဖို့အတွက် သူတစ်ပါးကို အနိုင်ယူချင်တယ်၊

**ဒီဆန္ဒတွေဟာ ထုတ်ပြောလို့ မကောင်းပေမယ့် ရှုံ့စရာကိစ္စတွေတော့ မဟုတ်ဘူး၊ အဲဒါတွေဟာ အဓိပ္ပာယ်တွေပဲ၊ အဲဒါတွေမရှိရင် ဘဝဆိုတာ သစ်တုံးကြီး ဖြစ်နေမှာပေါ့၊** ကဲ... လာပါ နေသွေး၊ ငါနဲ့ လက်ဆွဲနှုတ်ဆက်လိုက်စမ်းပါ... မင်းဘဝဟာ ပိုပြီးတော့ အဓိပ္ပာယ်ပြည့်**စုံသွားပါ**လိမ့်မယ်"

သူက ပြောရင်း ရှေ့သို့ တိုးသထက် တိုးလာသည်။ **လက်တစ်**ကမ်းအကွာသို့ပင် ရောက်လာပြီ။ အားလုံးက ကျွန်တော်တို့နှစ်**ယောက်ကို**စောင့်ကြည့်နေကြ၏။

"မကြောက်ပါနဲ့ နေသွေး... ဒါဟာ ငါလုပ်နေကျ ရုပ်ရှင်**အထူး**ပြုလုပ်ချက်တစ်ခုလိုပါပဲ၊ ရုပ်ရှင်ဇာတ်ကောင်တစ်ယောက်ကို မိတ်ကပ်**တွေ** Special Effect တွေနဲ့ အသွင်သဏ္ဍာန်ပြောင်းပေးလိုက်တော့ **ဇာတ်ကောင်**စရိုက် ပိုပြီး ပီပြင်လာစေတာပေါ့ကွာ၊ တကယ်တော့ လောက**ဆိုတာ**လည်း ရုပ်ရှင်ရိုက်ကွင်းလို ဆက်တင်ကြီးတစ်ခုပါပဲ၊ အားလုံးကို **ငါက** လူ့ဇာတ်ကောင်စရိုက် ပိုပီပြင်အောင် လုပ်ပေးချင်လို့ပါပဲ၊ ကဲ... လာ..."

သူက လက်ကမ်းပေးတော့မည့်ဆဲဆဲမှာပင် ကျွန်တော်က **အော်ဟစ်**တားဆီးလိုက်သည်။

"နေဦး..."



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်မှောင်ကုပ်ကြည့်ရင်း...

"ဘာလုပ်ဦးမလို့လဲ၊ မင်းအတွက် ရွေးစရာလမ်း မရှိတော့ပါဘူး"

"ကျွန်တော် နားလည်တယ်၊ ဒါပေမဲ့ ငါးမိနစ်လောက် အချိန်ပေးပါ၊ ကျွန်တော့်ညီမလေးကို နောက်ဆုံးအနေနဲ့ သွားနှုတ်ဆက်ချင်လို့..."

သူ သက်ပြင်းတစ်ချက်ချသည်။

ထို့နောက် ခေါင်းညိတ်ပြ၏။

*

အပေါ်ထပ်သို့တက်သော လှေကားအတိုင်း ကျွန်တော် တစ်လှမ်းချင်း လေးတွဲ့စွာ တက်လာမိသည်။

ညီမလေးကို နှုတ်ဆက်ဖို့...

**အစတုန်းကတော့ သူမက ကိုယ့်ကို စတင်နှုတ်ဆက် ခွဲခွာသွားတော့မည်ဟု ထင်ထားခဲ့သည်။ အခုကျတော့ အခြေအနေက ချက်ချင်းပင် ပြောင်းပြန်ဖြစ်သွားခဲ့လေပြီ။**

ကိုယ်က အရင်နှုတ်ဆက်ခွဲခွာရမည့်သူ ဖြစ်နေပြီပဲ...

ကျွန်တော်က ညီမလေး၏အခန်းထဲသို့ ဝင်လိုက်သည်။ သူမက တုန်လှုပ်ခြင်းကင်းစွာဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေ၏။

ကျွန်တော်က ခုတင်ဘေးတွင် ဝင်ထိုင်လိုက်ပြီး...

"ညီမလေး... ညီမလေးကော... သူတို့လို..."

ကျွန်တော့်စကားမဆုံးခင် သူမက ခေါင်းခါပြသည်။

"ဟင့်အင်း... ညီမလေးက သေရတော့မယ့်သူဆိုတာ သူတို့ သိထား





ပြီးသားပဲ၊ ညီမလေးရဲ့ခန္ဓာကိုယ်ကို သူတို့ မလိုချင်ကြပါဘူး၊ ဒါပေမဲ့ ဟောဒီခန္ဓာကိုယ်ကြီးကို ညီမလေးကိုယ်တိုင်လည်း မတွယ်တာပါဘူး... ကိုကြီးရယ်၊ ညီမလေး ဟိုးအစောကြီးကတည်းက သေဖို့ အသင့်ဖြစ်နေပါပြီ"

ကျွန်တော် ညီမလေး၏နဖူးကို ကြင်နာစွာငုံ့ပြီး နမ်းလိုက်၏။ ကျွန်တော့်မျက်ဝန်းထဲက မျက်ရည်တစ်စက်က သူမ၏နဖူးပေါ်သို့ ပေါက်ခနဲ ကြွေကျသွားသည်။

"ကိုကြီးက ဘာဖြစ်လို့ ငိုနေတာလဲ"

ညီမလေး၏အမေးကို ကျွန်တော် မဖြေတတ်။ စကားပြောမိလျှင် ငိုရှိုက်သံပါမည်စိုးသောကြောင့် ကိုယ့်နှုတ်ခမ်းကိုယ် တင်းတင်း ဖိကိုက်ထားလိုက်၏။ မျက်ရည်တွေကတော့ ပါးပြင်ပေါ် စီးကျလာသည်။

"မငိုပါနဲ့ ကိုကြီးရယ်... ကိုကြီးက ဒီခန္ဓာကိုယ်ကြီးကို သူများကို ပေးလိုက်ရမှာ နှမြောနေလို့လား၊ အလကားအခွံကြီးပါ... ကိုယ်မပိုင်တဲ့ အခွံကြီးကို ဘာလို့နှမြောနေရမှာလဲ၊ ထားလိုက်ပါ... သေတယ်ဆိုတာ ပုံစံ အသစ်တစ်မျိုး ပြောင်းသွားတာပါပဲ၊

မသေဘဲနဲ့လည်း ကိုယ်ခန္ဓာထဲက အတွင်းသားတွေက အချိန်တိုင်း ပြောင်းနေကြတယ် မဟုတ်လား။ **ဒီခန္ဓာကိုယ်ကြီးထဲမှာ ဝင်နေတာဟာ အမြဲတမ်း ကိုယ်ကိုယ်တိုင်ချည်းပဲ မဟုတ်ပါဘူး ကိုကြီးရယ်၊ တကယ်တော့ သေတာနဲ့ နေတာဟာ အတူတူပါပဲ"**

သူမက စကားကို အဆုံးသတ်ပြီး ကျွန်တော့်ကို အကြာကြီးစိုက် ကြည့်နေသည်။

အခုတော့... ဘယ်သူက သေတာလဲ... ဘယ်သူက ရှင်တာလဲ...



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်ကို ကျွန်တော် မခွဲခြားတတ်တော့ပြီ။

ကျွန်တော် မျက်ရည်တွေကိုသုတ်ပြီး သူမကို နှုတ်ဆက်လိုက်၏။

"ကိုကြီးသွားတော့မယ် ညီမလေး..."

"ဂွတ်ဘိုင်..."

*

ကျွန်တော် တည်ငြိမ်စွာဖြင့် ပြန်ဆင်းလာခဲ့ပြီး သူတို့အားလုံး၏ ရှေ့တွင် ရပ်လိုက်သည်။

ထို့နောက် ကျွန်တော်ကပင် အရင်ဦးစွာ လက်ကမ်းပေးလိုက်၏။

ဦးပြည်စိုးက သူ့ညာဘက်လက်ဖြင့် လှမ်းဆုပ်ကိုင်ရင်း...

"အခုလို အမြင်မှန်ရသွားတာ ဝမ်းသာတယ်ကွာ၊ ကွန်ဂရက်ကျူလေးရှင်း... နေသွေး၊ ဪ... ဒါနဲ့ ပြောရဦးမယ်၊ ငါတို့ဟာ မင်းထင်သလို မကောင်းဆိုးဝါးတွေ မဟုတ်ပါဘူး၊ ငါတို့ဟာ မင်းထက်တောင်မှ ပိုပြီး လူပီသတဲ့ လူတွေပါကွာ..."

ထိုသို့ပြောပြီး သူက လက်ဆွဲနှုတ်ဆက်လိုက်သည်။

●





ခဏကလေးပင် ကြာသည်။

ဘာဝေဒနာမှ မခံစားလိုက်ရ။

ကျွန်တော့်ခန္ဓာကိုယ်ထဲသို့ ကောက်ကျစ်တတ်သော ကျားသစ်တစ်ကောင် ဝင်ရောက်သွားပြီမှန်း သိလိုက်ရသည်။

ဦးပြည်စိုးပြောသည်မှာ မှန်သည်။

ယခုမှပင်...

ကျွန်တော်သည် လူပီသသွားလေပြီ။

■



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒီကိစ္စများအားလုံးသည် အမှန်တကယ်မဟုတ်ခဲ့ပါ။

စိတ်ကူးယဉ်မှုများ၊ ထင်ယောင်ထင်မှား ဖြစ်မှုများနှင့် သွေးလေချောက်ချားသောအိပ်မက်များသက်သက်မျှသာလျှင် ဖြစ်ပေလိမ့်မည်။

သင့်အထင် မှန်ပါသည်။

ကျွန်တော်သည်ပင် ရူးသွပ်သွားသူတစ်ယောက်လည်း ဖြစ်နေနိုင်ပါသည်။

■





## အခန်း (၂၄)

ကမ္ဘာပေါ်တွင် လူသန်းပေါင်းများစွာ နေ့စဉ်နှင့်အမျှ လက်ဆွဲနှုတ်ဆက်နေကြသည်။ မကောင်းဆိုးဝါးဆန်သော 'လူပီသမှု'သည် ရောဂါဘယလို လူအားလုံးကို ကူးစက်ပြန့်ပွားနေလေသည်။

သင်ကော အခြားသူတွေနှင့် လက်ဆွဲနှုတ်ဆက်ခဲ့ဖူးပါသလား...

ယခုအချိန်လောက်ဆိုလျှင်...

သင့်ကိုယ်ခန္ဓာအတွင်းမှာလည်း မကောင်းဆိုးဝါးဆန်သော လူပီသသည့် စိတ်ဓာတ်တစ်စုံတစ်ရာ ရှိနေလောက်ပြီ ထင်သည်။ အို... မဟုတ်သေးဘူးလား...။

●

www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာကို ဘယ်သူ လက်ဆွဲနှုတ်ဆက်ခဲ့ဖူးပါသလဲ...

ကိုလံဘတ်စ်ကို ဘယ်သူ လက်ဆွဲနှုတ်ဆက်ခဲ့ဖူးပါသလဲ...

ကနေဒီကို သေနတ်နဲ့ ပစ်သတ်လုပ်ကြံခဲ့တဲ့ လီဟေးအော့စဝေါကို လက်ဆွဲနှုတ်ဆက်ခဲ့သူဟာ ကနေဒီကိုကော လက်ဆွဲနှုတ်ဆက်ခဲ့ဖူးပါသလား...

ယုဒကို လက်ဆွဲနှုတ်ဆက်ခဲ့သူနဲ့ မာမက်အလီအဂ်ကာကို လက်ဆွဲနှုတ်ဆက်ခဲ့သူ... ဘာကွာသလဲ။ အစ္စရေးဝန်ကြီးချုပ်နဲ့ ပါလက်စတိုင်းခေါင်းဆောင် လက်ဆွဲနှုတ်ဆက်နေချိန်မှာ လမ်းပေါ် အတုံးအရုံးသေနေကြတဲ့ ဂျူးကလေးငယ်တွေနဲ့ ပါလက်စတိုင်း စစ်ပြေးဒုက္ခသည်တွေကိုကော ဘယ်သူက လက်ဆွဲနှုတ်ဆက်သွားခဲ့သလဲ...

မကောင်းဆိုးဝါးအချင်းချင်း လက်ဆွဲနှုတ်ဆက်လိုက်ကြသောအခါ မဟာမိတ်များ ဖြစ်သွားကြပါသည်။

●





သင့်အတွက် ယခုလိုအပ်နေသည်မှာ မကောင်းဆိုးဝါးတစ်ကောင်ကောင်နှင့် လက်ဆွဲနှုတ်ဆက်လိုက်ဖို့ပင် ဖြစ်သည်။ သင့်အနီးအနားမှာ...

ဝံပုလွေနှင့်တူသည့် လူ...၊

မြွေနှင့်တူသည့် လူ...၊

ပင့်ကူနှင့် တူသည့် လူ...၊

ကင်းမြီးကောက်နှင့်တူသည့် လူ...၊

များစွာကို အချိန်မရွေး တွေ့နိုင်ပါသည်။

ကျွန်တော်ကတော့ ကောက်ကျစ်သော ကျားသစ်တစ်ကောင်သာ ဖြစ်သည်။

ကျွန်တော့်ထံသို့ လာမည်ဆိုလျှင်လည်း သင့်ကို လက်ဆွဲနှုတ်ဆက်ဖို့ရန် စောင့်ကြိုနေပါမည်။

**မင်းခိုက်စိုးစန်**

www.burmeseclassic.com